

# ထက်မြက်

ဂျော့ဒဗလျူဘုရှ်၏
ကမ္ဘာကိုပြောင်းလဲစေသော
အဆုံးအဖြတ်များ

# ထက်မြက်

# ဂျော့ဒဗလျူဘုရှ်၏ ကမ္ဘာကို ပြောင်းလဲစေသော အဆုံးအဖြတ်များ

# DECISION POINTS BY GEORGE W.BUSH

စာမျက်နှာများတွင် ကျွန်တော် ရင်ဆိုင်ခဲ့ရသော ပြဿနာများကို အမှန်ကန်ဆုံးဖြစ်အောင် ကျွန်တော် ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များတွင် အမှန်များပါသလို၊ အမှားများလည်း ပါနေနိုင်ပါသည်။

ကျွန်တော်၏ သမ္မတသက်တမ်း နောက်ဆုံးနှစ်တွင် ကျွန်တော့်ဘဝ အမှတ်တရအကြောင်းရေးရန် ကျွန်တော့်စိတ်ထဲ ပြင်းပြင်းပြပြ စ ဖြစ်လာခဲ့သည်။ ကားလ်ရိုဗ့်၏ ထောက်ခံချက်အရ တစ်ဒါဇင်ကျော်ရှိသော ထင်ရှားသည့် သမိုင်းဆရာများနှင့် တွေ့ဆုံခဲ့သည်။ လူပုဂ္ဂိုလ်တစ်ယောက် အနေဖြင့်ပင် ထိုသို့ ရေးသင့်ပါသည်ဟု သူတို့က ပြောသည်။ သမ္မတတစ်ယောက်အနေဖြင့် ထိုသို့ ရေးရန်မှာ ပိုအရေးကြီးပါသည်။ ကျွန်တော့်ဘာသာ ကျွန်တော့် အရေးအသားဖြင့်ပင် ရေးသင့်ပါသည်ဟု သူတို့က အကြံပြုကြလေသည်။

"အပိုလို-၁၃ ရုပ်ရှင်ကားကို သမ္မတကြီး ကြည့်ဖူးပါသလား။ အဲဒီ ကားထဲမှာပါတဲ့ အာကာသ ယာဉ်မှူးတိုင်းဟာ နောက်ဆုံးတော့ သူတို့နေစရာအိမ်ကို သိရှိသွားတဲ့အကြောင်း ရိုက်ကူးထားတာပါပဲ။ ဒါပေမဲ့ သမ္မတကြီး အနေနဲ့တော့ သမ္မတကြီးရဲ့ ကုလားထိုင်ကနေ ဘယ်လိုများလုပ်သလဲဆိုတာကို သူတို့က သိချင်နေမှာပါ" ဟု သမိုင်းဆရာ ဂျေးဝီနစ်ခ်က ပြောပါသည်။

ကျွန်တော် တွေ့ဆုံခဲ့သော သမိုင်းဆရာအားလုံးက သမ္မတ ယူလီစီ အက်စ် ဂရန့်ရဲ့ "ဘဝမှတ်တမ်း" ကို ဖတ်သင့်သည်ဟု ကျွန်တော့်ကို အကြံပြုကြသည်။ သူရေးသည့် သူ့ဘဝမှတ်တမ်းကို ကျွန်တော်လည်း ရေးသင့်သည်ဟု ဆိုသည်။ ထိုစာအုပ်သည် သမ္မတဂရန့်၏ ထင်ရှားသော အသံကို

အမိဖမ်းပြနိုင်သော စာအုပ်လည်း ဖြစ်သည်။ ပြည်တွင်းစစ်ပွဲကာလက သူ၏ အတွေ့အကြုံကို ပြန်လည် အမှတ်ရစေသော စာအုပ်ဖြစ်သလို၊ သူ့ဘဝဖြစ်ရပ်များကို ရေးသားထားခြင်း ဖြစ်သည်။ သူ ဘယ်လိုခံစား၍ ဘယ်လိုရေးသည်ကိုလည်း ကျွန်တော် မြင်တွေ့နိုင်ပါသည်။ ဂရန့်လိုပင် ကျွန်တော့်ဘဝတွင် အလွန်ပင်ပန်း ဒုက္ခရောက်သော အကြောင်းများကို မရေးရန် သို့မဟုတ် သမ္မတအကြောင်းကိုပင် မရေးရန် ကျွန်တော်က စဉ်းစားခဲ့သည်။ ထိုအကြောင်းများအစား အိမ်ဖြူတော်တွင် ကျွန်တော် နေထိုင်ခဲ့ရသည့် အကြောင်းများကိုသာ ပြန်လည်ရေးသင့်သည်။ အိမ်ဖြူတော် သက်တမ်းတစ်လျှောက် အရေးကြီးသော အစိတ်အပိုင်းများကိုသာ ကျွန်တော့်အလုပ်အဖြစ် ရေးသားသင့်သည်။ သမ္မတ ကာလ ဆုံးဖြတ်ချက်များ ချသည့်အကြောင်းများကိုသာ ရေးသားသင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ထိုသို့ စဉ်းစားခဲ့သည့်အတိုင်း အကြောင်းအရာအလိုက် ရေးသားခဲ့ပါသည်။ ကျွန်တော် နေ့စဉ်ကြုံတွေ့ခဲ့သည့် အကြောင်းတိုင်း မရေးခဲ့ပါ။ အရေးကြီးသော ဖြစ်ရပ်များကို မဖုံးကွယ်ခဲ့ပါ။ ကျွန်တော့် စားပွဲပေါ်မှ ဖြတ်ကျော်သွားသော အကြောင်းတိုင်းကိုလည်း မရေးခဲ့ပါ။ ကျွန်တော်နှင့်အတူ လက်တွဲလုပ်ကိုင်နေသူများကိုလည်း ကျွန်တော် အမြဲ ကျေးဇူးတင်လျက် ရှိပါသည်။

ဤစာအုပ်ကို ရေးသားရသည့် ရည်ရွယ်ချက် နှစ်ခု ရှိပါသည်။ ပထမရည်ရွယ်ချက်မှာ သမ္မတသက်တမ်း နှစ်ဆက်ကာလ အရေးပါလှသည့် ရှစ်နှစ်လုံးလုံးတွင် ကျွန်တော်ဖြတ်သန်းခဲ့ရသည့် သမ္မတဘဝအကြောင်းကို ရေးသားခြယ်မှုန်းပြနိုင်ရန် မျှော်လင့်ချက်ထားရှိခြင်းဖြစ်ပြီး ကျွန်တော်၏ သမ္မတသက်တမ်းကာလတွင် ကျွန်တော်၏ စွမ်းဆောင်မှုများကို ခိုင်မာသည့် နိဂုံးချုပ်ချက်များဖြင့် ရေးသားဖော်ပြနိုင်ရန်ကား မဖြစ်နိုင်ပါ။ ဆယ်စုနှစ်များစွာက ရှိခဲ့သော ယခင်သမ္မတများအနေဖြင့်လည်း သူတို့၏ သက်တမ်းကာလများကို အသေးစိတ်ဖော်ပြနိုင်မည် မဟုတ်ပါ။ အချိန်၏ ခွင့်ပြုချက်အရသာ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသည့် ဘဝကို ရေးသားနိုင်ပါသည်။ ပညာရှင်များအနေဖြင့်

ရေးသားခြင်းအပေါ် အမြင်မတူမှုများ ရှိပါလိမ့်မည်။ ဤစာအုပ်နှင့် ပတ်သက်၍ ကျွန်တော်၏ မျှော်လင့်ချက်မှာ အမေရိကန်သမိုင်းတွင် ကျွန်တော်ပါဝင် ဖြတ်သန်းခဲ့ပုံကို အချက်တစ်ခုအနေဖြင့် မှတ်တမ်းတင်ထားနိုင်လိမ့်မည်ဆိုသည့် မျှော်လင့်ချက်သာ ဖြစ်ပါသည်။

ဒုတိယရည်ရွယ်ချက်မှာ ရှုပ်ထွေးခက်ခဲလှသော ပတ်ဝန်းကျင်အခြေအနေတွင် ဆုံးဖြတ်ချက်ကို မည်သို့ချမှတ်ခဲ့ပြီး မည်သို့ လုပ်ရှားရုန်းကန်ခဲ့ရသည်ကို စာဖတ်သူ၏ မျက်စိထဲမြင်နိုင်ရန် ဖြစ်သည်။ ဆုံးဖြတ်ချက်ပေါင်းများစွာ သမ္မတ စားပွဲပေါ်ရောက်လာပြီး ထိတွေ့ဆုံးဖြတ်ခဲ့ရသည်။ ကျွန်တော်တို့သည် အပြင်းအထန်လည်း ငြင်းခုံခဲ့ရသည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်များ၊ ကြိုးပမ်းအားထုတ်မှုများကို ရေးသားထားပါသည်။ ကျွန်တော် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စာဖတ်သူများအား သိရှိစေလိုသော မျှော်လင့်ချက်လည်း ကျွန်တော့်တွင် ရှိပါသည်။ ပြဿနာများကို ကျွန်တော် ဆုံးဖြတ်ခဲ့ရသည့်အကြောင်း ရုန်းကန်လှုပ်ရှားမှုများကို နမူနာယူ၍ သူ့ဘဝကို ဖြတ်သန်းနိုင်မည်ဆိုလျှင် ကျွန်တော် ကျေနပ်ပါသည်။

ကျွန်တော် ရေးသားသော ဤ "ဆုံးဖြတ်ချက်များ" Decision Points စာအုပ်မှာ ကျွန်တော့်ဘဝနှင့် ပတ်သက်၍ ကျွန်တော်ရှာဖွေစုဆောင်းထားချက်များကို အခြေခံ၍ ရေးသားခဲ့ပါသည်။ သုတေသီများ၏ အကူအညီကို ယူ၍ လည်း ရေးသားခဲ့ပါသည်။ တချို့အကြောင်းအရာများတွင် အစိုးရ၏ အထောက်အထားများမှ တစ်ဆင့် အတည်ပြုချက်ရယူပြီးမှ ရေးသားပါသည်။ ထိုစဉ်က ရှိခဲ့သော မှတ်တမ်းများ၊ မှတ်စုများ၊ လူပုဂ္ဂိုလ် တွေ့ဆုံမေးမြန်းချက်များ၊ သတင်းများ၊ အစီရင်ခံချက်များနှင့် တခြားအချက်အလက်များကို အခြေခံပြီး ရေးသားပါသည်။ တချို့ကျန်လျှင် ကျန်နေနိုင်ပါသည်။ ကျွန်တော့်ခေါင်းထဲ မှတ်မိသမျှများကို အခြေခံ၍ လည်း ရေးသားပါသည်။ မပြည့်စုံမှုများလည်း ရှိနိုင်ပါသည်။ တချို့ တိကျခိုင်လုံမှု

မရှိသည်များကိုလည်း ပါဝင်နိုင်ပါသည်။ ထိုသို့ ချို့ယွင်းချက်များရှိလျှင် တာဝန်ရှိသူမှာ ကျွန်တော်သာ ဖြစ်ပါသည်။

ယခုဖတ်ရမည့် စာမျက်နှာများတွင် ကျွန်တော် ရင်ဆိုင်ခဲ့ရသော ပြဿနာများကို အမှန်ကန်ဆုံးဖြစ်အောင် ကျွန်တော် ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များတွင် အမှန်များ ပါသလို၊ အမှားများလည်း ပါနေနိုင်ပါသည်။ ထိုကိစ္စရပ်များတွင် ဆန့်ကျင်ဘက်ဖြစ်မှုများလည်း ရှိနိုင်သည်။ သမ္မတ သက်တမ်းကာလ ကျွန်တော် ဆောင်ရွက်ခဲ့သည်များကို အတတ်နိုင်ဆုံး ရေးသားထားခဲ့သည်။ သမ္မတ၏ ဘောင်ကို ကျော်လွန်၍ လုပ်ဆောင်ခဲ့သည်များ မရှိပါ။ ကျွန်တော် သမ္မတရုံးခန်းတွင် ထိုင်နေသည့် ရှစ်နှစ်တာကာလတွင် နိစ္စဓူဝ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သည်။ သမ္မတသက်တမ်းကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော့်ကို စာဖတ်သူက အခွင့်အရေးတစ်ခု ပေးလိုက်သည့်အတွက်လည်း ကျွန်တော့်အနေဖြင့် ဝမ်းမြောက်ကြည်နူးရပါသည်။

*

## အခန်း - ၁
## အရက်ဖြတ်ခြင်း

“ရှင် အရက်မသောက်ခဲ့တဲ့ နောက်ဆုံးနေ့ကို မှတ်မိသေးလား” ဟု လော်ရာက မေးလိုက်သည်။ သူမက အေးအေးဆေးဆေးဖြင့် ဖြေသိမ့်သောလေသံဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ ထိုမေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော့်ကို နားပူနားဆာလည်း မလုပ်၊ ခြိမ်းခြောက်ခြင်းလည်း မလုပ်ခဲ့ပေ။ ကျွန်တော့်ဆီမှ အဖြေတစ်ခုကို သူမ စောင့်ဆိုင်းနေ၏ ။ ကျွန်တော့်ဇနီးသည် အခြေအနေကို နားလည် သဘောပေါက်သူဖြစ်သည်။ အေးဆေးတည်ငြိမ်စွာဖြင့် ပြဿနာကို ဖြေရှင်းနိုင်သူလည်း ဖြစ်သည်။ ဤသည်မှာ အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

“မှတ်မိတာပေါ့…” ဟု ကျွန်တော်က မကျေမနပ်ဖြင့် ဖြေလိုက်ပါသည်။ ထို့နောက် ကျွန်တော် ပြန်စဉ်းစားသည်။ လွန်ခဲ့သော တစ်ပတ်ကျော်လောက်က အခြေအနေကို ပြန်စဉ်းစားနေမိသည်။ တနင်္လာနေ့က မိတ်ဆွေတချို့နှင့် ကျွန်တော် ဘီယာအနည်းငယ် သောက်ခဲ့ပါသည်။ အင်္ဂါနေ့ကလည်း ကျွန်တော် အကြိုက်ဆုံးဖြစ်သော ဘင်နက်တစ် တိုင်းနှင့် ဘရန်ဒီကို သောက်ခဲ့ပါသည်။ ညစာစားပြီးတိုင်း ကျွန်တော် သောက်နေကျ အရက် ဖြစ်ပါသည်။ ထိုအရက်မှာ B and B, Benedictine ဖြစ်ပြီး ကျွန်တော် အကြိုက်ဆုံး ဖြစ်လေသည်။ ဗုဒ္ဓဟူးနေ့ကလည်း ဘာဘရာနှင့် ဂျင်နာ အိပ်ရာဝင်ပြီးသည့်နောက် ကျွန်တော် အရက်သောက်ပါသည်။ ကြာသပတေးနှင့် သောကြာနေ့များမှာ ကျွန်တော် ဘီယာအမြဲသောက်သော ညများ ဖြစ်၏ ။ စနေနေ့က လော်ရာနှင့် ကျွန်တော့်မိတ်ဆွေများဆီ ထွက်ခဲ့သည်။ ကျွန်တော်သည် ညစာ မစားမီ မာတီနီ သောက်ကာ ညစာစားချိန်တွင် ဘီယာကို သောက်ပြီး ညစာစားပြီးသည့်အခါ B and B ကို သောက်လေသည်။ အရက်ကို နားသည်ဟူ၍ မရှိသလောက် ဖြစ်ပါသည်။ လွန်ခဲ့သော ရက်သတ္တပတ်များက အရက်မသောက်သော နေ့တစ်နေ့များ ရှိမလားဟု ကျွန်တော် ပြန်စဉ်းစားသည်။ အရင် လကရော၊ အရင့်အရင် လများကရော တစ်ရက်တစ်လေမှ စဉ်းစား၍ မရပါ။ အရက်သောက်ခြင်းသည် ကျွန်တော့်အဖို့ အလေ့အထ ဖြစ်လာပေပြီ။

ကျွန်တော်သည် ထိုကဲ့သို့ အလေ့အထမျိုးကို စရိုက်တစ်ခုအဖြစ် ခံ့မင်စွဲလမ်းခြင်းမျိုး ဖြစ်တတ်ပါသည်။ စီးကရက်ကို ကျွန်တော် ကိုးနှစ် သောက်ခဲ့၏ ။ ကောလိပ်ကျောင်းသား ဘဝကတည်းက ကျွန်တော်သောက်ခြင်း ဖြစ်သည်။ နောက် စီးကရက်ကို ဖြတ်ပစ်လိုက်သည်။ ပီကေဝါးပြီး ဖြတ်လိုက်ခြင်း ဖြစ်သည်။ နောက် ဆေးရွက်ကြီးကို ဝါးခဲ့ပြန်သည်။ လုံးဝ မပြတ်နိုင်၍ ဆေးပြင်းလိပ်သောက်သည့်ဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားခဲ့သည်။

အရက်သောက်သည့် အကျင့်စွဲလာသည့်အခါ အကြောင်းမရှိ အကြောင်းရှာ သောက်လေ့ရှိသည်။ ဘယ်နေရာရောက်ရောက် အရက်ကို

အကျင့်ဖြစ်နေ၍ သောက်မိပါသည်။ ကျွန်တော့်ဇာတိ တက္ကဆက်မှ မစ်ဒလင်းမြို့တွင်မူ ကျွန်တော့်အဖို့ လွတ်လွတ်လပ်လပ် သောက်နိုင်ပါသည်။ သို့သော် ကျွန်တော်သည် နေ့ခင်းဘက် အလုပ်လုပ်ချိန်၌ မူ အရက်ကို မသောက်ပါ။ ညနေဘက်ဆိုလျှင် ကျွန်တော်က အမြဲ အလွတ်ခုန်လေ့ ရှိပါသည်။ လေ့ကျင့်ခန်းအဖြစ် ကျွန်တော်က ကြိုးခုန်သလို ခုန်ခြင်းသာ ဖြစ်သည်။ ထိုသည်မှာလည်း ကျွန်တော့်အဖို့ နောက်ထပ် အလေ့အကျင့်တစ်ခု ဖြစ်သည်။

အချိန်ပိုအဖြစ် ကျွန်တော်သည် အပြေး လေ့ကျင့်သည်။ ထိုသို့ လေ့ကျင့်ခြင်းမှာ ကျွန်တော့် ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးအတွက် ဖြစ်ရုံမက စိတ်ပေ့ါပါးစေရန်လည်း ဖြစ်၏ ။ လော်ရာ မေးလိုက်သော မေးခွန်းလေးမှာ ကျွန်တော့်အတွက် မေးခွန်းအကြီးကြီး ဖြစ်လေသည်။ ကျွန်တော့်အဖို့ စဉ်းစားစရာလည်း ဖြစ်၏ ။ အိမ်တွင် သမီးငယ်များလည်းရှိ၍ အိမ်တွင် အရက်သောက်ပြီး ကျွန်တော် အချိန်ဖြုန်းချင်ပါသလား။ လော်ရာနှင့်အတူ အိပ်ရာပေါ်တွင် စာဖတ်နေမလား။ အရက် သောက်နေမလား။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မေးနေမိသည်။ အိမ်သားအားလုံး အိပ်ပျော်သွားမှ အရက်ပဲ သောက်မလား။ ငါ စာပဲဖတ်နေမလား။ ဘုရားသခင် အလိုကျ ဘုရားသခင်၏ အနီးကပ်ဆုံးတွင် နေမလား။ အယ်လ်ကိုဟောသည် ကျွန်တော့်အတွက် ဘုရားတစ်ဆူလို ဖြစ်လာပြီလား....။ ထိုမေးခွန်းများ၏ အဖြေကို ကျွန်တော် သိပါသည်။ ထိုအဖြေကို လိုက်နာဖို့ကား ခက်ခဲနေပါသည်။ ကျွန်တော့်အကျင့်စရိုက်ကို ပြောင်းလဲပစ်ရန်ကား မလွယ်ကူသေးပါ။

၁၉၈၆ ခုနှစ်တွင် လော်ရာနှင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အသက် ၄၀ ရောက်လာပေပြီ။ ကျွန်တော်၏ အရင်းနှီးဆုံး မိတ်ဆွေများမှာ ဒွန်နှင့် ဆူဇီအီဗန်တို့ ဖြစ်သည်။ ထိုအသက် ၄၀ ပြည့်မွေးနေ့ကို ကိုလိုရာဒိုစလင်းရှိ ဘရတ်မူးဟိုတယ်တွင် ထိုမိတ်ဆွေများနှင့်အတူ ပွဲလေးတစ်ပွဲ ကျင်းပရန် ဆုံးဖြတ်မိလိုက်သည်။ ငယ်သူချင်းများဖြစ်သော ဂျိုးလ်နှင့် ဂျန် အိုနေးလ်၊

ကျွန်တော့်ညီ နေးလ်နှင့် မစ်ဒလင်းမှ နောက်ထပ် မိတ်ဆွေတစ်ယောက်ဖြစ်သော ပန်နီဆော်ရာတို့ကို ဖိတ်ကြားလိုက်ပါသည်။

တရားဝင်မွေးနေ့ပွဲမှာ စနေနေ့ည ဖြစ်ပါသည်။ အစားအသောက်မှာ ဈေးကြီး၏ ။ ပွဲကြီးဖြစ်သည်ဟု ဆိုရပေမည်။ တစ်ပုလင်းလျှင် ဒေါ်လာ ၆၀ ပေးရသော ဆေးလ်ဗား အုတ် Silver Oak ဝိုင်ပုလင်းကြီး အမြောက်အမြားကိုလည်း မှာထားလိုက်သည်။ ဂုဏ်ပြုအရက်ခွက်များမှာ တစ်ခွက်ပြီးတစ်ခွက် မြှောက်လာကြသည်။ ကျွန်တော်၏ ကျန်းမာရေးအတွက်၊ ကျွန်တော်၏ ကလေးများအတွက်၊ ကျွန်တော်၏ ကလေးထိန်းများအတွက် ဂုဏ်ပြုကြ၏ ။ အနောက်ဘက်တွင် ကလေးများကို ကလေးထိန်းများနှင့်အတူ ထားသည်။ အရက်ဝင်သွားသဖြင့် ကျွန်တော်တို့၏ အသံများမှာ ကျယ်လောင်သထက် ကျယ်လောင်လာသည်။ ပြောပြီးသားများကိုလည်း ထပ်ခါတလဲလဲ ပြောလာသည်။ ဒွန်နှင့် ကျွန်တော်သည် စားပွဲဝိုင်းများသို့ သွားကာ နှုတ်ဆက်ခဲ့ကြသည်။ နောက် ကျွန်တော်တို့ပွဲမှာ သိမ်းသွားပါသည်။ အစားအသောက်နှင့် အရက်ဖိုးများကို ရှင်းပြီးသည့်နောက် အိပ်ရာဝင်ခဲ့လေသည်။

နောက်တစ်နေ့နံနက် အိပ်ရာကနိုးသောအခါ ကျွန်တော် အရက်နာ ကျနေပြီ။ နေ့စဉ်လေ့ကျင့်ခန်းဖြစ်သော ပြေးသည့်အလုပ်ကိုမူ ကျွန်တော် လုပ်ပါသည်။ မနေ့ညက အဖြစ်အပျက်များကို မမှတ်မိတော့ပေ။ ပြေးနေကျ ခရီးတစ်ဝက်ခန့် ကျိုးသောအခါ ကျွန်တော့်ခေါင်းမှာ ကြည်လင်လာသည်။ မနေ့က အဖြစ်များကိုလည်း ပြန်မှတ်မိလာသည်။ ကျွန်တော့်ဘဝတွင် ဤကဲ့သို့အဖြစ်များကိုလည်း ကျွန်တော် ဖြတ်သန်းခဲ့ရသည်။ ကျွန်တော် ကာလပေါင်း အတော်ကြာသည်အထိ ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းပြီး ဘုရားသခင် အလိုကျအတိုင်း ကောင်းကောင်းမွန်မွန် ဘယ်လိုနေထိုင်ရမလဲဆိုသည်အား ဘုရားသခင်က ညွှန်ပြပါရန် ဆုတောင်းခဲ့သည်။ ဘုရားသခင်၏ မေတ္တာကို ကျွန်တော်၏ လိုအပ်နေသော ကွပ်လပ်ထဲ၌ ဖြည့်ပြီး

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လည်ပြုပြင်ရပေမည်။ ကျွန်တော့် ပြဿနာမှာ အရက် မဖြတ်နိုင်သည့် ကိစ္စဖြစ်ပါသည်။ ထိုသည်မှာ တစ်ကိုယ်ကောင်း ဆန်လှ၏ ။ အခြားသူများကိုလည်း အကျိုးမပြု၊ ကိုယ့်အတွက်လည်း မကောင်းပေ။ အထူးသဖြင့် ကျွန်တော့် မိသားစုအတွက် ဖြစ်၏ ။ လော်ရာနှင့် သမီးငယ်များကို ကျွန်တော် ချစ်ပါသည်။ အလွန်ပင် ချစ်ပါသည်။ ကျွန်တော့်အကျင့်စရိုက်ကို ပြောင်းလဲရန် ဘုရားသခင်ထံ ဆုတောင်းသလို၊ ပြောင်းလဲပစ်ရန်လည်း ဆုံးဖြတ်ထားပါသည်။ ကျွန်တော် ပြေးနေစဉ်တွင် ယခုကဲ့သို့ စဉ်းစားမိ၏ ။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဆုံးဖြတ်ချက် ချလိုက်သည်။ အရက်သောက်ခြင်းနှင့် ပတ်သက်၍ တစ်ခုခု လုပ်မှ ဖြစ်တော့မည်ဟူလို။

ပြေးပြီးသည့်အခါ၌ ကျွန်တော်တို့ တည်းခိုသော ဟိုတယ်သို့ ပြန်လာခဲ့သည်။ နောက် အရက် မသောက်တော့ပါဟု လော်ရာကို ကျွန်တော် ကြေညာလိုက်၏ ။ လော်ရာက ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်သည် ယခုအထိ အရက်ရှိန်မပြေသေးဟု သူမက ထင်နေပုံရသည်။ နောက် သူမက “မသောက်တော့ဘူးဆိုရင် ကောင်းတာပေ့ါ ကျော့ရှ်ရယ်” ဟု ပြောလိုက်ပါသည်။

သူမ ဘာကိုတွေးနေမလဲဆိုသည်ကို ကျွန်တော် သိ၏ ။ အရင်ကလည်း အရက်ဖြတ်မည့်အကြောင်း ပြောခဲ့ဖူးသည်။ သို့သော် အရာမထင်ခဲ့ပေ။ ကျွန်တော့်ခေါင်းထဲ အပြောင်းအလဲ ဖြစ်သွားသည်ကိုမူ ယခုတစ်ကြိမ်၌ သူမ သိပုံမရပါ။ ကျွန်တော့်အနေဖြင့် အလေ့အထကို တစ်ခါတည်း ပြောင်းလဲပစ်မှရမည်ဟု သဘောပေါက်နေပါသည်။

ကျွန်တော်၏ စရိုက်ကို ပြောင်းလဲလိုက်ရာ နောက် ငါးရက်ကြာသည်အထိ လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။ အရက်နာကျသည့် ဝေဒနာလည်း မခံစားရတော့ပေ။ အရက်သောက်ချင်သည့် စိတ်ကိုတော့ ပြင်းပြင်းပြပြ ခံနေခဲ့ရပါသည်။ ကျွန်တော့် ခန္ဓာကိုယ်က အရက်ကို တောင့်တနေ၏ ။ အငမ်းမရကို အရက်သောက်ချင်စိတ် ဖြစ်ပေါ်နေသည်။ ကျွန်တော့် အလိုဆန္ဒကို

ဖျောက်ပစ်ရန် အတတ်နိုင်ဆုံး တိုက်ပွဲဝင်နေသည်။ အလွန်ကို ခက်ခဲပင်ပန်းလှပါသည်။ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချ၍ သတ်မှတ်ထားသည့် အရက်ဖြတ်စည်းကမ်းအတိုင်း အာသာကို ဖျောက်ဖျက်ပစ်နေမိသည်။ ချောကလက်ကို စားသည်။ ကျွန်တော့်ကိုယ်တွင် သကြားဓာတ်များ ဖုံးလွှမ်းနေပါသည်။ ချောကလက်မှာစား၍ လည်း လွယ်၏ ။ လွယ်လွယ်ကူကူ ဝယ်နိုင်ပါသည်။

ကျွန်တော့်ကို အများဆုံး ကူညီပေးခဲ့သူမှာ လော်ရာ ဖြစ်ပါသည်။ ကျွန်တော် အရက်ကို တကယ်ဖြတ်နေသည်ကို သူမ စိတ်ထဲ ခံစားနေပုံရသည်။ လိုသည့်ပစ္စည်းများ ထွက်ဝယ်ရန် လုပ်သောအခါ သူမက ကျွန်တော့်ကို အိမ်ထဲမှာပင် နေခိုင်းသည်။ တစ်ခါတစ်ရံ အရက်အကြောင်း ပြောသောအခါ သူမက နားထောင်သည်။ တစ်ခါတည်း ဖြတ်ပစ်ရန်လည်း တိုက်တွန်းအားပေးခဲ့ပါသည်။ ကျွန်တော့်အတွက် နှစ်သိမ့်စကားနှင့် အားပေးစကားများ လော်ရာက ပြောကြားခဲ့၏ ။ ကျွန်တော့် မိတ်ဆွေများကလည်း ကူညီပါသည်။ ထိုသို့ ကူညီသော်လည်း ကျွန်တော့် မိတ်ဆွေများမှာ အရက်ကို မဖြတ်ခဲ့ကြပေ။ သူတို့ဝိုင်းတွင် ကျွန်တော် ထိုင်နေသည့်တိုင် သူတို့ သောက်ခဲ့ကြပါသည်။ အစပိုင်းက ဝိုင်းတွင် အတူထိုင်ရင်း တချို့ကို ကောက်တေးကိုဖြစ်စေ၊ ဘီယာကို ဖြစ်စေ သောက်နေသည်ကို မြင်လျှင် ကျွန်တော့်အဖို့ အလွန် ပင်ပန်းလှပါသည်။ သို့သော် အချိန်ကြာလာသောအခါ ကျွန်တော့်အဖို့ အလေ့အကျင့် ဖြစ်လာပါသည်။ တခြားသူများက ကျွန်တော် အရက်ဖြတ်နေသည်ကို သိသည့်အတွက် ကျွန်တော့်ကို အားပေးစကားပြောကြသလို၊ အရက်ကို ပြန်မသောက်ရန်နှင့် သံယောဇဉ် လုံးဝဖြတ်ရန် တိုက်တွန်းကြသည်။ အချိန်က ကုန်လွန်သွားပြီ။ ကျွန်တော်လည်း ကျွန်တော့်စိတ်ကို ကောင်းကောင်းထိန်းလာနိုင်ခဲ့သည်။ အရက်မသောက်ဘဲနေခြင်းမှာ မိမိ၏ အကျင့်စရိုက်အပေါ်တွင်သာ မူတည်ကြောင်း သိလာရသည်။ မိမိ မသောက်ဘဲနေလျှင် မသောက်ဘဲနေနိုင်ပြီး သောက်ချင်လျှင် သောက်၍ ရသည်သာ

ဖြစ်ခြင်းကြောင့် မိမိ အဆုံးအဖြတ်အပေါ်တွင်သာ မူတည်နေပေသည်။ အရက်မသောက်ဘဲနေသည့် အကျင့်စရိုက်သည်လည်း မိမိဘာသာ ဖန်တီးခြင်းသာ ဖြစ်ကြောင်း သဘောပေါက်လာသည်။ မသောက်ဘဲနေသည့် အကျင့်စရိုက်ကြောင့် ကျွန်တော် အရက်ဖြတ်နိုင်သည့်အတွက်လည်း ဂမ်းမြောက်ဂမ်းသာ ဖြစ်မိပါသည်။

***

အရက်ဖြတ်ခြင်းသည် အဆုံးအဖြတ်များတွင် အခက်ခဲဆုံး ဆုံးဖြတ်ချက်တစ်ရပ်လည်း ဖြစ်ပါသည်။ ကျွန်တော်ချခဲ့သည့် ဆုံးဖြတ်ချက်များတွင် ဤ ဆုံးဖြတ်ချက်မှာ ပင်ပန်းလှပါသည်။ အရက်ကိုသာ မဖြတ်နိုင်လိုက်ပါလျှင် ဤစာအုပ်ထဲတွင် ပါဝင်ခဲ့သည်များကို ကျွန်တော်များ ပါဝင်နိုင်တော့မည် မဟုတ်ချေ။ အရက်ဖြတ်ခြင်းသည် လွယ်ကူလှသည့် အလုပ်တစ်ခုတော့ မဟုတ်ပေ။ အရက်ဖြတ်လိုက်ခြင်းကြောင့် ကျွန်တော့် သွင်ပြင်မှာ ပိုပြီးပေါ်လွင်လာသလို၊ ကျွန်တော့် ခံယူချက်မှာလည်း ပိုပြီး အားကောင်းလာခဲ့ပါသည်။ ကျွန်တော့်ဘဝ၏ ဆယ်စုနှစ် ၄ ခုတာ ကာလမှာလည်း အရက်ဖြတ်လိုက်ခြင်း အတွက် လုံးဝပြောင်းလဲသွားပါသည်။ ကျွန်တော့်ဘဝခရီးတွင် စိန်ခေါ်မှုများ၊ အောင်နိုင်မှုများ၊ ကျရှုံးမှုများ ပါဝင်ခဲ့ပါသည်။ မေတ္တာတရား၏ အင်အား၊ ယုံကြည်မှု၏ ဩဇာ၊ လူအများ၏ ပြောင်းလဲနိုင်မှု အမှန်တရား စသည်တို့မှာ အရေးကြီးလှပါသည်။ ထိုအင်အားများကြောင့်သာ စိတ်ဝင်စားစရာကောင်းလောက်အောင် ခရီးကို နှင်ခဲ့နိုင်ခြင်း ဖြစ်လေသည်။

*

ကျွန်တော်သည် ဂျော့ရှ်နှင့် ဘာဘရာ ဘုရ်ှတို့၏ သားဦး ဖြစ်ပါသည်။ ကျွန်တော့်အဖေသည် ဒုတိယကမ္ဘာစစ်ကြီးကာလက စစ်ယူနီဖောင်းဝတ်ပြီး အိမ်သို့ရောက်လျှင်ရောက်ချင်း သူ့ချစ်သူနှင့် လက်ထပ်ခဲ့လေသည်။ သူ့မိသားစုသစ်ဘဝကို အလျင်အမြန် စတင်ခဲ့လေသည်။ သူတို့မျိုးဆက်ကာလက

စုံတွဲအားလုံးသည် ဤကဲ့သို့ ပြုလုပ်ကြသည်မှာ ထုံးစံလို ဖြစ်ခဲ့ပါသည်။ ထိုအထဲတွင် ဂျော့ရှ် အိပ် ဒဗလျူ ဘုရှ်တို့အတွဲသည်လည်း တခြားသူများကဲ့သို့ လူကြီးမိဘတို့၏ ဓလေ့ထုံးစံကို မစောင့်ဘဲ စစ်ပြီးသည်နှင့် အိမ်ထောင်ပြုလိုက်ကြလေသည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်စဉ်က အဖေသည် အထက်တန်းကျောင်းမှ အောင်မြင်ပြီးခါစ ဖြစ်သည်။ ယေးလ်တက္ကသိုလ်သို့ ဝင်ခွင့်ရပါသည်။ သို့သော် သူသည် တက္ကသိုလ်သို့ ဆက်တက်ရမည့်အစား ရေတပ်ထဲသို့ ဝင်ရောက်သွားခဲ့သည်။ သူ၏ ၁၈ နှစ်မြောက်မွေးနေ့တွင် သူသည် ရေတပ်မတော်မှ အသက်ငယ်ဆုံး လေယာဉ်မှူးအဖြစ် တောင်ပံတံဆိပ်များ တပ်ခွင့်ရခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာထဲသို့ မထွက်ခွာမီတွင် ဘာဘရာ ပီးယားစ် ဆိုသော မိန်းကလေး တစ်ယောက်နှင့် မေတ္တာမျှခဲ့လေသည်။ သူက သူမအား ချက်ချင်း လက်ထပ်လိုကြောင်း သူ့သူငယ်ချင်းများကို ပြောပြခဲ့သည်။ ရေတပ်မတော်အုပ်စုကို မောင်းနှင်ရသော လေယာဉ်မှူးတစ်ယောက်ဖြစ်သည့် အဖေသည် သူ့လေယာဉ်၏ ကိုယ်ထည်ဘေးတစ်ဖက်ခြမ်းတွင် သူ့ချစ်သူ၏ နာမည်ကို ရေးထိုးထားလိုက်လေသည်။

၁၉၄၄ ခု၊ စက်တင်ဘာလ တစ်နံနက်ခင်း၌ အဖေသည် တာဝန်ဖြင့် ချီချီဂျီးမားကောင်းကင်ယံတွင် လေယာဉ်ပျံသန်းလာခဲ့၏ ။ ထိုနေရာမှာ ဂျပန်တို့ သိမ်းပိုက်ထားသော ကျွန်းဖြစ်သည်။ သူ့လေယာဉ် တီဘီအမ် အဗန်းချားမှာ ရန်သူ၏ လေယာဉ်ပစ်အမြောက်ဆန် ထိမှန်ခဲ့လေသည်။ သူက လေယာဉ်ကိုထိန်းပြီး မောင်းလာခဲ့၏ ။ တစ်နာရီကို မိုင် ၂၀၀ နှုန်းဖြင့် ပံသန်းလာခြင်း ဖြစ်ပါသည်။ ထိုသို့ အမြောက်ဒဏ်ခံခဲ့ရသော်လည်း သူ့ပစ်မှတ်များကို ထိမှန်အောင် ဗုံးကြဲချနိုင်ခဲ့သည်။ ပစ်မှတ်ကို ထိမှန်သည့်အချိန်တွင် သူ့၏ အပေါင်းအဖော် လေယာဉ်မှူးများက အော်ဟစ်ဂုဏ်ပြုကြ၏ ။ ရန်သူ့ကျည်ဆန် ထိမှန်ခဲ့သော သူ့လေယာဉ်မှာ တောင်ပစိဖိတ်ပင်လယ်ထဲ ပျက်ကျသွားခဲ့သည်။ သူသည် လေယာဉ်ပေါ်မှ လေထီးဖြင့် ခုန်ဆင်းကာ ရော်ဘာလှေအသေးလေးဖြင့် လှော်ခတ်လာခဲ့သည်။

လေယာဉ်ထိုင်ခုံပေါ်တွင် လေထီးရော၊ လေမှုတ်သွင်းရသည့် ရော်ဘာလှေရော ပါခဲ့ပါသည်။ ပင်လယ်ထဲရောက်နေသော အဖေ့ကို အမေရိကန် ရေငုပ်သင်္ဘောတစ်စင်းက ကယ်တင်ခဲ့သည်။ သူ့ကို အိမ်ပြန်နိုင်သည်ဟု ပြောလေသည်။ သူသည် လေယာဉ်အုပ်စုသို့ သွားရမည့်အစား အိမ်သို့ ပြန်ခဲ့သည်။ ခရစ္စမတ်မတိုင်မီ သူ လည်ပတ်နေသော ခရီးစဉ်မှာလည်း ပြီးသွားသည်။ ၁၉၄၅ ခု၊ ဇန်နဝါရီလ ၆ ရက်နေ့မှာပင် ကျွန်တော့်အမေနှင့် နယူးယောက်မြို့၊ ရိုင်းဘုရားရှိခိုးကျောင်းတွင် လက်ထပ်ခဲ့လေသည်။

စစ်ကြီးပြီးသောအခါ အမေနှင့်အဖေသည် နယူးဘေဟင် သို့ ပြောင်းရွှေ့ခဲ့ပြီး အဖေက ယေးလ်တက္ကသိုလ်သို့ ဆက်တက်ခဲ့သည်။ အဖေသည် ကစားသမားကောင်း တစ်ယောက်ဖြစ်၏ ။ ဘေ့စ်ဘောကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်ပြီး သူ့အသင်းတွင် အဖေက ကပ္ပတိန်ဖြစ်ပါသည်။ အမေက အဖေကစားသည့်ပွဲတိုင်း လာရောက်ကြည့်ရှု၏ ။ ၁၉၄၆ ခု၊ နွေဦး၌ ပင် ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားရင်း အဖေ ကစားသည့်ပွဲကို သွားရောက်ကြည့်ရှုပါသည်။ ကိုယ်ဝန်အရင့်အမာနှင့် အမေမှာ အားကစားရုံထဲ လာရောက်ပြီး အဖေ့ကို အားပေးသည်။ အားကစားရုံမှာ ကျယ်ကျယ်ဝန်းဝန်းပင် ဆောက်ထားသည်။ အားကစားကွင်းကို ယေးလ်တက္ကသိုလ် ဥပဒေပါမောက္ခဟောင်း ဂီလ္လျံဟားဝပ်တပ်ဖ်က ဒီဇိုင်းဆွဲထားခြင်း ဖြစ်၏ ။

နောက် နှစ်နှစ်ခွဲအကြာ အဖေ ဘွဲ့ရသည့်အချိန်တွင် ဘွဲ့နှင်းသဘင်ကို အမေ့လက်မောင်းကို ဆွဲပြီး ကျွန်တော်လည်း တက်ရောက်ခဲ့ပါသည်။ ထိုကဲ့သို့ အမေနှင့်အတူ အဖေနှင့် ပတ်သက်သော ပွဲများသို့ တက်ရောက်သည်မှာ ကျွန်တော့်အတွက် မဆန်းတော့ပါ။

နောင် နှစ်ပေါင်းများစွာ ကြာသောအခါ အမေရိကန် ပြည်သူ သန်းပေါင်းများစွာသည် အဖေ၏ အကြောင်းကို မက်မက်မောမော ကြည့်ရှုကြသည်။ အစမှနေ၍ အဖေနှင့် ပတ်သက်သမျှကို အလေးအနက် ကြည့်ရှုကြလေသည်။

အဖေနှင့် ပတ်သက်သမျှ ကျွန်တော့်အနေဖြင့် အလွတ်နီးပါးရနေပြီ ဖြစ်သည်။ အမေနှင့်ထိုင်ပြီး ကြမ်းပြင်ပေါ်တွင် ဓာတ်ပုံများကို ကြည့်ရှုနေရသည်ကို မှတ်မိပါသည်။ အမေက ကော့ပတ် ခရစ္စတီ လေယာဉ်မှူးသင်တန်းကျောင်းတွင် အဖေ တက်ရောက်နေပုံကို ပြသည်။ ကောလိပ်က ကစားပွဲများတွင် အဖေ ကစားနေပုံကို ပြသည်။ ယေးတက္ကသိုလ်တွင် ကစားသည့်ပုံနှင့် တခြားပုံများကိုလည်း ပြသည်။ နောက် အဖေနှင့်အမေ မင်္ဂလာဆောင်သည့် ဓာတ်ပုံ၊ ထိုပုံထဲတွင် ရေတပ်မတော် အရာရှိတစ်ယောက်နှင့် သူ့ချစ်သူ သတို့သမီးတို့ ပြုံးပျော်နေပုံကိုလည်း တွေ့ရသည်။ ကျွန်တော် သဘောအကျဆုံးမှာ ရော်ဘာလှေဖြင့် ပစိဖိတ်သမုဒ္ဒရာထဲ မျောပါနေစဉ် အဖေ့အသက်ကို ကယ်ခဲ့သည့်အကြောင်းပင် ဖြစ်ပါသည်။ စစ်အတွင်းက စွန့်စားခန်းများ၊ တိုက်ပွဲများအား အဖေက ပြောပြသည်များကို နားထောင်ရသည်မှာ အလွန် စိတ်ဝင်စားစရာ ကောင်းပါသည်။ အဖေက သူ့အကြောင်းများကို ပြန်မပြောချင်ပေ။ သူကိုယ်သူ ကြွားသည်ဟု ထင်မည်စိုးသည်။ သို့သော် အမေက တိုက်တွန်း ကျွန်တော်ကလည်း ပြောခိုင်းသဖြင့် အဖေက ပြောပြလေသည်။ ကျွန်တော် အသက်ကြီးလာသောအခါ ထိုအကြောင်းများကို ပြန်တွေးကြည့်မိသည်။ အမှန်တရားကို ဖော်ပြခြင်းမှာ အလွန်ကောင်းပါသည်။ အမှန်ဖြစ်ပျက်လာသည့် အကြောင်းများကို စံနမူနာသိရှိရန် လိုပါသည်။ ကျွန်တော်သည် ဂျော့ရှ်၏ သားဖြစ်ခဲ့သည်မှာ အမှန်တရားဖြစ်ပြီး ထိုအမှန်တရားကို ကျွန်တော် ဂုဏ်ယူစွာဖြင့် လက်ခံပါသည်။

*

၁၉၄၈ ခုနှစ်၊ အဖေဘွဲ့ရပြီးသည့်အခါမှာ ဝေါလ်လမ်းမဆီ ဦးတည်ခဲ့ပါသည်။ အဖေ့၏ အဖေ ကျွန်တော့်အဘိုးမှာ ဝေါလ်လမ်းမတွင် အောင်မြင်သော ရင်းနှီးမြှုပ်နှံသူ တစ်ယောက် ဖြစ်ခဲ့ပါသည်။ သို့သော် အဘိုးသည် သူကိုယ်ပိုင်မဟုတ်ဘဲ အစုအစပ်အဖြစ် ပါဝင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်၏။ အဖေကမူ

စုပေါင်းလုပ်ကိုင်ခြင်းကို မကြိုက်ပေ။ သူတစ်ယောက်တည်း ကိုယ်ပိုင်လုပ်မည်ဟု ဆုံးဖြတ်ထားလေသည်။ ထို့ကြောင့် အဖေနှင့်အမေက စီးပွားရေးကို သူတို့ကိုယ်ပိုင်လုပ်ရန် ကြိုးစားခဲ့ကြလေသည်။ ထိုသို့ သတ္တိရှိရှိ ကိုယ်ပိုင်စီးပွားရေးလုပ်သည်ကို ကျွန်တော်လည်း အားကျပါသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်သည့်အတွက် သူတို့ကို ကျေးဇူးတင်မိသည်။ အနောက်တက္ကဆက်တွင် လုပ်ငန်းများ အခြေစိုက်ခဲ့ပြီး ထိုလုပ်ငန်းများကို ကျွန်တော်ကိုယ်ပိုင် ဆက်ခံခွင့် ရခဲ့လေသည်။

ကျွန်တော်တို့သည် ပထမနှစ်၌ အိုဒက်ဆာမြို့ရှိ ကော်လာပြာများနှင့်အတူ အလုပ်လုပ်ခဲ့လေသည်။ (ကော်လာပြာဆိုသည်မှာ အလုပ်ကြမ်းလုပ်သော အလုပ်သမားများကို ဆိုလလိုသည်။ ကော်လာဖြူဆိုသည်မှာ စာရေး၊ စာချီ၊ ရုံးထိုင်၊ ပညာတတ်လူတန်းစားများကို ဆိုလိုပါသည်။ -ဘာသာပြန်သူ) ထိုနေရာမှာ ကျောက်ပြားခင်းထားသော လမ်းအနည်းငယ်နှင့် မကြာခဏ ဖုန်လုံးကြီးများ အလုံးလိုက်ပါလာသော ဖုန်မုန်တိုင်းများ တိုက်ခတ်သောနေရာလည်း ဖြစ်သည်။ ကျွန်တော်တို့ မိသားစုသည် အခန်းကျဉ်းလေးတစ်ခန်း ရခဲ့ကြပါသည်။ ကျွန်တော်တို့ နေထိုင်သော တန်းလျားတွင် လူပေါင်းစုံ ရှိ၏ ။ ပြည့်တန်ဆာတစ်ယောက်၊ နှစ်ယောက်လည်း ထိုတန်းလျားတွင် နေသည်ဟု သိရသည်။ အဖေက ရေနံကုမ္ပဏီတစ်ခုတွင် အောက်ခြေမှစ၍ လုပ်ခဲ့ခြင်း ဖြစ်သည်။ သူ့အလုပ်မှာ ဂိုဒေါင်ကို သန့်ရှင်းရသလို၊ ပိုက်လိုင်းများကိုလည်း ဆေးသုတ်ရလေသည်။ အဖေနှင့် အတူလုပ်သောသူက အဖေ့ကို တက္ကသိုလ်တက်ဖူးတာ ဟုတ်သလားဟု မေးသောအခါ အဖေက ဟုတ်သည်ဟု ဖြေခဲ့သည်။ ယေးလ်တက္ကသိုလ် တက်ဖူးတယ်ဟု အဖေက ပြောသောအခါ မေးသောအလုပ်သမားက ခဏစဉ်းစားပြီး “ဒီလို အဖြစ်မျိုး အခုမှကြုံဖူးတယ်” ဟု ပြောခဲ့လေသည်။

ကယ်လီဖိုးနီးယားတွင် ကျပ်ကျပ်တည်းတည်း နေထိုင်ပြီးနောက် ၁၉၅၀

ပြည့်နှစ်တွင် ကျွန်တော်တို့သည် တက္ကဆက် အနောက်ပိုင်းသို့ ပြောင်းရွှေ့ကာ မစ်ဒလင်းတွင် အခြေချခဲ့သည်။ ကျွန်တော့်ဘဝတွင် မစ်ဒလင်းသည် အရေးပါပါသည်။ ထိုနေရာ၌ ပင် ကျွန်တော် ကြီးပြင်းခဲ့ပါသည်။ မစ်ဒလင်းသည် အိုဒက်ဆာ အရှေ့ဘက် မိုင် ၂၀ အကွာတွင် ရှိသည်။ မြို့မှာ ခြောက်သွေ့လှ၏ ။ သစ်ပင်များ မရှိသလောက် ဖြစ်သည်။ ဖုန်များလည်း ပေါပါသည်။ အကြောင်းမှာ ထိုနေရာ မြေပြင်အောက်၌ ရေနံပင်လယ်ပြင်ကြီး ရှိနေသောကြောင့် ဖြစ်ပါသည်။

မစ်ဒလင်းသည် ပါမီယန်ချိုင့်ဝှမ်း၏ မြို့တော်ဖြစ်ပါသည်။ ၁၉၅၀ ပြည့်နှစ်များက ထိုဒေသမှ အမေရိကန်၏ ရေနံထုတ်လုပ်မှု၏ ၂၀% ခန့်မျှ ထွက်ရှိခဲ့လေသည်။ ထိုမြို့မှာ စီးပွားရေးလုပ်ကိုင်မှုတွင် လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်သော နေရာဖြစ်၏ ။ စီးပွားရေးလွတ်လပ်စွာ လုပ်ကိုင်နိုင်သောကြောင့် စီးပွားရေးသမားများကလည်း လာရောက်လုပ်ကိုင်ကြလေသည်။ ထိုနေရာတွင် လုပ်ငန်းရှင်များသည် တစ်ဦးနှင့်တစ်ဦး အသည်းအသန် ပြိုင်ဆိုင်ကြသည်။ အထူးသဖြင့် ရေနံအတွက် အလုပ်အကိုင်အတွက် ပြိုင်ဘက်များကို အသေသတ်ပြီး အနိုင်ယူတတ်ပေသည်။ ထိုနေရာတွင် အလုပ်လုပ်ရသည်မှာ စုပေါင်း၍ အလုပ်လုပ်ရခြင်း ဖြစ်သည်။ လုပ်ငန်းအတူ ပူးပေါင်းသူများသည် တစ်ယောက်ကို တစ်ယောက် ကူညီ၍ စာနာမှုဖြင့် လုပ်ကြသည်။ ထိုနေရာတွင် အောင်မြင်သူများရှိသလို၊ ကျရှုံးသူများလည်း ရှိ၏ ။ ကျွန်တော့်သူငယ်ချင်းများ၏ မိဘများမှာ အလုပ်စုံလုပ်ကြသည်။ တစ်ဦးက ဆေးသုတ်သည်။ တစ်ဦးက ဆရာဝန်၊ တစ်ဦးက ဘိလပ်မြေလောင်းသည်။ တစ်ဦးကမူ အိမ်ဆောက်သည်။ သူသည် မစ္စတာ ဟားရိုး ဂဲလ်ချ် ဖြစ်ပါသည်။ ကျွန်တော်သည် ရာစုနှစ် ၄ ပုံ ၁ ပုံ မတိုင်မီက ထိုပုဂ္ဂိုလ်ကို တွေ့ခဲ့ခြင်း ဖြစ်၏ ။။ ထိုပုဂ္ဂိုလ်၏ သမီးမှာ လော်ရာလိန်း ဖြစ်ပါသည်။

မစ်ဒလင်းတွင် နေရသော ဘဝမှာ ရိုးရိုးလေးပင် ဖြစ်ပါသည်။ ကျွန်တော်က ကျွန်တော့်အပေါင်းအသင်းများနှင့် စက်ဘီးစီးကြသည်။ မိုက်ပရော့တာလို၊ ဂျိုးအိုနေးလို၊ ရောဘတ်မက်ကရက်စကီးလို သူငယ်ချင်းများနှင့် ဖြစ်သည်။

ကျွန်တော်တို့သည် ကင်းထောက်အဖွဲ့တွင်လည်း ပါကြ၏ ။ ထို့ပြင် အလှူခံအဖွဲ့ထဲတွင်လည်း ပါဝင်ပြီး တစ်အိမ်တက်ဆင်း အလှူခံလေ့ ရှိပါသည်။ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းများသည် အားလပ်ချိန်တွင် နာရီပေါင်းများစွာ ဘော့စ်ဘော ကစားကြ၏ ။ ကျွန်တော့်အမေက ခေါ်မှသာ အိမ်ကိုပြန်ကြပြီး မခေါ်မချင်း ဘောလုံးကို ဘက်တံဖြင့် အသေအကျေ ရိုက်ကြလေသည်။ အမေ့မှာလည်း ညစာစားချိန်အထိ ပြန်မလာသော ကျွန်တော့်ကို လိုက်ခေါ်ရလေသည်။ ကျွန်တော့်အဖေ ဘော့စ်ဘောကစားသည်ကို တွေ့ရသောအခါ အံ့သြရသည်။ သူသည် ဘော့စ်ဘောတွင် အကျော်အမော် ဖြစ်၏ ။ ကောလိပ်မှာကတည်းက ဘော့စ်ဘောကစားခြင်းတွင် နာမည်ကြီးသည်။ ကျွန်တော့် သူငယ်ချင်းများနှင့် ကျွန်တော်သည် အဖေ ကစားသည်ကို အတုယူပြီး ကစားခဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ပုခုံးများ ပွန်းပဲ့လာသည်အထိ အသည်းအသန် ကစားခဲ့ကြလေသည်။

*

ကျွန်တော် လူငယ်ဘဝတွင် ဂုဏ်အယူရဆုံး အဖြစ်အပျက်တစ်ခုနှင့် ကြုံခဲ့ပါသည်။ ထိုအချိန်က ကျွန်တော် ၁၁ နှစ်သား ဖြစ်၏ ။ အဖေနှင့် ကျွန်တော် ဘော့စ်ဘောကစားကွင်း၌ အတူကစားကြသည်။ အဖေက ဘောလုံးကိုပစ်ရပြီး ကျွန်တော်က ဘောလုံးကို လက်အိတ်ဖြင့် ဖမ်းရလေသည်။ အဖေ ပစ်လိုက်သော ဘောလုံးကို ကျွန်တော် မိအောင်ဖမ်းလိုက်နိုင်သည်။ ထိုအခါ အဖေက “သား…မင်း တယ်ဟုတ်ပါလားကွ။ မင်း လူကြီးဖြစ်ပြီ” အဖေက ပြုံးလျက် ဆက်ပြီး “အခုပစ်တာ ငါ အားနည်းနည်းလေးနဲ့ ပစ်တာ မဟုတ်ဘူး။ အားအပြင်းဆုံး ပစ်လိုက်တာကွ” ဟု ဆက်ပြောသည်။ အသက် ၁၁ နှစ်သားအရွယ်က ဂုဏ်အယူဆုံးအလုပ် ဖြစ်ပါသည်။

ထိုအချိန်များတွင် ကျေနပ်ဖွယ်ကောင်းသလို၊ လွတ်လွတ်လပ်လပ် နေထိုင်ခဲ့ရပါသည်။ သောကြာနေ့ညများဆိုလျှင် မစ်ဒလင်းကို ပျော်ပျော်ပါးပါး

သွားလည်ကြသည်။ တနင်္ဂနွေနေ့ဆိုလျှင်လည်း ဘုရားကျောင်း သွားတက်ကြသည်။ မည်သူမျှ အိမ်ထဲတွင် တံခါးပိတ်မခံရပေ။ နှစ်ပေါင်းများစွာ ကြာသောအခါ အမေရိကန်အိပ်မက် ဆိုသည့်အကြောင်း ကျွန်တော် မက်ခဲ့သည်။ ထိုအိပ်မက်မှာ မစ်ဒလင်းတွင် နေထိုင်ခဲ့ရသော ကျွန်တော့် ရင်ထဲတွင် ရှိနေသည့် အိပ်မက်ဖြစ်ပါသည်။

ဤသို့ ပျော်ရွှင်ဖွယ်ကောင်းသော ဘဝတွင် နေထိုင်စဉ်မှာပင် ကြေကွဲစရာကောင်းသော အဖြစ်များလည်း ဖြစ်ပေါ်ခဲ့သည်။ ၁၉၅၃ ခုနှစ် နွေဦးတွင် ကျွန်တော်၏ သုံးနှစ်အရွယ် ညီမလေးရိဘင်မှာ နေထိုင်မကောင်းဖြစ်၍ ဆရာဝန်နှင့် စစ်ဆေးရာတွင် ညီမလေးသည် လူကေးမီးယားခေါ် သွေးကင်ဆာ ဖြစ်နေပါသည်။ ထိုရောဂါမျိုးသည် ကုသ၍ မပျောက်ကင်းနိုင်သော ရောဂါဖြစ်၍ ။ ကျွန်တော့်မိဘများက သူ့ကို နယူးယောက်ရှိ မန်မိုရီယယ် စလုန်း ကက်တားရင်း ဆေးရုံကြီးသို့ သွားရောက်ကုသပါသည်။ ပျောက်လေမလားဆိုသော မျှော်လင့်ချက် သူတို့ခေါင်းထဲတွင် ရှိနေသည်။ သုတေသီများကလည်း သူမရောဂါကို စမ်းသပ်ပြီး သုတေသန ပြုလုပ်ကြပါသည်။

အမေက လပေါင်းများစွာ ရိဘင်၏ အိပ်ရာဘေး၌ သာ အမြဲရှိနေသည်။ အဖေက တက္ကဆက်နှင့် အိမ်ကို့စ်ကြား လွန်းပြန် အသွားအပြန် လုပ်နေရ၏ ။ ကျွန်တော်က ကျွန်တော့်မိဘ၊ မိတ်ဆွေများထံတွင် နေရသည်။ အဖေက အိမ်ပြန်လာသောအခါ အလုပ်သွားလုပ်သည်။ နောင်မှ သိရသည်မှာ အဖေသည် နံနက်တိုင်း ၆ နာရီခွဲသည်နှင့် ဘုရားရှိခိုးကျောင်းသွားပြီး ရိဘင်အတွက် ဆုတောင်းသည်ဟု သိရလေသည်။

မိတ်ဆွေအပေါင်းအသင်းများကို ကျွန်တော့် ညီမလေး၏ ကျန်းမာရေးမှာ သေလုမြောပါး ဖြစ်နေပြီဟု ကျွန်တော့်မိဘများက မပြောပြပေ။ မည်သူ့ကိုမျှလည်း ရှင်းမပြပေ။ ကျွန်တော့်ညီမလေး ဖျားရုံသာ ဖျားသည်ဟု ပြောကြလေသည်။ တစ်နေ့ မစ်ဒလင်းရှိ ဆမ်ဟူစတန် မူလတန်းကျောင်းမှ

ကျွန်တော်တို့ဆရာမက ကျွန်တော်နှင့် အတန်းဖော် တစ်ယောက်ကို ကျောင်းတစ်ဖက်ဆောင်မှ အသံဖမ်းစက်ကို သွားယူရန်ခိုင်းလိုက်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် လေးလံလှသော အသံဖမ်းစက်ကြီးကို ထမ်းလာစဉ် လမ်းပေါ်တွင် ကျွန်တော်တို့အိမ်မှ စီးသော ကားကြီးကို လှမ်းတွေ့လိုက်ရသည်။ ကားပေါ်တွင် အဖေနှင့်အမေကို တွေ့လိုက်သည်။ ကားပြတင်းပေါက်တွင် ညီမလေး ရိုဘင်၏ ရွှေရောင်ဆံပင်လေးများ လွင့်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်သည် ကျောင်းဝင်းထဲမှနေ အပြင်သို့ ပြေးထွက်ခဲ့သည်။ အမေက ကားပေါ်မှ ဆင်းကာ ကျွန်တော့်ကို ပွေ့ဖက်ထား၏ ။ ကားထဲတွင် ရိုဘင်ကို မတွေ့ရပါ။ အမေက ကျွန်တော့်ကို သားညီမလေး ဆုံးသွားပြီဟု ပြောလိုက်သည်။ အိမ်သို့ ပြန်လာသောအခါ အိမ်တွင် အဖေနှင့် အမေ အသည်းအသန် ငိုကြွေးနေကြသည်။ ကျွန်တော့်ဘဝတွင် ပထမဆုံး အဖေနှင့်အမေ ထိုသို့ ငိုနေသည်ကို တွေ့ရခြင်း ဖြစ်သည်။

ကျွန်တော့်ညီမလေး ရိုဘင် ဆုံးသွားသည့်အတွက် ကျွန်တော် ကြေကွဲခဲ့ရသည်။ အသက် ခုနှစ်နှစ်သက်တမ်းတွင် အကြေကွဲဆုံးလည်း ဖြစ်သည်။ ညီမလေးရိုဘင် သေဆုံးသွားခြင်းအတွက် ကျွန်တော် ကြေကွဲစိတ်ထိခိုက်ရသည်မှာ ကျွန်တော့်အတွက် ကစားဖော် ဆုံးရှုံးသွားခြင်းကြောင့်ဖြစ်ပြီး နောက်တစ်ချက်မှာ အဖေနှင့်အမေ အကြီးအကျယ် စိတ်ထိခိုက်သည်ကို မြင်ရခြင်းကြောင့် ဖြစ်သည်။ သားသမီးအပေါ် မိဘ၏ ချစ်ခင်မှုကိုလည်း ယခုမှ ကျွန်တော် မြင်တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

***

ရိုဘင်ကွယ်လွန်သွားပြီးနောက် အမေနှင့် ကျွန်တော်မှာ ပို၍ ပင် ခင်တွယ်လာကြသည်။ ယခင်ထက်ပို၍ နီးနီးကပ်ကပ် ပွန်းပွန်းတီးတီး ရှိလာသည်။ အဖေကတော့ အလုပ်တွင်သာ အချိန်ကုန်နေ၏ ။ အလုပ်မှ နားသည်ဟူ၍ ပင်

မရှိပေ။ အိမ်တွင် အမေနှင့် ကျွန်တော်မှာ တစ်ချိန်လုံး အတူရှိကြသည်။ ရေချိုးလျှင်လည်း အတူချိုးသည်။ ရယ်စရာ၊ မောစရာများကိုပြော၍ ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြပါသည်။ တစ်နေ့ မိုက်ပရော်တာက တံခါးကိုခေါက်ပြီး ကျွန်တော့်ကို လာခေါ်သည်။ ကျွန်တော် မကစားနိုင်ကြောင်း ပြောလိုက်သည်။ “ငါ အိမ်မှာ အမေနဲ့ နေရမယ်ကွ” ဟု ကျွန်တော်ပြောလိုက်သည်ကို အမေ ကြားလေသည်။

ရိုဘင်သေဆုံးပြီးနောက် ကျွန်တော်သည် အိမ်တွင် တစ်ဦးတည်းသောသားအဖြစ် နေခဲ့ပါသည်။ နောက်မှ ညီမလေး ဂျက်ကို မွေးခဲ့၏ ။ ဂျက်နှင့်ကျွန်တော်မှာ ခုနှစ်နှစ် ကွာပါသည်။ နောက် နေးလ်နှင့် မာဘင်ကို မွေးသည်။ နောက်ဆုံး ညီမလေး ရိုဒိုကို မွေးခဲ့လေသည်။ ကျွန်တော် ကြီးလာသော်လည်း အမေက ကျွန်တော့်ကို တရင်းတနှီး နေတုန်းပင် ဖြစ်သည်။ ကျွန်တော့်ဘဝတွင် အမေသည် အဓိကအခန်းမှ ပါဝင်ခဲ့လေသည်။ ကင်းထောက်အဖွဲ့တွင်လည်း အမေက နာယကအဖြစ် ပါဝင်၏ ။ ကာဘက်ဇ်ကာဗန်သို့ အမေက ကားဖြင့် သွားလေ့ရှိ၏ ။ ထိုနေရာတွင် ကျွန်တော့်ကို အမြဲလျှောက်၍ လည်လေ့ ရှိပါသည်။ ကျောက်စက်၊ ကျောက်ပန်းများ တွဲလွဲကျဆင်းနေသလို မိုးပေါ်လည်း ထောင်တက်နေသည်။ အမေက ကျွန်တော့်ကို ဘစ်ပရင်းသို့ ခေါ်သွားလေ့ရှိ၏ ။ ကားထဲတွင် ပြင်သစ်စကားကို ကြိုးစား၍ သင်ပေးလေ့ ရှိပါသည်။

အမေနှင့်အတူ ကားစီးရင်း အမေ့ကို ကျွန်တော် ကြည့်မိသည်။ အမေ့ပုံပန်းသဏ္ဌာန်နှင့် စရိုက်လက္ခဏာများကို ကျွန်တော် မှတ်မိနေလေသည်။ အမေနှင့် ကျွန်တော်မှာ ဟာသဓာတ်ခံရှိခြင်းလည်း တူသည်။ အကြိုက်လည်း တူတတ်ပါသည်။ ကျွန်တော်တို့ သားအမိသည် မကြာခဏဆိုသလို ကားဖြင့် အတူသွားလေ့ ရှိ၏ ။ တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးသို့လည်း ကျွန်တော် သွားတတ်သည်။ ရင်းနှီးသူများက ကျွန်တော့်မှာ အဖေ၏ မျက်လုံးရှိပြီး အမေ၏ ပါးစပ်ရှိသည်ဟု ပြောတတ်သည်။ ထိုသို့ပြောသည့်အခါ လူများက

ရယ်မောကြသည်။ သို့သော် ထိုစကားမှာ နောက်ပြောင်ခြင်း မဟုတ်သလို အမှန်လည်း ဖြစ်နေပါသည်။

ဂျော့ဘုရှ်နှင့် ဘာဘရာဘုရှ်တို့၏ သားဖြစ်ရသည့်အတွက် ကျွန်တော့်မှာ မျှော်လင့်ချက် ရှိခဲ့လေသည်။ သူတို့၏ သား ဖြစ်သည့်အတွက် ကြင်နာသနားမှုရခြင်း မဟုတ်ဘဲ ဂုဏ်ယူစွာပြောခြင်းဖြစ်ကြောင်း နောင် လူများ သိလာကြသည်။ မိဘများကမူ သူတို့၏ ရည်မှန်းချက်များကို ကျွန်တော့်အပေါ် ပုံအောမထားပါ။ ကျွန်တော့် ရည်မှန်းချက်အတိုင်းပဲ ဖြစ်စေချင်ကြသည်။ သူတို့က ဘေ့စ်ဘော ကစားသမား ဖြစ်မည်ဆိုလည်း ဖြစ်စေချင်ကြသည်။ နိုင်ငံရေးသမားဖြစ်မည်ဆိုလည်း ဘာမှမပြော။ အနုပညာသမား (ဖြစ်ရန် အခွင့်အရေးကား မရှိပါ) ဖြစ်မည်ဆိုလျှင် မကန့်ကွက်ကြပါ။ သူတို့အနေဖြင့် မိဘတာဝန်အဖြစ် မေတ္တာကိုသာ အလေးထားပေးသည်။ ကျွန်တော် ဖြစ်ချင်သည့်အတိုင်း ဖြစ်ဖို့သာ အားပေးသည်။ ကျွန်တော့်လမ်းကို ကျွန်တော့်ဘာသာ လျှောက်ဖို့ တိုက်တွန်းခဲ့ကြလေသည်။

သူတို့က နယ်ခြားမျဉ်းများကိုမူ ချပေးထားသည်။ မလုပ်သင့် မလုပ်ထိုက်သည့်၊ မသွားသင့် မသွားထိုက်သည်များကို ပြောပြထားသည်။ ကျွန်တော် သွားသင့်သည်များကိုလည်း ရှင်းပြပါသည်။ အမေက ကျွန်တော့်ကို တွန်းအားပေးသူ ဖြစ်သည်။ အမေနှင့် ကျွန်တော်၏ စရိုက်မှာ တူပါသည်။ အမေက လုပ်စရာရှိသည်ကို အပူတပြင်း လုပ်လေ့ရှိ၏ ။ အမေက မီးစာဖြစ်၍ ကျွန်တော်က မီးထွန်းသူ ဖြစ်လေသည်။ ကျွန်တော် လုပ်ချင်သည်ကို အမေက တွန်းအားပေးသည်။ ကစား၍ ညစ်ပတ်ပေရေနေလျှင် အမေက ကျွန်တော့်ပါးစပ်ကအစ အားလုံးကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ပေးလေသည်။ ထိုသို့ သန့်စင်ပေးသည်ကို တစ်ကြိမ်မက အကြိမ်ကြိမ်လုပ်ပေးလေ့ ရှိသည်။ ကျွန်တော်ကလည်း လူငယ်တစ်ယောက်အဖြစ် တက်တက်ကြွကြွ လုပ်ဆောင်ခဲ့သည်။ အမေ့ကို ချွဲ၍ ဟိုဟာလုပ်ပေးပါ။ ဒီဟာလုပ်ပေးပါဟု ပြောလေ့မရှိ။ ကျွန်တော့်ဘာသာ

လုပ်ဆောင်လေသည်။ အမေက ဘာကိုလုပ်ပါ ဟူ၍ ညွှန်ပြလေသည်။ တစ်ခါတစ်ရံ ကျွန်တော်က အမေ့ကို နောက်ပြောင်တတ်သည်။ အမေ့ခေါင်းမှ ဆံပင်ဖြူသည်ကို ကြည့်ပြီး အမေဆံပင်ဖြူရင် ကျွန်တော့်မှာ တာဝန်ရှိတာပေ့ါဟု... နောက်ပြောင်ပြောလေ့ရှိခြင်း ဖြစ်သည်။

ကျွန်တော် အသက်ကြီးလာသောအခါ ကျွန်တော့်မိဘများထံ သွားလေ့ရှိသည်။ ဘယ်အချိန်သွားမည် မကန့်သတ်ဘဲ သွားချင်သည့်အချိန်သွားကာ မိဘများ၏ မေတ္တာကို ခံယူလေ့ရှိ၏ ။ ကျွန်တော့်အသက် ၁၄ နှစ်အရွယ်တွင် ကျွန်တော်တို့အိမ်မှာ ကားနှစ်စီး ရှိပါသည်။ တရားဝင်ကားမောင်းခွင့်ကား ကျွန်တော် မရသေးပါ။ အဖေနှင့်အမေက ကျွန်တော့်ကိုချစ်သည့်အတွက် ကားမောင်းချင်လျှင် မောင်းခွင့်ပေးပါသည်။ ကျွန်တော်က အဖေ့ကားကို ယူမောင်းသည်။ တစ်ခါက ကားမောင်းကြမ်းသဖြင့် ကားမှာ အတော်ပျက်စီးသွား၏ ။ တံခါးလည်း ပြုတ်သွားလေသည်။ ကျွန်တော်သည် အိမ်တွင်ဆိုးဆိုး နေတတ်သည်။ အိမ်ရှိ အလှမွေငါးကန်ထဲသို့ ဖော်ဒ်ကာအရက်များ လောင်းထည့်သဖြင့် ညီမလေး ဒိုရို၏ ရွှေငါးလေးမှာ သေသွားခဲ့လေသည်။ အိမ်တွင် ကျွန်တော်က သုန်သုန်မှုန်မှုန် နေတတ်သလို၊ တောင်းဆိုချက်များလည်း များလေသည်။ ထိုသို့ ကျွန်တော် ဆိုးသော်လည်း ကျွန်တော့်မိဘများကတော့ ကျွန်တော့်အပေါ် မေတ္တာမပျက်ခဲ့ကြပါ။

ဤသို့ဖြင့် စိတ်ရှည်သည်းခံသော မိဘမေတ္တာကို ကျွန်တော် သိလာခဲ့သည်။ အကန့်အသတ်မရှိသော မိဘ၏ မေတ္တာကို သိလာသောအခါ မိဘအပေါ် နားလည်လာ၏ ။ ပုန်ကန်လိုစိတ်၊ ထင်ရာစိုင်းလိုစိတ်များ လျော့နည်းသွားတော့သည်။ ကျွန်တော်က လူငယ်ပီပီ လွတ်လွတ်လပ်လပ် ပေ့ါပေ့ါပါးပါး နေလိုပါသည်။ ကျွန်တော်၏ လွတ်လပ်ခွင့်ကို ကျွန်တော့်မိဘများကလည်း မချုပ်ချယ်ခဲ့ကြ။ သူတို့ ကျွန်တော့်အပေါ် ချစ်သလို၊ ကျွန်တော်လည်း မိဘများအပေါ် အလွန်ချစ်ခင်မြတ်နိုးခဲ့ပါသည်။

တစ်နေ့ ကျွန်တော် ကားမောင်းတတ်ခါစ အချိန်ဖြစ်ပါသည်။ အဖေက အလုပ်ကိစ္စတစ်ခုဖြင့် ခရီးသွားနေရ၍ ။ အမေက ကျွန်တော့်ကို သူတို့အခန်းထဲ ခေါ်လိုက်ပါသည်။ အမေ့ကြည့်ရသည်မှာ တစ်ခုခုဖြစ်နေပုံရပြီး အမေ့အသံမှာလည်း စိုးရိမ်သံဖြစ်နေ၍ ။ အမေက သူ့ကို ကားမောင်းပြီး ဆေးရုံသို့ပို့ပေးရန် ပြောပါသည်။ ကျွန်တော်က ဘာဖြစ်လို့လဲဟု မေးသောအခါ အမေက ကားပေါ်ရောက်မှ ပြောမယ်ဟု ပြောပါသည်။

ကျွန်တော် ကားရုံထဲမှ ကားကိုထုတ်လိုက်သည်။ အမေက ကားကို သတိထားမောင်းရန်နှင့် ချိုင့်များ၊ အမြင့်များကို ရှောင်ပြီး မောင်းရန်လည်း သတိပေးပါသည်။ နောက် သူမ ကလေးပျက်သွားသည်ဟု ကျွန်တော့်ကို ပြောပြလေသည်။ ကျွန်တော်လည်း အံ့အားသင့်သွား၍ ။ ထိုကိစ္စမျိုး အမေလည်း ကျွန်တော့်ကို တစ်ခါမှ မပြောဖူးသလို၊ ကြားလည်း တစ်ခါမျှကျွန်တော် မကြားဖူးပေ။ ဆေးရုံသို့ရောက်အောင် ကားကို မောင်းသွားနိုင်ပါသည်။ ပျက်ကျသွားသော ကလေးနှင့် ပတ်သက်ပြီး ညီလေးလား၊ ညီမလေးလားဟု တွေးနေမိခဲ့ပါသည်။

ဆေးရုံတွင် ဆရာဝန်များက အမေ့ကို စစ်ဆေးကြသည်။ ကျွန်တော်သည် အမေ့ကို ထည့်ထားသော အခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ ခဏအကြာတွင် အခန်းအပြင်သို့ အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက် ထွက်လာပြီး… ဘာမှစိတ်မပူပါနဲ့တော့ကွယ်။ မောင့်ရင့်ဇနီးသည် အခြေအနေကောင်းသွားပါပြီဟု ပြောသည်။ ကျွန်တော် အခန်းထဲရောက်သွားသောအခါ ဆရာဝန်က စိတ်ပူစရာ မရှိတော့ကြောင်း၊ ဆေးရုံတွင် တစ်ည နေရမည့်အကြောင်း ပြောသည်။ ကျွန်တော်က အခန်းအပြင်တွင် မိန်းမကြီး ပြောသောစကားကို အမေ့အား ပြန်ပြောပြသောအခါ အမေ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။ ကျွန်တော်လည်း ဆရာဝန်စကားကြောင့် စိတ်သက်သာရာ ရသွားပါသည်။

နောက်တစ်နေ့တွင် အမေ့ကို အိမ်သို့ပြန်ခေါ်ရန် ဆေးရုံသို့ ထွက်လာခဲ့သည်။ ကျွန်တော်က အမေ့ကို ဂရုတစိုက် စောင့်ရှောက်ပေးသည့်အတွက် ကျေးဇူးတင်နေသည်။ အမေက သားလျှောသည့်ကိစ္စကိုလည်း ဘယ်သူ့မျှ မပြောရန် မှာသည်။ ကျွန်တော်ကလည်း အမေ့ဆန္ဒကို လေးလေးစားစားဖြင့် ခေါင်းညိတ်ပြပါသည်။ အမေမှာသည့် အချိန်မှစ၍ ယခုကိစ္စကို ဘယ်သူ့မျှ မပြောခဲ့ပါ။ ယခုစာအုပ်ထဲ ထည့်ရေးရသည်မှာလည်း အမေ ခွင့်ပြုခဲ့သောကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော့်အတွက်မူ အမေမှာသည့်အတိုင်း စောင့်ထိန်းရသည့်အတွက် အလုပ်ကြီးဟုယူဆကာ ဂမ်းမြောက်နေသည်။ ကျွန်တော်တို့ သားအမိကြားတွင် ပိုပြီးနက်နက်ရှိုင်းရှိုင်း ယုံကြည်မှုရှိနေသည်ဟုလည်း ယူဆမိပါသည်။

ကျွန်တော် တက္ကဆက်တွင် နေထိုင်ကြီးပြင်းလာချိန်၌ ကျွန် ဘုရှ် မိသားစုမှာ တခြားကမ္ဘာတွင် နေထိုင်လျက် ရှိပါသည်။ ကျွန်တော် ခြောက်နှစ်သားက အဖေ၏ မိဘများသည် ကွန်နက်တီးကတ်ပြည်နယ်၊ ဂရင်းဝပ်တွင် နေထိုင်ကြပါသည်။ ကျွန်တော့်ကို လူကြီးများ ထမင်းဝိုင်းတွင် မကျွေးဘဲ သီးသန့်ကျွေးသည်။ ကျွန်တော်က ကုတ်အကျႌ၊ လည်စည်းနှင့် ဝတ်စားသည်။ မစ်ဒလင်းတွင် နေစဉ်က ထိုသို့ တစ်ခါမျှ မကြုံခဲ့ဖူးပါ။ ထမင်းစားပွဲမှာ ခမ်းနားလှပါသည်။ ထမင်းစားပွဲတွင် ဤမျှများပြားသော ဇွန်းများ၊ ခက်ရင်းများ၊ ဓားများ မတွေ့ခဲ့ဖူးပါ။ ထိုပစ္စည်းများအား သပ်သပ်ရပ်ရပ် စီထားသည်ကို တွေ့ရသည်။ ဝတ်စုံအနက်နှင့် အပေခံအဝတ်ကို စည်းထားသော အမျိုးသမီးကြီးက ကျွန်တော့်ကို အနီရောင်ရှိသော စွပ်ပြုတ်တစ်ပန်းကန် ချပေးပါသည်။ ပန်းကန်ထဲတွင် စွပ်ပြုတ်ရည်ပျစ်ပျစ်များကို တွေ့ရသည်။ ကျွန်တော်က ဇွန်းဖြင့်ခပ်၍ မြည်းကြည့်၏ ။ အရသာက ဘာမှန်းမသိဘဲ ဖြစ်နေသည်။ လူများက ကျွန်တော့်ကို ဝိုင်းကြည့်နေကြပါသည်။ စွပ်ပြုတ်၏ အရသာကို ဘယ်လိုပြောမလဲဟု စောင့်ပြီး ကြည့်နေကြခြင်း ဖြစ်၏ ။ အမေက

ကျွန်တော့်နားကပ်ပြီး "စားပွဲပေါ်က အားလုံးကိုစား၊ ဘာတစ်ခွန်းမှ မပြောနဲ့" ဟု တိုးတိုးလေး ပြောပါသည်။

ကျွန်တော်က ကျွန်တော့်အဖေ၏ မိဘများဖြစ်သော အဘိုး၊ အဘွားများအကြောင်းကို ယခင်ကတည်းက ကြားဖူးနေပါသည်။ အဘိုးမှာ ပရက်စကော့ ဘုရှ်ဖြစ်ပြီး အရပ်ကြီးမှာ မိုးထိုးနေ၏ ။ အရပ် ၆ ပေ ၄ လက်မရှိသည်။ ရယ်မောလျှင် အားရပါးရ ရှိသည်။ သူ့ရုပ်လက္ခဏာမှာ ထွားကျိုင်းလှသည်။ ဂရင်းဝပ်တွင် သူ့ကို မသိသူမရှိပေ။ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်လည်း ဖြစ်သည်။ မြို့တွင် ဂုဏ်သိက္ခာရှိသော လူရိုသေ၊ ရှင်ရိုသေ ပုဂ္ဂိုလ်ကြီးဖြစ်ပြီး မြို့ကောင်စီတွင် ပြဿနာများကို ဖြေရှင်းပေးသော လူကြီးတစ်ယောက်လည်း ဖြစ်လေသည်။ ထို့ပြင် အဘိုးသည် ထင်ရှားသော ဂေါက်သီးရိုက်သမားတစ်ဦး ဖြစ်၏ ။ အမေရိကန် ဂေါက်ရိုက်သူများအသင်း၏ ဥက္ကဋ္ဌ ဖြစ်သည်။ အမေရိကန် အိုးပင်းစီနီယာ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ၆၆ ကျင်းဝင်အောင် ရိုက်နိုင်ခဲ့သူလည်း ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်၌ အဘိုးသည် ဆီးနိတ်အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည်။ မဲ ၁၀၀၀ ခန့်လျော့ကာ အရွေးမခံခဲ့ရပေ။ နောက် နှစ်နှစ်အကြာတွင် ကွန်နက်တီးကတ်ရှိ ရီပတ်ဗလေကန်များက အဘိုးကို နောက်တစ်ကြိမ် အရွေးခံရန် စည်းရုံးတိုက်တွန်းသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ဤတစ်ကြိမ်တွင်တော့ အဘိုးမှာ အရွေးခံခဲ့ရလေသည်။

ကျွန်တော် ၁၀ နှစ်သားအရွယ်တွင် ဝါရှင်တန်ရှိ အဘိုးဆီသို့ သွားရောက်လည်ပတ်ခဲ့၏ ။ အဘိုးနှင့်အဘွားက ကျွန်တော့်ကို ဂျော့ရှ်တောင်းနေအိမ်သို့ ခေါ်သွားခဲ့ကြသည်။ ဂျော့ရှ်တောင်းတွင် သက်ကြီးရွယ်အိုများကြား ကျွန်တော် လျှောက်သွားနေသည်။ ဂန်ပီက ကျွန်တော့်လက်ကို ဆွဲကာ "ဂျော်ဂျီ... သားကို အဘိုး လူတစ်ယောက်နဲ့ တွေ့ပေးမယ်" ဟု ဆိုကာ ကျွန်တော့်ကို အလွန်ထွားကျိုင်းသော

လူကြီးတစ်ယောက်ဆီ ခေါ်သွား၏။ ထိုသူကြီးမှာ အခန်းထဲရှိ လူများထက် ပိုထွားကျိုင်းပြီး ပိုအရပ်မြင့်သောသူ ဖြစ်ပါသည်။

ကျွန်တော့်အဘိုးမှာ အလွန်တည်ကြည်သော သူတစ်ယောက် ဖြစ်သည်။ သူက "ကလေးများသည် မြင်သင့်သည်၊ သို့သော် မကြားသင့်" ဆိုသော ကျောင်းမျိုးမှ ထွက်လာသူ ဖြစ်ပါသည်။ ကျွန်တော့်ကိုလည်း စည်းနှင့်ကမ်းနှင့် နေထိုင်ကြီးပြင်းရမည်ဟု ဆုံးမ သွန်သင်တတ်သည်။ ထိုစည်းကမ်းများအတွင်း အမြန်ဆုံးလုပ်ဆောင်ရန် တိုက်တွန်းသည်။ အတင်း

ဓမ္မလည်း ထိုစည်းကမ်းအတိုင်း လုပ်စေသည်။ သူ၏ အချစ်ဆုံးခွေး၏ အမြီးကို ကျွန်တော်က ဆွဲခဲ့သဖြင့် ကျွန်တော့်ကို အခန်းထဲထည့် တံခါးပိတ်ထားဖူးပါသည်။ ထိုအချိန်မှစ၍ ကျွန်တော့်အဘိုးသည် အလွန်ကြောက်စရာကောင်းသောသူ ဖြစ်သည်ဟု တွေးနေမိပါတော့သည်။ နောက်နှစ်ပေါင်း အတန်ကြာသောအခါ အခါ အဘိုးသည် ကြင်နာသနားတတ်သော နှလုံးသားရှိကြောင်း သိခဲ့ရသည်။ အဘိုးသည် မြေးများကို အလွန်ချစ်၏။ ညီမလေးရိဘင် သေစဉ်က အမေ့ကို အဘိုးက ကြင်ကြင်နာနာ နှစ်သိမ့်ပေးခဲ့၏။ ဂရင်းဝပ်တွင် ညီမလေး၏ ဂူကို လှလှပပလေး လုပ်ပေးထားသည်။ ၁၉၇၂ ခု အဘိုးကွယ်လွန်သောအခါတွင် သူ့ရုပ်အလောင်းကို ညီမလေး၏ ဂူဘေးတွင် မြှုပ်နှံခိုင်းခဲ့ပါသည်။

အဖေက သူ့အဖေကို ချစ်လည်းချစ်၊ ရိုလည်း ရိုသေပါသည်။ သူ့အမေကိုမူ မြတ်မြတ်နိုးနိုးဖြင့် အလွန်ဂရုစိုက်လေသည်။။ ဒေါ်ရော်သီ ဝေါ့ကာ ဘုရှ်မှာ နတ်သမီးလေးလို အလွန်သိမ်မွေ့လေသည်။ ကျွန်တော်တို့က အဘွားကို ဂန်နီဟု ခေါ်လေ့ရှိ၏။ အဘွားသည် အလွန်စိတ်နှလုံးကောင်းပြီး ချိုသာသိမ်မွေ့သူ ဖြစ်သည်။ ကျွန်တော် တွေ့ဖူးသမျှတွင် အဘွားသည် အသိမ်မွေ့ဆုံး မိန်းမတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော် ငယ်ငယ်တုန်းက သူမက ကျွန်တော့်ကျောကို ပုတ်ပြီး သိပ်ပေးပါသည်။ အဘွားသည် သိမ်မွေ့သလို

နှိမ့်နှိမ့်ချချလည်း နေတတ်ပါသည်။ ကျွန်တော်တို့ကို ပပလွှားလွှား မနေရန်၊ မကြွားရန်လည်း အမြဲပြောလေ့ရှိသည်။ အဘွားသည် ကျွန်တော့်အဖေ သမ္မတဖြစ်သည်ကို မြင်တွေ့သွားရပါသည်။ အဘွားကွယ်လွန်ချိန်တွင် အသက် ၉၁ နှစ်ရှိပြီ ဖြစ်သည်။ ၁၉၉၂ ခုနှစ် အဘွားကွယ်လွန်ချိန်တွင် အဖေသည် အဘွားခုတင်ဘေး၌ တစ်ချိန်လုံး ရှိနေ၏ ။ အဘွား၏ ထွက်သက်ကို အဖေ ကောင်းကောင်းမီခဲ့ပါသည်။ မကွယ်လွန်မီအချိန်၌ အဘွားက သမ္မာကျမ်းစာကို ဖတ်ပြရန် အဖေ့ကို ခိုင်း၏ ။ အဘွား၏ သမ္မာကျမ်းစာကို ယူဂုန် သူ့အိပ်ရာဘေးမှ အထုပ်ကို ဖွင့်လိုက်ချိန်တွင် ထိုအထုပ်ထဲတွင် စာရွက်အမြောက်အမြား ထွက်ကျလာသည်။ ထိုစာများမှာ အဖေက သူ့အမေထံ ရေးသားပေးပို့သော စာများ ဖြစ်ပါသည်။ အဘွားသည် သူ့သား၏ စာများကို မြတ်နိုးစွာဖြင့် နှစ်ပေါင်းများစွာ သိမ်းထားခြင်း ဖြစ်သည်။ အဘွားသည် သူ့သားကို အလွန်ချစ်၏ ။ သူမက ထိုစာများကို နောက်ဆုံးအချိန်ထိ သူမဘေးတွင် ထားစေချင်ပါသည်။

အမေ၏ မိဘများမှာ နယူးယောက်ရှိ ရိုင်းတွင် နေထိုင်ကြသည်။ အမေ၏ အမေ ပေါ်လင်း ရော်ဘင်ဆန် ပီးယားစ်မှာ ကျွန်တော် သုံးနှစ်အရွယ်ကပင် ကွယ်လွန်သွားခဲ့သည်။ အဘွားသေဆုံးရသည်မှာ ကားတိုက်မှုကြောင့် ဖြစ်၏ ။ အဘိုးက ကားမောင်းလာပြီး အဘွားက ဘေးမှထိုင်သည်။ ကားမောင်းနေစဉ် ဓာတ်ဘူးထထဲပါလာသော ကော်ဖီကို ငှဲ့သောက်ရာ ကော်ဖီက ပေါင်ပေါ်ဖိတ်ကျလေသည်။ ထိုအခါ ကားလက်ကိုင်ဘီးကို လှည့်လိုက်မိသဖြင့် လမ်းဘေးက ကျောက်တုံးနံရံကို ဝင်တိုက်မိ၏ ။ ထိုသို့တိုက်မိရင်း ဆုံးသွားခြင်းဖြစ်ပါသည်။ ကျွန်တော့် ညီမလေးကို အဘွား၏ နာမည်အား ပေးထားသည်။ အဘွားကို အမှတ်ရစေရန် ပေးလိုက်ခြင်း ဖြစ်၏ ။

ကျွန်တော်က အမေ၏ အဖေ မာဘင် ပီးယက်စ်ကို အလွန်သဘောကျ၏ ။ သူ့ကို ဘုန်းကြီးဟု ကျွန်တော်တို့က ခေါ်ကြလေသည်။ အဘိုးသည် အိုဟိုင်းအိုးပြည်နယ်၊ မီယာမီတက္ကသိုလ်မှ ထူးချွန်သော

အားကစားသမားတစ်ယောက်ဖြစ်ပြီး အားကစားလေးမျိုးအတွက် ဆုလက်မှတ် လေးခုလည်း ရထားသည်။ ကျွန်တော့်လို လူငယ်များ၏ မျက်စိထဲ၌ သူသည် အားကစားထူးချွန်သူ ဖြစ်သောကြောင့် ဒဏ္ဍာရီထဲမှ သူရဲကောင်းတစ်ယောက်လို၊ မျက်စိထဲ အရောင်များထွက်နေသလို ထင်ရပါသည်။ သမ္မတ ဖရန့်ကလင် ပီးယားစ်နှင့် ဆွေမျိုးတော်ပါသည်။ သို့သော် အနီးစပ်ဆုံး ဆွေမျိုးကား မဟုတ်ပါ။ အလှမ်းဝေးပါသည်။ အဘိုးက သိမ်မွေ့ပြီး သည်းခံတတ်သူ၊ နှိမ်နှိမ်ချချ နေတတ်သူတစ်ယောက်အဖြစ် ကျွန်တော် သတိရနေခဲ့ပါသည်။

အရှေ့ပိုင်းသို့ ကျွန်တော် ပြန်သွားခဲ့စဉ်က အရေးကြီးသော သင်ခန်းစာ နှစ်ခု ကျွန်တော် ရရှိခဲ့သည်။ ပထမတစ်ခုမှာ ကျွန်တော့်ကိုယ် ကျွန်တော် နှစ်သိမ့်အောင်နေဖို့၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေဖို့ဖြစ်ပြီး ကျန်တစ်ခုမှာ တက္ကဆက်ကို အမှန်တကယ် သဘောကျနှစ်ခြိုက်သည်ဟူသော သင်ခန်းစာ ဖြစ်ပါသည်။ ကျွန်တော်က မေဂျာလိစ် ဘေ့စ်ဘောပွဲကို စောင့်ကြည့်ပါသည်။ ကျွန်တော် ၁၀ နှစ်သားကတည်းက ကျွန်တော့်ဦးလေး ဘက်ကီကစားသည်ကို ကြည့်ပါသည်။ ဦးလေးမှာ ကျွန်တော့်အဖေ၏ ညီအငယ်ဆုံးဖြစ်ပြီး နယူးယောက်မှ ပိုလိုကစားပွဲများကိုလည်း ကျွန်တော့်ကို ခေါ်သွားတတ်ပါသည်။ ဦးလေးခေါ်သွားသော ပွဲများတွင် ကစားသော ကစားသမား ဂီလီမေကို ကျွန်တော် အမှတ်ရနေမိသည်။

ဆယ်စုနှစ် ငါးခုအကြာ၌ ဂီလီကို ကျွန်တော် နောက်တစ်ကြိမ် ပြန်တွေ့ရ၏ ။ ထိုအချိန်က သူ့ကို လူငယ်များ၏ ဂုဏ်ထူးဆောင် မဟာမင်းကြီးအဖြစ် ပြန်တွေ့ရခြင်း ဖြစ်ပါသည်။ အိမ်ဖြူတော်၏ တောင်ဘက်မြက်ခင်းပြင်တွင် တွေ့ဆုံခဲ့ရခြင်းဖြစ်၏ ။ ထိုအချိန်တွင် ဂီလီမှာ အသက် ၇၅ နှစ်ရှိပြီ ဖြစ်သည်။ သို့သော် ကျွန်တော့်မျက်စိထဲတွင်မူ ဆေးပေါ့ကစ်မှ ကစားသမားတစ်ယောက်လိုပင် မြင်နေသည်။ ထိုအချိန်က ကစားသမားများကို ကျွန်တော်က ပြန်ပြောပြပါသည်။ “ငါတို့ခေတ်တုန်းကတော့ကွာ၊ ငါဟာ ဂီလီမေလို

ကစားသမား သိပ်ဖြစ်ချင်တာပေါ့။ ငါက မကစားတတ်တော့ ခက်တယ်။ အခု အဲဒီလို ကစားသမားမဖြစ်ဘဲ သမ္မတ ဖြစ်လာတယ်ကွ” ဟု ပြောခဲ့ပါသည်။

၁၉၅၅ ခုနှစ်၌ ကျွန်တော်တို့ မိသားစုသည် မစ်ဒလင်းမှထွက်လာပြီး မိုင် ၅၅ဝ အကွာတွင်ရှိသော ဟူစတန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အဖေသည် ထိုအချိန်၌ ကမ်းလွန်ရေနံတူးဖော်ရေး ကုမ္ပဏီတစ်ခု၌ CEO ဖြစ်နေပေပြီ။ မက္ကဆီကို ပင်လယ်ကွေ့ထဲတွင် သံမဏိစင်ကြီးများထိုးပြီး ရေနံတူးဖော်နေခြင်း ဖြစ်၏ ။ ကျွန်တော်တို့အိမ်မှာ ပင်လယ်ကွေ့အနီးရှိ သစ်တောထဲတွင် ဆောက်ထားသည်။ မိုးများပြီး မုန်တိုင်းလည်း တိုက်လေ့ရှိပါသည်။ မစ်ဒလင်းနှင့်ကား မုန်တိုင်းများ တိုက်ခတ်တတ်ပါသည်။ ကျွန်တော်က ဂေါက်သီးရိုက် စ သင်၏ ။ မိတ်ဆွေသစ်များလည်း ရနေပေပြီ။ ကင်ကစ်ခေါ် အလွတ်ပညာသင်ကျောင်းတွင် ကျွန်တော် တက်ပါသည်။ မစ်ဒလင်းနှင့် ဟူစတန် ကွာခြားသည်ကို တွေ့ရပါသည်။ သို့သော် ဘယ်ဟာကောင်းသည်၊ ဘယ်ဟာ ဆိုးသည်ကိုကား နှိုင်းယှဉ်ရန်တော့ ခက်နေခဲ့သည်။

တစ်နေ့ ကျောင်းလွှတ်ချိန်တွင် အမေက ကျွန်တော့်ကို ကားမှတ်တိုင်တွင် စောင့်နေလေသည်။ ထိုအချိန်က ကျွန်တော် ကိုးတန်း ရောက်ပါပြီ။ အမေသည် ဘယ်တော့မှ ကားမှတ်တိုင်တွင် ကျွန်တော့်ကို စောင့်နေလေ့မရှိပါ။ ကျွန်တော့်ကို တွေ့သောအခါ အမေသည် စိတ်လှုပ်ရှားနေပုံရပြီး ကျွန်တော့်ကားပေါ်မှ ဆင်းဆင်းချင်းပဲ... “ဂျော့ရှ်ရေ... ဂုဏ်ယူပါတယ်ကွာ။ အန်ဒိုဘာက မင်းကို ကျောင်းတက်ခွင့် ပေးလိုက်ပြီ” ဟု ပြောပါသည်။ အမေ့အဖို့တော့ ထိုသတင်းမှာ သတင်းကောင်း ဖြစ်သည်။ ကျွန်တော့်အတွက်တော့ သတင်းကောင်းဟုတော့ အသေအချာ မပြောနိုင်ပါ။

အဖေက ကျွန်တော့်အား သူ၏ မိခင်တက္ကသိုလ် မက်ဆာချူးဆက်ပြည်နယ်၊ အန်ဒိုဘာရှိ ဖိလစ်အကယ်ဒမီတွင် တက်နိုင်ရန် ကြိုးစားခဲ့ပါသည်။ လွန်ခဲ့သည့် နွေရာသီကတည်းက ကြိုးစားခဲ့ခြင်း ဖြစ်၏ ။

ကျွန်တော်က အဖေနှင့်မတူပါ။ ထိုကျောင်းတွင် တက်ဖို့လည်း တက်တက်ကြွကြွ မရှိလှပါ။ ဘယ်ကျောင်းတက်ဖို့မှလည်း ခေါင်းထဲမရှိလှပါ။ အန်ဒိုဘာရှိ အဆောင်များမှာ အလွန်ကြီးမားသော အုတ်တိုက်ကြီးများ ဖြစ်သည်။ ကျောင်းဆောင်များရှေ့တွင် လေးထောင့်ကွက်လပ်ကြီးများ ရှိ၏ ။ တက္ကသိုလ်နှင့် တူလှသည်။ ကျွန်တော်က ကတင်းကိတ်ကို သဘောကျသော်လည်း မိဘများ၏ ဆန္ဒအတိုင်း ပြောင်းရမည်သာ ဖြစ်သည်။ အန်ဒိုဘာသည် ကျွန်တော်တို့ မိသားစုကျောင်းလို ဖြစ်နေပေသည်။

ကျွန်တော့်အတွက် ပထမဆုံးစိန်ခေါ်ချက်မှာ တက္ကဆက်ရှိ သူငယ်ချင်းများအား အန်ဒိုဘာရှိ ကျောင်းသို့ ကျွန်တော် ပြောင်းတက်ရသည့်အကြောင်း ရှင်းပြရန် ဖြစ်သည်။ ထိုအချိန်က တက္ကဆက်တွင် အထက်တန်းကျောင်းများတွင် တင်းကျပ်သော စည်းကမ်းပြဿနာ ရှိနေ၏ ။ ကျွန်တော်က မက်ဆာချူးဆက်တွင် ကျောင်းအိပ်ကျောင်းစား တက်ရမည့်အကြောင်း သူငယ်ချင်းတစ်ယောက်ကို ပြောပြခဲ့သည်။ ထိုအခါ သူငယ်ချင်းက “ဘုရှ်...မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မှားမနေဘူးလားကွာ” ဟု ပြောပါသည်။

၁၉၆၁ ခုနှစ်တွင် ကျွန်တော်သည် အန်ဒိုဘာ သို့ သွားခဲ့လေသည်။ ကျွန်တော့်ခေါင်းထဲတွင်မူ တထင့်ထင့် ဖြစ်နေ၏ ။ ကျောင်းတက်၍ အတန်းထဲဝင်လျှင် နက်တိုင်များကို စည်းထားရသည်။ ထမင်းစားလျှင်လည်း နက်တိုင်များကို စည်းထားရသည်။ ဘုရားရှိခိုးကျောင်းသို့ သွားလျှင်လည်း နက်တိုင်များကို စည်းထားရပါသည်။ အန်ဒိုဘာ၏ ရာသီဥတုမှာ အလွန်ဆိုးလှသည်။ ဆောင်းရာသီတွင် ဆိုက်ဘေးရီးယားသို့ ရောက်နေသလားဟု ထင်ရအောင် ခိုက်ခိုက်တုန် ချမ်းလေသည်။ တက္ကဆက်သားတစ်ဦးအနေဖြင့် ရာသီဥတု လေးခုကိုသာ သိပါသည်။ ရေခဲသောကာလ၊ နှင်းပွင့်လေးများ ကျသောကာလ၊ နှင်းများအရည်ပျော်သော ကာလ၊ နှင်းခဲများ ကျသော ကာလတို့ ဖြစ်သည်။

ကျောင်းတွင် ကျောင်းသူ မိန်းကလေးများမရှိပါ။ စာကြည့်တိုက်တွင် အလုပ်လုပ်သူများသာ ရှိသည်။ အချိန်ပိုဆင်းသည့်အချိန်တွင် သူတို့ကို မြင်ရသည်မှာ ရုပ်ရှင်ဇာတ်ဆောင်များကို မြင်ရသလို သဘောကျလှပါသည်။

ကျောင်းမှာ ပညာရေးကိုသာ အလေးထားသော ကျောင်းဖြစ်၏ ။ ပညာရေးကိုသာ အပြင်းအထန် သင်ကြားပေးလေသည်။ အန်ဒိုဘာသို့ ကျွန်တော် ကျောင်းတက်ခဲ့ရသည်မှာ ကျွန်တော့်ဘဝတွင် အပင်ပန်းဆုံး၊ အခက်ခဲဆုံး ဖြစ်ခဲ့ပေသည်။ နောက်အနှစ် ၄၀ အကြာ ကျွန်တော် သမ္မတ လုပ်ရသည်ထက်ပင် ပိုပင်ပန်းသလားဟု ထင်ရပါသည်။ ပညာရေးတွင် ကျွန်တော်သည် ထိပ်တန်းတွင် မရှိပါ။ ကျောင်းသားအများစုသည် ကြိုးကြိုးစားစား လေ့လာကျက်မှတ်ကြသည်။ အရှူးအမူးတွင် စာများကို ဖတ်ကြ၏ ။ ပထမနှစ်ကျောင်းသားအဖြစ် ကျွန်တော် ကျောင်းတက်သောအခါ ကျောင်းသည် အလွန်စည်းကမ်းကြီးပြီး ည ၁၀ နာရီထိုးလျှင် အခန်းမီးများကို ပိတ်ပစ်လိုက်သဖြင့် စာဖတ်ချင်လျှင် ပြတင်းပေါက်မှ ဝင်လာသော မီးရောင်ဖြင့်သာ ဖတ်ခဲ့ရလေသည်။

ကျွန်တော် အများဆုံး ကြိုးစားသင်ကြားရသည်မှာ အင်္ဂလိပ်စာ ဖြစ်သည်။ ပထမဆုံး ကျွန်တော်ရေးခဲ့သည့် အက်ဆေးမှာ ကျွန်တော့်ညီမလေး ရိုဘင် ဆုံးပါးသွားရသည့် ကြေကွဲစရာကောင်းသော အဖြစ်အပျက်များကို ရေးခြင်းဖြစ်သည်။ ကျွန်တော် ရေးလိုက်သည်မှာ ကျခဲ့သည့် မျက်ရည်ထက်ပင် ပိုပြောင်မြောက်သော စာလုံးများဖြင့် ရေးခဲ့သည်ဟု ထင်မှတ်မိပါသည်။ အမေက ကျွန်တော့်ကို သတိရသည့်အကြောင်း စာရေးလေ့ရှိ၏ ။ ကျောင်းသို့လာစဉ် Roget's thesaurus စာအုပ်ကို ယူလာခဲ့သည်။ ကျွန်တော်တို့ ရေးလိုက်သော စာရွက်များအား ကျွန်တော်တို့ထံ ပြန်ပေးပါသည်။ ကျွန်တော့်စာရွက်၏ မျက်နှာစာအပေါ်ဆုံးတွင် 'သုည' အကြီးကြီးကို ရေးထားရာ ကျွန်တော် ရှက်သွားခဲ့ရသည်။ အနိမ့်ခံလိုက်ရသည်ဟုလည်း ထင်မိသည်။ တက္ကဆက်တွင် ကျွန်တော် ကျောင်းတက်စဉ်က ကျွန်တော်သည် ထိပ်ဆုံးတွင်ရှိသော ကျောင်းသားဖြစ်၏ ။

ကျွန်တော်သည် ပညာရေးနှင့် ပတ်သက်၍ ပထမဆုံး ရှုံးနိမ့်ခြင်းဖြစ်ပေသည်။ ကျွန်တော်က အင်ဒိုဘာတွင် မနေချင်တော့ကြောင်း မိဘများကိုပြောရာ အဖေနှင့်အမေက ဆက်တက်ရန် ကျွန်တော့်ကို တိုက်တွန်းအားပေးသည်။ ကျွန်တော် ကျောင်းထွက်ရန် စဉ်းစားခဲ့သော်လည်း မထွက်ဖြစ်ခဲ့ပါ။ ကျောင်းတွင် အနယ်နယ်မှ လာတက်သော ကျောင်းသားများ ရှိ၏ ။ တက္ကဆက်မှ လာတက်သူများ၊ ဖို့ဒ်ဝက်မှ လာတက်သူများအပြင် အင်ဒိုဘာမှ လာတက်သူများလည်း ရှိ၏ ။ ကျွန်တော်က ဖို့ဒ်ဝက်မှ လာတက်သော (ကလေးဂျွန်ဆင်) နှင့် မိတ်ဆွေရင်းများ ဖြစ်ခဲ့သည်။ သူနှင့် စကားပြော ဆက်ဆံရသည်မှာ အဆင်ပြေ၏ ။ ကျွန်တော်၏ အပေါင်းအသင်းနယ်ပယ်မှာ ကျယ်လာခဲ့ပါသည်။ ပညာရေးတွင် မထူးချွန်သော်လည်း ပေါင်းသင်းဆက်ဆံရေးတွင် ကျွန်တော်သည် စည်းရုံးရေးမှူးကောင်း ဖြစ်လာသည်။ အထက်တန်းရောက်သောအခါ အန်ဒိုဘာတွင် ကျွန်တော့်ကို ဘောလုံးအသင်းခေါင်းဆောင် ခန့်ကြ၏ ။ ကျွန်တော့်ကိုလည်း တွစ်ဘုရှ်ဟု ခေါ်ပါသည်။

ကျွန်တော်တို့အသင်းတွင် အသိအမှတ်ပြု ကတ်ပြားများကိုလည်း ပေးသည်။ ထိုကတ်ပြားများသည် ကျောင်းသားကတ် အတုများအဖြစ် လုပ်ထားခြင်းဖြစ်၏ ။ ကျွန်တော်တို့ အစီအစဉ်ကို ကျောင်းအာဏာပိုင်များ သိသွားသောအခါ မလုပ်ရန် သတိပေး၏ ။ ရပ်တန်းက ရပ်ရန်လည်း ပြောကြားသည်။ ကျွန်တော်က ခေါင်းဆောင်အဖြစ်မှ အနားယူရန် လုပ်သောအခါ ကျွန်တော်နှင့် ညီအစ်ကိုဂမ်းကွဲတော်သူ ကီဗင်နာဖာတီအား ခေါင်းဆောင်နေရာ လွှဲပေးလိုက်လေသည်။ အန်ဒိုဘာ နောက်ဆုံးနှစ်၌ ကျွန်တော်သဘောကျသော သမိုင်းဆရာတစ်ယောက်နှင့် တွေ့ခဲ့ရ၏ ။ နာမည်မှာ တွမ်လိုင်ယွန် ဖြစ်သည်။ သူ့ကို ကျွန်တော် စိတ်ဝင်စားခဲ့မိသည်။ သဘောကျသော ဆရာအဖြစ် ဆည်းကပ်ခဲ့ပါသည်။ မစ္စတာလိုင်ယွန်သည် ဘရောင်းတက္ကသိုလ်၌ ဘောလုံးကန်ခဲ့သည်။ သူ

ပိုလီယိုမဖြစ်မီက ကန့်ခဲ့ခြင်းဖြစ်၏ ။ ကျွန်တော့်ကို ဩဇာအလွှမ်းဆုံး ဆရာဖြစ်သည်။ သူပို့ချသော သမိုင်းများမှာ အလွန်စိတ်ဝင်စားဖို့ ကောင်း၏ ။ အထူးသဖြင့် ဖရန်ကလင်ရစဖဲ့အကြောင်း သင်ချိန်တွင် ပိုစိတ်ဝင်စားခဲ့မိ၏ ။ မစ္စတာလိုင်ယွန်သည် FDR (ဖရန်ကလင်ဒီရစဖဲ့) ၏ နိုင်ငံရေးကို သဘောကျလေသည်။ သူသဘောကျသည်မှာ ရစဖဲ့၏ ကျန်းမာရေးကြောင့်လည်း ပါမလားဟု ကျွန်တော် သံသယဖြစ်မိခဲ့လေသည်။

မစ္စတာလိုင်ယွန်က ကျွန်တော့်ကို ကောင်းကောင်းမောင်း၏ ။ ကျွန်တော့်ကို လူတော်တစ်ယောက် ဖြစ်အောင်လည်း ပြုစုပျိုးထောင်ပေးသည်။ စာကျက်ခိုင်းသလို၊ စာများများလည်း ဖတ်ခိုင်း၏ ။ ကျွန်တော့်ပညာရေးအတွက် မြှောက်စားပေးသူလည်း ဖြစ်ပါသည်။ ဖတ်သင့်သည်များကို ဖတ်ဖို့၊ ကျက်သင့်သည်များကို ကျက်ဖို့ ကောင်းကောင်းမောင်းခဲ့ပါသည်။ သမိုင်းကို ကျွန်တော့်ဘဝတစ်လျှောက်လုံး စွဲလမ်းနှစ်ခြိုက်ခဲ့မိသည့်အတွက် ဆရာ့ကို အခုအချိန်ထိ ကျေးဇူးတင်လျှက် ရှိပါသည်။ နောက် ဆယ်စုနှစ်ပေါင်းများစွာ ကြာသောအခါ အိမ်ဖြူတော်မှ ဘဲဥပုံအခန်းထဲသို့ မစ္စတာလိုင်ယွန်ကို ကျွန်တော် ဖိတ်ခေါ်ခဲ့ပါသည်။ ဆရာ့ကို ဖိတ်ခေါ်ရသည်မှာ ကျွန်တော့်အတွက် အထူးနေ့ဖြစ်သည်။ သမိုင်းကို စိတ်ဝင်စားသော ကျောင်းသားတစ်ယောက်၏ ဘေးတွင် လူတစ်ယောက် မတ်တပ်ရပ်နေ၏ ။ ထိုလူသည် နှစ်ပေါင်းများစွာက ထိုကျောင်းသား၏ ဆရာအဖြစ် သမိုင်းကို သင်ကြားပေးခဲ့သူပင် ဖြစ်လေသည်။

*

အန်ဒိုဘာမှ ကျောင်းပြီးသည့်အခါတွင် ကောလိပ်ကျောင်းတက်ရန်အတွက် လျှောက်ရတော့မည်။ ကျွန်တော် ပထမဆုံး ယေးလ်ကို လျှောက်ဖို့ စဉ်းစား၏ ။ ယေးလ်မှာ ကျွန်တော့်ဆွေမျိုး အသိုက်အဝန်းအားလုံး တက်ခဲ့သောကျောင်း ဖြစ်သည်။ ကျွန်တော့်အဘိုး၊ အဖေ၊ ကျွန်တော့်အစ်ကိုများမှာလည်း ယေးလ်မှပင် ဖြစ်သည်။ ညီအစ်ကိုတစ်ဝမ်းကွဲများ၊

နှစ်ဝမ်းကွဲများမှာလည်း ယေးလ်မှပင် ဆင်းခဲ့ကြပါသည်။

ကျွန်တော့်မိသားစုအားလုံး ယေးလ်နှင့် ပတ်သက်ခဲ့သော်လည်း ကျွန်တော့်ကို လက်ခံပါ့မလားဟု သံသယ ဝင်မိပါသည်။ ကျွန်တော် အထက်တန်းအောင်ခဲ့သော အမှတ်နှင့်အဆင့်မှာ အောက်ဆုံးတွင် မရှိပါ။ ထိပ်ဆုံးတွင်လည်း မရှိခဲ့ပါ။ ကျွန်တော့်အောက်တွင် ကျောင်းသားအများအပြား ရှိသည်။ အန်ဒိုဘာမှ ကျောင်းအုပ်ကြီး ဂျီဂရင်း ဘေးဘင်နက်တစ်သည် ဖြောင့်မှန်သူတစ်ယောက် ဖြစ်သည်။ သူက အာမခံချက်ကောင်းကောင်းရအောင် လုပ်ရမှာပါသည်။ ကျွန်တော်က တခြားတက္ကသိုလ်ဖြစ်သော တက္ကဆက်မှ အော်စတင်တက္ကသိုလ်သို့ လျှောက်ရန်လည်း ဖြစ်နိုင်သည်ဟု ဆိုသည်။ အော်စတင်တက္ကသိုလ် ကျောင်းဝင်းထဲ အဖေနှင့်အတူတူ အရင်က လျှောက်ကြည့်ဖူး၏။ သို့သော် ကျွန်တော် ယေးလ်တက္ကသိုလ်သို့သာ လျှောက်ခဲ့ပါသည်။

တစ်နေ့ အိမ်မှစာတိုက်ပုံးထဲသို့ စာတစ်စောင်ရောက်လာသည်။ ထိုစာမှာ ယေးလ်တက္ကသိုလ်မှ ကျွန်တော့်ကို ကျောင်းဝင်ခွင့်ပေးသော စာဖြစ်၏။ မစ္စတာလိုင်ယွန်က ကျွန်တော့်ကို ထောက်ခံချက် ကောင်းကောင်း ပေးခဲ့သည်။ ကလေးဂျွန်ဆင်မှာလည်း တစ်ချိန်တည်းတွင် ကျောင်းဝင်ခွင့်ပြုကြောင်း သိရသည်။ ကျွန်တော်တို့ နှစ်ယောက်သည် အခန်းဖော်များအဖြစ် ယေးလ်တက္ကသိုလ်တွင် ဆက်တက်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

*

အန်ဒိုဘာမှ ထွက်လာခဲ့သည်မှာ ခြေလက်များ အတုပ်အနှောင်ခံရသလို ကျဉ်းကျပ်နေသည်။ တက္ကသိုလ်တွင် ကျွန်တော် ယူခဲ့သော ဒဿနိကဗေဒမှာ လူတိုင်းယူခဲ့သော ဖန်တစ်ရာတေနေသည့် ဘာသာရပ်ဖြစ်သည်။ ကျွန်တော်သည် ဒဲလ်တာ ကက်ပါ အက်ဆီလွန်တွင် တက်ရောက်ခဲ့၏။ ရက်ဘီကိုလည်း

ကစားသည်။ ထိုကစားနည်းမှာ အဆောင်အချင်းချင်း ယှဉ်ပြိုင်ရသော ကစားနည်းမျိုး ဖြစ်သည်။ အမျိုးသမီးကောလိပ်သို့လည်း အကြောင်းရှာပြီး သွားလည်ခဲ့ကြပါသည်။ သူငယ်ချင်းများနှင့်အတူ အချိန်အတော်များများ တွေ့ဆုံသွားလာနိုင်ပါသည်။ ကျွန်တော်၏ အပျော်ကြိုက်စိတ်ကလေးက ကျွန်တော့်ကို အချိန်တိုင်းလိုလို အဝေးသို့ ဆွဲခေါ်သွားလေ့ရှိသည်။ နှစ်ကြာလာသောအခါ ကျွန်တော်တို့သည် ပရင်စတန် ဘောလုံးကစားပွဲသို့ ရောက်လာကြသည်။ ပရင်စတန်နှင့် ယေးလ်တို့ အပြိုင်နွဲကြမည့် ဘောလုံးကစားပွဲ ဖြစ်၏ ။ ကျွန်တော်တို့ ကျောင်းသားကြီးများက ဦးဆောင်အားပေးကြ၏ ။ ကျွန်တော်တို့ အုပ်စုကို ကျွန်တော်က ခေါင်းဆောင်ပြီး ကွင်းထဲ၌ သောင်းကျန်းကြတော့သည်။ ယေးလ်မှ ရှုံးသည်နှင့် ကျွန်တော်တို့သည် ကွင်းထဲဆင်းကာ ဂိုးတိုင်များကို ဖျက်ဆီးကြသည်။ ဂိုးပေါက်နောက်မှ ပိုက်များကို ဖျက်ဆီးကြလေသည်။ ပရင်စတန်ကို အားပေးသူများက မကြိုက်ကြပေ။ ကျွန်တော်က ဂိုးဘားတန်းပေါ် ထိုင်ပြီး အော်ဟစ်သောင်းကျန်းနေ၏ ။ လုံခြုံရေးများက ကျွန်တော့်ကို လာဆွဲချကြသည်။ ရဲကားများလည်း ရောက်လာသည်။ ယေးလ်ကို အားပေးသူများက ကျွန်တော့်ကို ဖမ်းသွားသဖြင့် ဆူပူသောင်းကျန်းကာ ဘုရှ်ကို လွှတ်ပေးဟု သောင်းကျန်းကြပါသည်။

ကျွန်တော့်သူငယ်ချင်း ရိုင်းအော်စတင်က အခြေအနေကို သဘောပေါက်လာ၏ ။ သူသည် စိန့်ဘင်ဆင်ကျွန်းမှ ကျောင်းလာတက်သူဖြစ်ပြီး ယေးလ်ဘောလုံးအသင်း၏ ကပ္ပတိန်လည်း ဖြစ်သည်။ သူက ဆူပူအော်ဟစ်နေသော ကျောင်းသားများကို လူစုခွဲပြီး အဆောင်ပြန်ကြရန် ပြောကာ ရဲကားပေါ်တွင် ရှိနေသော ကျွန်တော့်ဘေးတွင် ဝင်ထိုင်လေသည်။ ရဲစခန်းရောက်သောအခါ ကျွန်တော့်ကို စခန်းမှူးက ပရင်စတန်ကျောင်းဝင်းထဲသို့ ဘယ်တော့မှ မသွားရဟုဆိုပြီး ဆုံးမစကား ပြောလွှတ်လိုက်၏ ။ ရိုင်းအား ကျောင်းသားများကို လူစုခွဲရန်နှင့် ဆူပူမှုများကို တားဆီးနိုင်သော သံတမန် အရည်အချင်းရှိသူအဖြစ်

သတိမှတ်လိုက်သည်။ နောင် ဆယ်စုနှစ် လေးခုအကြာတွင် ကျွန်တော်သည် ထရီနီဒက်နှင့် တိုဘားဂိုးဆိုင်ရာ သံအမတ်ကြီးအဖြစ် ရိုင်းကို ခန့်အပ်ခဲ့ပါတော့သည်။

ယေးလ်၌ မူ ကျွန်တော်သည် ကျောင်းပရဝုဏ် နိုင်ငံရေးသမားလုပ်ရမည်ကို စိတ်မဝင်စားပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အလျဉ်းသင့်သည့်အခါတွင် ကျောင်းပရဝုဏ် နိုင်ငံရေး လှုပ်ရှားမှုများတွင် ပါဝင်ပါသည်။ ကျောင်းသားသစ်အဖြစ်မှ ကျော်လွန်ပြီးသည့်အချိန်တွင် အဖေသည် ဆီးနိတ်လွှတ်တော်အမတ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့၏။ ဒီမိုကရက်တစ်ပါတီမှ ရပ်ယာဘိုရော့နှင့် ယှဉ်ပြိုင်ရပါသည်။ တက္ကဆက်ပြည်နယ်၏ သမိုင်းတွင် အဖေသည် ရီပတ်ဗလီကန် အမတ်လောင်းများ၏ မဲအများဆုံး ရခဲ့သူ ဖြစ်ပါသည်။ သို့သော် မစ္စတာဂျွန်ဆင် အရွေးခံလိုက်ရသည်မှာ တစ်နိုင်ငံလုံး သောင်းသောင်းဖြဖြ ထောက်ခံအားပေးမှုကြောင့် ဖြစ်သည်။ ရွေးကောက်ပွဲပြီးသည့်နောက် ကျွန်တော်သည် ယေးလ်တက္ကသိုလ်မှ ဘုန်းတော်ကြီး ဝီလျံကော်ဖင်ကို သွားရောက်မိတ်ဆက်ခဲ့လေသည်။ သူက အဖေနှင့် ကောင်းကောင်း သိ၏။ ယေးလ်တက္ကသိုလ်တက်စဉ်က ရင်းနှီးခဲ့ကြသူများ ဖြစ်သည်။ အဖေ့အတွက် နှစ်သိမ့်စကားပြောမလားဟု ကျွန်တော် တွေးလာခဲ့ပါသည်။ သို့သော် သူက “ပိုတော်တဲ့သူက အနိုင်ရတာ ပေါ့” ဟူ၍ သာ ပြောလိုက်ပါသည်။ သူ့စကားလုံးများသည် အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ယောက်အတွက် ထိုးနှက်ချက်သာ ဖြစ်ခဲ့ပေသည်။ နောက် အနှစ် ၃၀ ကျော်တွင် သတင်းစာများက ထိုစကားလုံးကို ထည့်ရေးကြ၏။ ကော်ဖင်က သူ့မှတ်ချက်အတွက် စိတ်မကောင်းသည့်အကြောင်း ကျွန်တော့်ကို စာရေးပြောပြပါသည်။ သူ့တောင်းပန်စာကို ကျွန်တော် စိတ်မကွက်ပဲ လက်ခံခဲ့ပါသည်။ သူ၏ သဘောထားကို စိတ်ထဲရှိသည့်အတိုင်း ပြောဆိုခဲ့သဖြင့် သူ့ကို အပြစ်တင်စရာ မရှိပါ။ ကျွန်တော့် သမ္မတသက်တမ်း ကာလက တက္ကသိုလ်မှ ဆရာများ၊

ပါမောက္ခများအနေဖြင့် သူတို့၏ အတွေးများ၊ အမြင်များကို ပြောပြလေ့ရှိခဲ့ပါသည်။

ယေးလ်တက္ကသိုလ်သည် လွတ်လပ်စွာ ပြောဆို၊ တင်ပြနိုင်သော နေရာဖြစ်သည်။ ကျွန်တော့်အနေဖြင့် ယေးလ်ကို ရောက်ခဲ့သည့်အတွက် ပိုပြီး အမြင်ကျယ်လာသည်။ ကျွန်တော်သည် နက္ခတ္တဗေဒ၊ မြို့တော်ပြုပြင်ရေး စီမံကိန်း၊ သမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနဘာသာ၊ စပိန်စာပေမှ အကောင်းဆုံးလက်ရာများ စသည်များကို ကျွန်တော် လေ့လာသင်ကြားခဲ့သည်။ ကျွန်တော် အကြိုက်ဆုံးမှာ ဂျပန်ဟိုက္ကုကဗျာများ ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်သည် နိုင်ငံရေးသိပ္ပံဘာသာရပ်ကိုလည်း သင်ကြားခဲ့၏ ။ လူမှုဆက်ဆံရေးနှင့် ပတ်သက်၍ လည်း သင်ကြားခဲ့သည်။ လူထု ဆက်ဆံရေးသည် ကျယ်ပြန့်သော မီဒီယာဆက်ဆံရေး ဖြစ်သည်။ ထိုဘာသာတွင် ကျွန်တော် အမှတ် ၇၀ အထိ ရခဲ့ပါသည်။ ထိုကြောင့်လည်း နောင် မီဒီယာများနှင့် ဆက်ဆံသည့်အခါ အထောက်အကူ အများကြီး ရခဲ့ပါသည်။

ကျွန်တော် အနှစ်သက်ဆုံးမှာ သမိုင်းဖြစ်သည်။ သမိုင်းဘာသာနှင့် ပတ်သက်၍ ပါမောက္ခများ သင်ကြားပို့ချသည်ကို နှစ်သက်ပါသည်။ ဂျွန်မော်တန်ဘလန်း၊ ဂတ်စ်စပစ်နှင့် ဟင်နရီတာနာ တို့ကို သဘောအကျဆုံး ဖြစ်၏ ။ ကျွန်တော် ပထမဆုံး သမိုင်းသင်ကြားရသည်မှာ ပြင်သစ်တော်လှန်ရေးကို သုံးသပ်သည့် သင်ခန်းစာအချိန်၌ ဖြစ်သည်။ ပါမောက္ခ စတန်လေ မယ်လ်လွန်က “ငါ့အလုပ်ကတော့ အတိတ်ကို ဖော်ဖို့ပဲကွ”ဟု ပြောပါသည်။ သူက ပြင်သစ်တော်လှန်ရေး အကြောင်းကို ရှင်းပြ၏ ။ သူ၏ ပို့ချချက်မှာ ကျောင်းသားများကို ဆွဲဆောင်မှု ရှိလေသည်။ တင်းနစ်ကွင်း သစ္စာဆိုခြင်း Tennis Court Oath ဆိုသည့် ပို့ချချက်မျိုး၊ ရိုဘက်စ်ပီးယား၏ အကြမ်းဖက်မှု The Terror of Robespierre ဆိုသည့် ပို့ချချက်မျိုးနှင့် နပိုလီယံ ပေါ်ထွန်းလာခြင်း ပို့ချချက်မျိုးကို ကျောင်းသားများက စိတ်ပါလက်ပါ နားထောင်ကြလေသည်။ ကျွန်တော်က တော်လှန်ရေးနှင့် ပတ်သက်၍ ပို့ချချက်မှန်သမျှကို နားထောင်ပါသည်။

အာဏာအားလုံးသည် လူတစ်စု၏ လက်ထဲတွင်သာ ရှိသည်ဆိုသည်ကို အာရုံစိုက်မိပါသည်။

ကျွန်တော် စိတ်အဝင်စားဆုံးနှင့် မမေ့နိုင်သော ပို့ချချက်တစ်ခုမှာ ဆိုဗီယက်ယူနီယံ သမိုင်း ဖြစ်လေသည်။ ထိုအကြောင်းကို အရှေ့ဂျာမနီကထိက ဝုလ်ဖ်ရိုင်း လီယွန်ဟက် ပို့ချခဲ့ပါသည်။ မစ္စတာ လီယွန်ဟက်သည် ကလေးဘဝကတည်းက နာဇီဂျာမနီလက်အောက်မှ ထွက်ပြေးခဲ့သူဖြစ်ပြီး ဆိုဗီယက်ယူနီယံတွင် ကြီးပြင်းလာခဲ့၏ ။ စတာလင်ခေတ်က သူ့အမေမှာ အဖမ်းခံရပြီး သူသည်လည်း ကွန်မြူနစ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏ ။ နောက် သူသည် အနောက်နိုင်ငံများတွင် ခိုလှုံခဲ့သည်။ သူက ဂျာမနီလေသံဖြင့် ခပ်လေးလေး ပြော၏ ။ တရားစီရင်ပုံများ၊ လူများ အဖမ်းခံရပုံများ လူများ အဆင့်အတန်း နိမ့်ကျနေမှုများကို ပြောပြ၏ ။ သူ့ပို့ချချက်ကို နားထောင်ပြီးနောက် ကျွန်တော်သည် ဆိုဗီယက်ယူနီယံနှင့် ကွန်မြူနစ်လှုပ်ရှားမှုကို မစဉ်းစားတော့ပါ။ မလွတ်လပ်မှုနှင့် မင်းဆိုးမင်းညစ်များကြား ရုန်းကန်တိုက်ပွဲဝင်မှုကို စဉ်းစားနေမိသည်။ ထိုတိုက်ပွဲသည် ကျွန်တော့်ဘဝ၌ အာရုံစိုက်ရမည့် တိုက်ပွဲမျိုးဖြစ်သည်ဟုလည်း စဉ်းစားမိသည်။

အထက်တန်းနှစ်တွင် အမေရိကန် အဟောအပြော လက်တွေ့နှင့် သမိုင်းဘာသာကို သင်ခဲ့ရပါသည်။ ပါမောက္ခ ရိုလင်း ဂျီ အော်စတာဗစ်က ပို့ချလေသည်။ သူက ထင်ရှားသော အမေရိကန် ခေါင်းဆောင်များ၏ မိန့်ခွန်းကို ဖတ်ပြ၏ ။ တရားဟောဆရာ ဂျိုနသန် အက်ဒဝပ်က သမ္မတ ရစဗဲ့၏ “သိမ်ဖျင်းသောနေ့” မိန့်ခွန်းကို ဖတ်ပြသည်။ ရစဗဲ့သည် ထိုမိန့်ခွန်းကို ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက် ဟောပြောခဲ့ခြင်း ဖြစ်၏ ။ ထိုဘာသာရပ်ကို နားထောင်ပြီးသည့်နောက် စွမ်းအင်က သမိုင်းကို ဖန်တီးခဲ့ကြောင်း သဘောပေါက်ခဲ့လေသည်။ ဂျော်ဂျီယာမှ သတင်းစာဆရာ ဟင်နရီ ဒဗလျူ ဂရက်ဒီ ပြောကြားသော မိန့်ခွန်းကို ကျွန်တော်က စာတမ်းအဖြစ် ရေးသားခဲ့သည်။

ဘော်စတွန်မြို့တော်ဝန် ကားရက်ဇင်စကီး၏ မိန့်ခွန်းကိုလည်း ကိုးကားရေးသားခဲ့ပါသည်။ ပါမောက္ခ အော်စတာရစ်သည် မိန့်ခွန်းတစ်ခု မည်သို့ရေးသားမည်နည်း။ မိန့်ခွန်းရေးဖို့ မည်သို့ဖွဲ့စည်းမည်နည်း ဆိုသည်ကို သင်ကြားပေးသည်။ နိဒါန်း၊ ခြုံငုံ ပြောဆိုခြင်းနှင့် နိဂုံးစသည့်အချက် သုံးချက်ကို အခြေခံ ပြောဆိုရသည်ဟု သင်ပေးပါသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် သူ၏ သင်ကြားချက်ကို ဘယ်တော့မှ မမေ့ပါ။ တချို့မိန့်ခွန်းများကို ဆရာက ဟောပြောပို့ချပေးလေသည်။

အထူးသဖြင့် ကျွန်တော်သည် ပို့ချချက်များကို လိုက်ပြီးရေးသည့် ကျောင်းသားတစ်ယောက် ဖြစ်၏ ။ ထိုသို့ ရေးမှတ်နိုင်မှသာ ဆရာ၏ ပို့ချချက်နှင့်အတူ ကျွန်တော်၏ ခေါင်းထဲရောက်လာမည် ဖြစ်ပြီး ပါမောက္ခ၏ ပို့ချချက်ကို မှတ်မိနိုင်မည်ဟု ယုံကြည်ပါသည်။ ဂျွန်မော်တွန်ဘလန်းကို သူ့တပည့်များထဲမှ ထင်ရှားသော ကျောင်းသားတစ်ဦး ဖြစ်သည့် ဂျော့ဒဗလျူဘုရှ် အကြောင်း ဘာများ မှတ်မိပါသလဲဟု သတင်းထောက်များမေးရာ သူက “ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ပါဘူး” ဟု ဖြေခဲ့ပါသည်။ သို့သော် ကျွန်တော်ကတော့ ပါမောက္ခဘလန်းကို မှတ်မိနေပါသည်။

*

ဘွဲ့နှင်းသဘင်တက်တော့မည့် အချိန်တွင် တိုင်းပြည်မှာ ဂရုန်းသုန်းကား ဖြစ်နေတော့သည်။ ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ်၌ မာတင်လူသာကင်း (ဂျူနီယာ)မှာ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ လူဖြူ၊ လူမည်း ခွဲခြားထားမှုကြောင့် အဓိကရုဏ်းများ ဖြစ်ပွားသွားသည်။ ဘွဲ့နှင်းသဘင် တက်ရမည့် ရက်အနည်းငယ်အလိုတွင် ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေများသည် နယူးယောက်မြို့ တောပိုင်းသို့ အလည်အပတ်ခရီးအဖြစ် ကားနှင့်သွားစဉ် ကားပေါ်တွင် ရေဒီယိုမှနေ ဘော်ဘီကနေ လုပ်ကြံသတ်ဖြတ်ခံရကြောင်း ကြားလိုက်ရသည်။ ကျွန်တော်တို့အားလုံး ဘာစကားမျှ မပြောနိုင်တော့ပေ။

ယေးလ်တက္ကသိုလ်တွင် တက်နေသည့် အချိန်များအတွင်း တက္ကသိုလ်ပရဝုဏ်များအတွင်း လူမှုအခွင့်အရေး တောင်းဆိုမှုများ ပြုလုပ်နေသည်။ ဆွေးနွေးပွဲများလည်း ပြုလုပ်နေလေသည်။ ကျွန်တော် နောက်ဆုံးနှစ်တွင် နောက်ထပ် ပြဿနာတစ်ခုက ကျွန်တော့်ခေါင်းထဲ ရောက်လာလေသည်။ ထိုပြဿနာမှာ ဗီယက်နမ်စစ်ပွဲ ဖြစ်၏ ။ ထိုစစ်ပွဲနှင့် ပတ်သက်ပြီး သမ္မတဂျွန်ဆင်က ဥပဒေကြမ်းတစ်စောင် တင်သွင်းသည်။ ထိုဥပဒေကြမ်းမှာ အမေရိကန်လူမျိုးတိုင်း စစ်ထဲဝင်ရမည် ဖြစ်သည်။ ကျွန်တော်တို့အတွက် နှစ်လမ်းသာ ရှိသည်။ စစ်ထဲဝင်မလား၊ မဝင်ချင်၍ တခြားအကြောင်းပြချက် ရှာမလား ဆိုသည်ပင် ဖြစ်၏ ။ ကျွန်တော် လွယ်ကူစွာ ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်တော် စစ်ထဲဝင်ပါမည်။ အဖေသည် စစ်ထဲဝင်၍ တိုင်းပြည်အတွက် အကြိမ်ကြိမ် အသက်စွန့် ကြိုးပမ်းခဲ့ဖူးသည်။ ကျွန်တော် ရှောင်ပြီး စစ်ထဲမဝင်လျှင် ရှက်စရာဖြစ်သွား ပါတော့မည်။

စစ်မှုထမ်းရန်အတွက် ကျွန်တော်၏ အချို့လုပ်ရပ်များမှာ သဘောမကျစရာများ ပါနိုင်သော်လည်း ကျွန်တော်သည် စစ်မှုထမ်းရန် လက်ခံခဲ့သည်။ ဂျွန်ဆင်၏ လက်အောက်တွင် ပြည်သူများ မဟာဗျူဟာအရ စစ်မှုထမ်းရမည် ဆိုသည်ကို သဘောမပေါက်ပါ။ သို့သော် စစ်ထဲလိုက်ပြီး

တိုင်းပြည်အတွက် စွန့်လွှတ်ရမည် ဆိုသည်ကို ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်ခေါင်းထဲတွင် ကွန်မြူနစ်ဝါဒ ပျံ့နှံ့လာသည်ကို တားမြစ်ရမည်ဟု လက်ခံထားပါသည်။ တစ်နေ့၌ စစ်ထဲဝင်ဖို့ စာရင်းပေးရန် စစ်သားစုဆောင်းရေးဌာနသို့ လမ်းလျှောက်လာခဲ့သည်။ ထိုနေရာတွင် ဂျက်လေယာဉ်မှူး၏ ပိုစတာကားချပ်ကြီးကို တွေ့လိုက်ရသည်။ ထို့ကြောင့် စစ်သားစုဆောင်းရေးဌာနရုံးထဲဝင်ကာ လျှောက်လွှာယူ၍ အချက်အလက်များ ဖြည့်သွင်းကာ ထိုရုံး၌ ပင် ပေးထားခဲ့လေသည်။ ခရစ္စမတ်ကျောင်းပိတ်ရက်တွင် ကျွန်တော် အိမ်ပြန်လာသည့်အခါ လေတပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် စိတ်ဝင်စားကြောင်း မိဘများကို ပြောပြသည်။ အဖေက လူတစ်ယောက်ကို ညွှန်လိုက်၏ ။ လေယာဉ်မှူးဟောင်း ဆစ်အက်ဂါဆိုသူ ဖြစ်သည်။ ထိုသူသည် ယခုအထိ လေကြောင်းအသိုက်အဝန်းမှ လူများနှင့် အဆက်အသွယ်ရှိသည်ဟု ဆိုသည်။ တက္ကဆက်ရှိ အမျိုးသားလေကြောင်း အစောင့်တပ်နှင့် ပထမဆုံး ဆက်သွယ်ရန် အဖေက အကြံဉာဏ်ပေးပါသည်။ အစောင့်တပ်ဖွဲ့သို့ စာရင်းသွားပေးလျှင် လေယာဉ်မှူးအတွက် အခွင့်အလမ်း ရနိုင်သည်ဟုလည်း အဖေက ပြောသည်။ လေယာဉ်မှူးများမှာ ပုံမှန်အစောင့်တပ်ဖွဲ့တွင် လျှောက်သူနည်းပါးသည်။ လေယာဉ်မှူးသင်တန်းကို ပထမဆုံးတက်ရမည်ဖြစ်ပြီး အနည်းဆုံး တစ်နှစ် ကြာပေလိမ့်မည်။ ခြောက်လမှာ လေယာဉ်မှူး တစ်ယောက်အတွက် အထူးညွှန်ကြားခြင်းများ ရှိသည်။ နောက် ပုံမှန်ပျံသန်းခြင်းများကို သင်တန်းတက်သူ၏ အရည်အချင်းအလိုက် ထားပေးမည် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော် အမျိုးသားလေကြောင်း အစောင့်တပ်တွင် လျှောက်လွှာတင်လိုက်၏ ။ ထို့အတွက် ကျွန်တော် သင်တန်းတက်ရပေမည်။ သင်တန်းတက်ကျွမ်းကျင်လျှင် တိုက်ပွဲဝင်ရန် ပြင်ရပေမည်။ လေယာဉ်မှူးအဖြစ် တိုက်ခိုက်ရန်ကို ကျွန်တော် စိတ်ထက်သန်လျက် ရှိ၏ ။ ကျွန်တော့်ဘဝတွင်

ဤလေယာဉ်မှူးအလုပ်ကို မျှော်လင့်မထားပါ။ သို့သော် စစ်မှုထမ်းရမည်ဆိုလျှင် ထိုသို့ လေယာဉ်မှူးအဖြစ် စစ်မှုထမ်းရမည်ကို သဘောကျသောကြောင့် လျှောက်ခြင်းဖြစ်သည်။ စစ်မှုထမ်း ကာလကုန်လျှင် ထိုနေရာ၌ ကျောက်ချပြီး လေယာဉ်မှူးလုပ်ရန် ဆန္ဒမရှိပါ။ ယခုအချိန်တွင် ကျွန်တော် လေယာဉ်မှူးလုပ်ဖို့ ကြိုးစားနေပါသည်။

၁၉၃၆ ခု၊ နွေရာသီသို့ ရောက်သောအခါ ကျွန်တော်သည် အရီဇိုးနားရှိ နွားခြံကြီးတစ်ခုတွင် အလုပ်လုပ်ပါသည်။ အလုပ်ကြပ်မှာ ဆံပင်များ ကျိုးတိုးကျဲတဲ ဖြူနေသော သာမန်းဆိုသူ ဖြစ်၏။ သူက ကျွန်တော် တက္ကသိုလ်ကျောင်းသား တစ်ယောက်ဖြစ်မှန်း သိသောအခါ “စာအုပ်တွေက ကောင်းတယ်၊ လမ်းဘေးမှာ လျှောက်နေရတာ က ဆိုးတယ်” ဟု ပြောပါသည်။ ကျွန်တော့်ဘဝတွင် ထိုကဲ့သို့သော စကားစုကို မကိုးကားရန် ဆုံးဖြတ်ထား၏။ ထိုစကားစုအတိုင်း မဖြစ်အောင်လည်း ကျွန်တော့်ကိုယ် ကျွန်တော် သတိအမြဲပေးပါသည်။ ထို့နောက် ကျွန်တော်သည် လူဂီစီးယားနားရှိ ကမ်းလွန်ရေနံတူးသည့် နေရာတွင် အချိန်အတော်ကြာ လုပ်ခဲ့လေသည်။ စတော့ရှယ်ယာ အရောင်းအဝယ်လုပ်သည့် စားပွဲကို ကျွန်တော် ထားရစ်ခဲ့သည်။ ရိုဘတ်၌ ကုန်ရောင်းသည့် အလုပ်ကိုလည်း ကျွန်တော် ထားရစ်ခဲ့သည်။ လူအမျိုးမျိုးကို ကျွန်တော် တွေ့ခဲ့ရပါသည်။ လူလိမ္မာရော၊ လူမိုက်ရော၊ လူကြမ်းရော လူနုရော ကြုံတွေ့ခဲ့ဖူးသည်။ လူမိုက်များကြားလည်း နေထိုင်ခဲ့ဖူးသည်။ ဖြတ်သန်းခဲ့ရသော ဘဝတွင် တစ်ပိုင်းက ကျောင်းကောင်းများတွင် နေခဲ့ရသော ဘဝနှင့် ပြည်သူလူထုများကြား နေထိုင်ခဲ့ရသော ဘဝတို့ ဖြစ်ပါသည်။

၁၉၆၈ ခုနှစ်၌ ကျွန်တော်သည် ဂျော်ဂျီယာ ရှိ မူရီလေတပ် အခြေစိုက်စခန်းသို့ လေယာဉ်မှူးသင်တန်း တက်ရောက်ရန် စာရင်းပေးသွင်းလိုက်ပါသည်။ သင်တန်းတက်မည့် သင်တန်းသားပေါင်း ၁၀၀ ကျော်ဖြင့် စတင်ခဲ့သည်။ ဘွဲ့ရပြီးသည်သူ ၅၀ ခန့်ရှိသည်။ ထိုအထဲမှ

အရည်အချင်းမရှိသူများမှာ သင်တန်းမှ စောစောစီးစီး ထွက်ခွာသွားကြရသည်။

ကျွန်တော်၏ အစောဆုံး အတွေ့အကြုံမှာ အနည်းငယ်
အဆင်ပြေသည်ဟု ပြောရပေလိမ့်မည်။ ကျွန်တော့် သင်တန်းမှူးက အန္တရာယ်၏
အနံ့ကို ရလေသည်။ လေယာဉ်ကို ပထမဆုံး ပျံသန်းစဉ် အခြေအနေမကောင်းမှန်း
သိသည်နှင့် သူက လေယာဉ်ထိန်းပဲ့တံကို ရုတ်တရက် နောက်သို့ ဆွဲချလိုက်၏ ။
သူသည် အင်အားရှိသမျှ ပဲ့တံကို နောက်သို့ဆွဲလိုက်ခြင်း ဖြစ်သည်။ ထိုအခါကျမှ
စက်က ရပ်သွားလေသည်။ လေယာဉ်ဦးမှာ မေ့သွားပြီး စက်မှာလည်း
တုန်ခါနေသည်။ ထို့နောက် သူက ပဲ့တံကိုရှေ့သို့ တွန်းလိုက်သည်။ ထိုအခါကျမှ
လေယာဉ်သည် ပုံမှန် ပြန်ဖြစ်သွားလေသည်။ သင်တန်းမှူးက
အခြေအနေအားလုံးကို ကျွန်တော့်အား ရှင်းပြပါသည်။ သူက ကျွန်တော့်ကို ကြည့်၍
"ချာတိတ်၊ မင်းဟာ လေယာဉ်မှူးတစ်ယောက် ဖြစ်ချင်တယ်ဆိုရင် လေယာဉ်စက်ကို
နိုင်အောင် ထိန်းရမယ်။ လေယာဉ်စက်ကို ကောင်းကောင်းမထိန်းနိုင်ရင်တော့ မင်း
လေယာဉ်မှူး လုပ်မနေနဲ့တော့" ဟု သင်ကြားခဲ့သည်။ ကျွန်တော်က
သင်ကြားသမျှကို အလေးနက်ထား၍ မှတ်သားပါသည်။ စက်ပစ္စည်း
အစိတ်အပိုင်းများအားလုံးကို မှတ်မိအောင် လုပ်သလို၊ လက်တွေ့လည်း
ကိုင်တွယ်ရပါသည်။ ကျွန်တော် သင်တန်းတက်နေစဉ် အဖေသည် ကျွန်တော့်
သင်တန်းကျောင်းကို ရောက်လာခဲ့ပါသည်။ သင်တန်းမှဆင်းသောအခါ ဟူစတန်သို့
ပြောင်းလာခဲ့သည်။ ဟူစတန်တွင် ဂျက်တိုက်လေယာဉ်ကို မောင်းရမည် ဖြစ်သည်။
အယ်လင်တန် အခြေစိုက်စခန်းတွင် F-102 လေယာဉ်ကို မောင်းရလေသည်။ ထို F-102 မှာ လေယာဉ်မှူးထိုင်ခုံတစ်ခုံသာ ရှိပြီး အင်ဂျက်စက်လည်း တစ်လုံးသာ
ရှိလေသည်။ လေယာဉ်ကို ပျံသန်းရာ၌ လေယာဉ်ပြေးလမ်းပေါ်တွင် အရှိန်ရပြီး
လေယာဉ်စက်နိုးသည်နှင့် လေယာဉ်က ဆောင့်တက်သွား၏ ။ ထိုအချိန်က
အရေးကြီးသည်။ လေယာဉ် ဆောင့်တက်သည်နှင့် အပေါ်သို့ ထိုးတက်ရပါသည်။
ထိုအချိန်ကို ကောင်းကောင်း ကိုင်တွယ်ရလေသည်။

လေယာဉ်မောင်းရသည်ကို ကျွန်တော် သဘောကျသည်။ ၁၉၇၂ ခုနှစ်၌ ကျွန်တော်သည် မအားလပ်ရအောင် သင်တန်းကို တက်နေရပါသည်။ ညနေဘက်အထိ တစ်နေ့လုံး လေယာဉ်မောင်းနေရပြီး နားရသည့်ရက် မရှိလောက်အောင်ဖြစ်နေပါသည်။

တစ်နေ့၌ မစ်ဒလင်းရှိ ကျွန်တော့်သူငယ်ချင်း ဂျင်မီအယ်လီဆန်က ကျွန်တော့်ကို ဖုန်းဆက်ပါသည်။ သူသည် ၁၉၆၆ ခုနှစ်က ကျွန်တော့်အဖေ လွှတ်တော်အမတ်အဖြစ် အရွေးခံရာတွင် အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်သည့် ရွေးကောက်ပွဲ အနိုင်ရရှိအောင် ဆောင်ရွက်ပေးသူ ဖြစ်သည်။ သူက အယ်လ်ဘားမားပြည်နယ် ဆီးနိတ်လွှတ်တော် အမတ်အဖြစ် ဝင်အရွေးခံရန် ကျွန်တော့်အား တိုက်တွန်းသည်။ ရက်ဘလွန်တွင် စည်းရုံးရေးလုပ်ရန်လည်း အခွင့်အလမ်း ရှိသည်ဟု ဆိုပါသည်။ သူ ပြောသည်ကို ကျွန်တော် စိတ်ဝင်စားသွား၏ ။ ထို့ကြောင့် ဝင်အရွေးခံရန် ကျွန်တော် ပြင်ဆင်ပါသည်။

ကျွန်တော်၏ တပ်မှူးဖြစ်သူ ဒုဗိုလ်မှူးကြီး ဂျယ်ရီကီလီယန် က ကျွန်တော့်ကို အယ်လ်ဘားမား သို့ ပြောင်းရွှေ့ခွင့်ပေးပြီး ကျွန်တော့် အခြေအနေကိုလည်း သဘောပေါက်ပါသည်။ ကျွန်တော်သည် အယ်လ်ဘားမား အစောင့်တပ်ဖွဲ့မှူးများထံ သတင်းပို့ရလေသည်။ ဆီးနိတ် မဲဆွယ်စည်းရုံးရေး အစည်းအဝေးများ တက်ရမည် ဖြစ်သည့်အတွက် လေ့ကျင့်ရေးများတွင် ပျက်ကွက်နိုင်ကြောင်းကိုလည်း တင်ပြခဲ့သည်။ သူတို့ကလည်း ရွေးကောက်ပွဲပြီးမှ သင်တန်းကို ဆက်တက်ရန် ခွင့်ပြု၏ ။ ထိုအဖြစ်သည် နောင် ဆယ်စုနှစ် တော်တော်ကြာမှ ပြဿနာဖြစ်လာကြောင်း ကျွန်တော် မစဉ်းစားမိပါ။

ကုသိုလ်ကံဆိုးသည်က ထိုအချိန်က မှတ်တမ်းမှတ်ရာများကို ဖြစ်ကတတ်ဆန်း လုပ်ထားသဖြင့် ကျွန်တော် သင်တန်းတက်ခဲ့မှု၊ လေ့ကျင့်မှုတို့မှာ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိခဲ့ပေ။ ထိုအထောက်အထား မခိုင်လုံမှုကို အတိုက်အခံများက ပျောက်ကွက်အဖြစ် ဆုပ်ကိုင်ကာ တိုက်ခိုက်ကြလေတော့သည်။

ကျွန်တော်သည် စစ်သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်ခဲ့၊ တာဝန်လည်း မကျေခဲ့ဟု ဆိုကြပါသည်။ ၁၉၉၀ ပြည့်နှစ်များနှောင်းပေါင်း၌ စစ်သင်တန်းရှိ မှတ်တမ်းထိန်း ဒန်ဘတ္တလက်ကို မေးမြန်းခဲ့၏ မှတ်တမ်းထိန်းများကလည်း ကျွန်တော်သည် တာဝန်ကို ပြီးစီးအောင် တက်ရောက်ခဲ့ပါသည်ဟု ပြောကြပါသည်။ ၂၀၀၄ ခုနှစ်တွင် ဒန်က ကျွန်တော့် သွားစိုက်သည့် မှတ်တမ်းများကို တွေ့လိုက်သည်။ ကျွန်တော်သည် အယ်လ်ဘားမားပြည်နယ် မောင်ဂိုမာရီရှိ အမျိုးသားလေကြောင်း၊ အစောင့်တပ်ဖွဲ့၌ သွားစိုက်ရန်အတွက် ပြသခဲ့ကြောင်း မှတ်တမ်းများ တွေ့ရှိခဲ့သည်။ အတိုက်အခံများက ထိုသွားစိုက်သည့် ကာလ၌ ကျွန်တော်သည် သင်တန်းစခန်း မရှိပါဟု စွပ်စွဲထားပါသည်။ သို့သော် ယခု သွားရောဂါနှင့် ပတ်သက်သော ဆေးကုသသည့် မှတ်တမ်းများ စခန်းတွင် တွေ့ရှိလိုက်သဖြင့် သူတို့၏ စွပ်စွဲချက်မှာ မှားယွင်းနေကြောင်း ပေါ်လွင်လာ၏ ။ ဒန်က သတင်းစာဆရာများနှင့် တွေ့ရှိသောအခါ ကျွန်တော့်သွားများကို အယ်လ်ဘားမား အမျိုးသား အစောင့်တပ်ဖွဲ့စခန်းတွင် တွေ့ရှိသည်ဆိုလျှင် ကျွန်တော်၏ ကိုယ်လုံးကြီးမှာလည်း ထိုအချိန်က အစောင့်တပ်ဖွဲ့တွင် ရှိသည်မှာ သေချာပါသည်ဟု ဟာသနှောကာ ရှင်းလင်းချက်ပေးလိုက်ပါသည်။

ထိုပြဿနာသည် ကျွန်တော်တို့၏ နောက်တွင် ကျန်ရစ်ခဲ့ပါသည်။ သို့သော် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ညနေတစ်ခုတွင် အိမ်ဖြူတော်တောင်ဘက် မြက်ခင်းပြင်ပေါ်သို့ ကျွန်တော်၏ ရဟတ်ယာဉ် ဆင်းလိုက်ပါသည်။ ထိုအချိန်တွင် သံတမန်များ ကြိုဆိုသောအခန်းထဲ၌ ဒန်၏ ပုံရိပ်ကို လှမ်းမြင်လိုက်ရသည်။ ထုံးစံအတိုင်းဆိုလျှင် သမ္မတ ရဟတ်ယာဉ် ဆင်းသည်နှင့် အကြီးတန်းအကြံပေး အရာရှိက သမ္မတကို ကြိုဆိုလေ့ရှိပါသည်။ သို့သော် ယခု ဒန်က ကျွန်တော့်ကို စာရွက်တစ်ရွက် ကမ်းပေးလိုက်ပါသည်။ ထိုစာရွက်မှာ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ခေါင်းစဉ်ဖြင့် ၁၉၇၂ ခုနှစ်က ပုံနှိပ်ထားသော စာရွက်ဖြစ်၏ ။ ရေးထားသော စာများအောက်တွင် တပ်မှူး ဂျယ်ရီကီလီယန်က

လက်မှတ်ထိုးထားသည်။ CPS သတင်းဌာနမှနေ မိနစ် ၆၀ ကြာ အသံလွှင့်သွားရာတွင် အကြီးအကျယ် ဖွင့်ချသွားသည်ဟု ဆိုပါသည်။

ဘတ္တလက်က ထိုအဖြစ်နှင့် ပတ်သက်၍ ကျွန်တော် ဘာမှတ်မိပါသလဲဟု မေး၏။ ကျွန်တော်ကလည်း ထိုအဖြစ်နှင့် ပတ်သက်၍ ဘာမျှမမှတ်မိကြောင်း၊ ပြန်စစ်ဆေးသင့်ကြောင်း ပြောလိုက်သည်။ နောက်နေ့နံနက်တွင် ဒန်သည် ကျွန်တော့်၏ ဘဲဥပုံရုံးခန်းထဲသို့ ရောက်လာ၏။ သူ့ကြည့်ရသည်မှာ စိတ်သက်သာရာ ရနေပါသည်။ CPS က လွှင့်ထုတ်သွားသည်များ အတုများဖြစ်သည်ဟု ဆိုသည်။ သူတို့ ထုတ်လွှင့်လိုက်သည်မှာ ခေတ်မီ ကွန်ပျူတာစနစ်ဖြင့် အတုအယောင် ရိုက်ကူးထားပြီး ယခုလို ရိုက်သံလွှင့်လိုက်ခြင်း ဖြစ်သည်။ နောက်ရက်အနည်းငယ်တွင် အတုများဖြစ်ကြောင်း သက်သေဖြင့် ပြသနိုင်ခဲ့သည်။ ကျွန်တော်နှင့် ပတ်သက်သည့် စစ်မှုထမ်းသက် မပြည့်ပါဆိုသော လိမ်ညာမှုကြီး ပွင့်ကျသွားပါသည်။

ကျွန်တော် အံ့လည်းအံ့သြ၊ စက်ဆုပ်ရွံ့ရှာခြင်းလည်း ဖြစ်သွားပါသည်။ သမ္မတ ရွေးကောက်ပွဲအတွက် လုပ်ကြံဖန်တီးခြင်းများလည်း ဖြစ်သည်။ ဒန်က ထိုလုပ်ကြံမှုများကို ဖွင့်ချလိုက်လေသည်။ အစောင့်တပ်ဖွဲ့တွင် ကျွန်တော် သင်တန်းတက်ခဲ့ရသည့် အချိန်များကို သင်ယူခဲ့ရပါသည်။ ထိုကာလက အတူတာဝန်ယူခဲ့သော မိတ်ဆွေများကို မမေ့ပါ။ သင်တန်းတွင် ပို့ချချက်များကိုလည်း သင်ယူခဲ့ရပါသည်။ ထိုကာလက အတူတာဝန်ယူခဲ့သော မိတ်ဆွေများကို မမေ့ပါ။ သင်တန်းတွင်ပို့ချချက်များကိုလည်း သင်ယူခဲ့ရပါသည်။ ကျွန်တော်တို့ နိုင်ငံ၏ စစ်ဝတ်စုံကို ဝတ်ခဲ့ရသည်ကိုလည်း ဂုဏ်ယူမိပါသည်။ ဗီယက်နမ်သို့ တာဝန်ဖြင့် ပို့ဆောင်သည်ကိုလည်း ကျွန်တော် လိုလိုလားလား ရှိခဲ့ပါသည်။ ဗီယက်နမ်တွင် အမေရိကန်သို့ ပြန်မလာနိုင်ခဲ့သော လူပေါင်း ၆၀၀၀၀ နှင့် နှိုင်းယှဉ်လျှင် ကျွန်တော်၏ စွန့်လွှတ်မှုမှာ မယှဉ်သာနိုင်အောင် ရှိပါသည်။

၁၉၇၀ ပြည့်နှစ်၌ အဖေသည် ဆီးနိတ် လွှတ်တော်အမတ်အဖြစ်

နောက်တစ်ကြိမ် ပြန်အရွေးခံရန် ဆုံးဖြတ်လိုက်ပါသည်။ သူ့မှာ အခွင့်အရေးအများကြီး ရှိသည်ဟု ကျွန်တော်တို့ ထင်သည်။ ရပ်ဖ်ရာဘိုရော့နှင့် နောက်တစ်ကြိမ် ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်လေသည်။ သို့သော် ဆီးနိတ်အမတ် ရာဘိုရော့မှာ လူထုအကြားတွင် ရေပန်းအစားတော့ပါ။ သူ၏ စည်းရုံးရေးမှာလည်း ကျဆင်းလာသည်။ ဒီမိုကရက်တီပါတီတွင် အကြိုရွေးချယ်ပွဲ၌ ပင် ပြိုင်ဘက် လွှိုက်ဘင်ဆင်လောက် ထောက်ခံမှု မရတော့ပေ။ အဖေ့အနေဖြင့် ယှဉ်ပြိုင်ရန် အခွင့်အရေးကောင်းများ ရနေသည်။ ဆီးနိတ်လွှတ်တော်အမတ် ယှဉ်ပြိုင်ပွဲမှာ အဖေ သင်ခန်းစာတစ်ခု ရရှိလိုက်ပါသည်။ တက္ကဆက်ပြည်နယ် ရီပတ်ဗလီကန် ဆီးနိတ် လွှတ်တော်အမတ်အဖြစ် အဖေ အရွေးခံရလေလည်း။

၁၉၇၀ ရွေးကောက်ပွဲအပြီးတွင် သမ္မတနစ်ဆင်က အဖေ့ကို ကုလသမဂ္ဂ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပါသည်။ နောက် ၁၉၇၃ ခုနှစ်တွင် သမ္မတနစ်ဆင်ကပင် ရီပတ်ဗလီကန်ပါတီ အမျိုးသားကော်မတီ၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးပြန်ပါသည်။ အကျပ်အတည်းဖြစ်နေသော ကာလတွင် တန်ဖိုးရှိသော သင်ခန်းစာကို ရရှိခဲ့သည်။ ဝါတာဂိတ်ပြဿနာ ဖြစ်စဉ်ကလည်း အဖေကပင် ပါတီကို ဦးဆောင်သွားခဲ့လေသည်။

သမ္မတနစ်ဆင် နုတ်ထွက်ပြီးနောက် ဂျာရဲလ်ဖို့ဒ် သမ္မတအဖြစ် ကျမ်းကျိန်ခဲ့သည်။ သမ္မတဖို့ဒ်က အဖေ့ကို လန်ဒန် သို့မဟုတ် ပါရီတွင် သံအမတ်ကြီးအဖြစ် တာဝန်ပေးလိုက်ပြန်သည်။ ထိုနှစ်နိုင်ငံတွင် သံအမတ်အဖြစ် ထမ်းဆောင်ရသည်မှာ အရေးကြီးဆုံး တာဝန်များကို ပေးခြင်းဖြစ်၏ ။ အဖေက လန်ဒန်နှင့်ပါရီတွင် တာဝန်မယူလိုဘဲ တရုတ်ပြည်တွင်သာ တာဝန်ယူလိုသည်ဟု ပြောသည်။ ထို့ကြောင့် အဖေနှင့်အမေသည် ပေကျင်းတွင် ၁၄လကြာအောင် တာဝန်ယူခဲ့သည်။ အမေရိကသို့ ပြန်ရောက်သောအခါ သမ္မတ ဖို့ဒ်က CIA တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူရန် အဖေ့ကို ပြောသည်။ ထိုရာထူးမှာလည်း မဆိုးလှဟု ယူဆပါသည်။

ကျွန်တော်က ကျွန်တော့်အဖေ၏ အောင်မြင်မှုကို အလွန်အားကျပါသည်။ ဆယ်ကျော်သက်အရွယ်ကတည်းက အဖေ၏ လမ်းကြောင်းကို အားကျသည်။ အန်ဒိုဘာနှင့် ယေးလ်တွင် တက်ရောက်ခဲ့သည်မှာလည်း အဖေခိုင်းသည့်အတိုင်းပင် ဖြစ်သည်။ နောက် လေယာဉ်မှူးအဖြစ် အဖေ့လိုပင် တာဝန်ယူခဲ့ပါသည်။ ကျွန်တော် အသက်ရလာသောအခါ ထိုအကြောင်းများကို ပြန်စဉ်းစားမိ၏ ။ အဖေ့ လမ်းကြောင်းအတိုင်း လျှောက်လှမ်းရမည်ဟု မည်သူကမျှ မပြောခဲ့ပါ။ အဖေနှင့် ကျွန်တော် ဖြတ်သန်းလာရသည့် ဘဝမှာလည်း တစ်ထပ်တည်း မကျခဲ့ပေ။ အဖေက စစ်ကြီးထဲ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နောက် အိမ်ထောင်ကျသည်။ ကလေး နှစ်ယောက်ရပြီး တစ်ယောက်မှာ ကင်ဆာဖြင့် သေဆုံးခဲ့သည်။ ကျွန်တော့်မှာမူ အသက် ၂၈ ကျော်တွင် အမျိုးသားအစောင့်တပ်ဖွဲ့မှ ထွက်ခဲ့သည်။ တာဝန်ကြီးကြီးမားမား မယူခဲ့ရပါ။ ကျွန်တော်က မိမိဘဝ ရည်မှန်းချက်အတိုင်း ကျွန်တော့်ဘာသာ ဆက်လျှောက်မည်ဟု ဆုံးဖြတ်ထားသည်။

ကျွန်တော့် မိဘများအနေဖြင့် ကျွန်တော့်စိတ်ကို သိပါသည်။ အနိုင်မခံ အရှုံးမပေးသည့်စိတ် ရှိသည်ကိုလည်း သိကြသည်။ ကျွန်တော်က လျှောက်ရမည့်လမ်းကို မိမိဘာသာ ရွေးချယ်ပြီး လျှောက်လှမ်းနိုင်သည်ကိုလည်း သိသည်။ ကျွန်တော် အသက် ၂၀ ကာလများက အဖေနှင့် အပြင်းအထန် ဆွေးနွေးငြင်းခုံခဲ့သည်များ ရှိပါသည်။ ကောလိပ်ကျောင်းမှနေ အိမ်ပြန်လာသည့်အခါ၌ ရေနံတွင်းတူး အလုပ်သမားများကိုလည်း ကျွန်တော် တွေ့ခဲ့ရသည်။ ရေနံစင်များ၊ တွင်းတူးစက်များကို လူဂီစီးယားနားနယ်၊ ချာလက်စ် ရေကန်ကြီးတွင် တွေ့ခဲ့ရပါသည်။ ထိုအလုပ်ထဲ ကျွန်တော် ဝင်လုပ်သည်။ တစ်ပတ်လုပ်၊ တစ်ပတ်နားပြီး ပင်ပင်ပန်းပန်း လုပ်ရ၏ ။ တစ်ချိန်လုံး နေပူကြီးထဲတွင် လုပ်ရပါသည်။ ထိုသို့ အလုပ်လုပ်ရင်း နောက်ဆုံးပတ်တွင် ဟူစတန်ရှိ ကျွန်တော့် ရည်းစားထံသို့ ကျွန်တော် သွားလည်လေ့ ရှိပါသည်။

တစ်နေ့ အဖေက ကျွန်တော့်ကို သူ့ရုံးခန်းထဲ ခေါ်တွေ့သည်။ ကျွန်တော်ကလည်း အလုပ်မှနေ တစ်ပတ်စောစော၍ ထွက်မည့်အကြောင်း အဖေ့ကို အေးအေးဆေးဆေး ပြောသည်။ အဖေကလည်း ကျွန်တော့်ကို ကုမ္ပဏီအနေဖြင့် ယုံယုံကြည်ကြည် ခန့်အပ်ထားကြောင်း၊ ထို့ကြောင့် ကျွန်တော့်အနေဖြင့် သဘောတူထားသည့် အချိန်အထိ အလုပ်လုပ်ရန် ပြောသည်။။ ကျွန်တော်က စာချုပ်ဖြင့် အလုပ်လုပ်ရခြင်း ဖြစ်၍ ။ ထိုအလုပ်လုပ်ရသည်မှာ ကျွန်တော့်အဖို့ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးလာပါသည်။ လုပ်ချင်စိတ်လည်း မရှိတော့ပါ။ နောက်ဆုံး အဖေက “မင်းက တော်တော် စိတ်ပျက်ဖို့ကောင်းတာပဲ” ဟု ပြောလိုက်ရာ ကျွန်တော်ကိုယ် ကျွန်တော် တော်တော်ရှက်သွားပါသည်။

နောက် နာရီအနည်းငယ်ကြာသောအခါ တယ်လီဖုန်းသံ ကြားရ၍ ။ အဖေက ကျွန်တော့်ထံ ဖုန်းဆက်လိုက်ခြင်း ဖြစ်ပါသည်။ နောက်ထပ် ကျွန်တော့်ကို ဘယ်လောက်များ သင်ခန်းစာပို့ချမလဲဟု တွေးပူမိသည်။ သို့သော် ထိုသို့ မဟုတ်ပါ။ သူက “မင်း ဒီည ဘာလုပ်စရာရှိလဲ ဂျော့ရ်” ဟု မေးသည်။ နောက်သူက သူ့တွင် ဟူစတန်၌ အက်စထရိ ကစားပွဲ လက်မှတ်များ ရောက်ရှိနေသည့်အကြောင်း၊ ကျွန်တော်နှင့် ကျွန်တော့် ရည်းစားကို ထိုပွဲသို့ လာရောက်ရန် ပြောသည်။ ကျွန်တော်က ချက်ချင်းပင် လက်ခံလိုက်ပါသည်။ အဖေက ကျွန်တော့်ကို ဆူခဲ့သည့်တိုင်အောင် သားသမီးကို မပစ်ပယ်သော ဖခင်တစ်ယောက်၏ မေတ္တာကို သိရှိလိုက်ရပါသည်။

အဖေသည် အရေးကြီးသည့် ကိစ္စများရှိလျှင် အလေးအနက်ထား ရှိသလို ပျော်ပျော်ပါးပါး နေတတ်သူလည်း ဖြစ်၍ ။ ကျွန်တော်တို့ မိသားစုမှာ အမြဲ ရယ်ရယ်မောမော ဖြစ်နေတတ်သည်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက အဖေသည် နောက်ပြောင်နေလေ့ ရှိသလို ရယ်စရာများလည်း ပြောလေသည်။ “လေယာဉ်ပျံအကြောင်း ပြောတာ ကြားဖူးသလား။ ကိစ္စမရှိပါဘူး။။ အဲဒါက မင်းခေါင်းပေါ်မှာ ရှိတာပဲ” ဆိုသည့် ဟာသများကို ပြောတတ်သလို၊ သူက

ကျွန်တော်တို့ မိသားစုကိုရော၊ မိတ်ဆွေများကိုပါ နာမည်ပြောင်များပေးလေ့ ရှိ၏ ။ ဥပမာ... ကျွန်တော့်ကိုဆိုလျှင် ဂျွန်နီဟု ခေါ်သည်။ ကျွန်တော်မှာ ဂျူနီယာဖြစ်သည့်အတွက် ဂျွန်နီဟု ခေါ်သည်ဟု ထင်ပါသည်။ ကျွန်တော့်ညီ နေးလ်ကို ဂုစ်တီဟာ ခေါ်သည်။ နောက်တော့ ဂုစ်တနီသို့ တဖြည်းဖြည်း ပြောင်းလဲသွားပြန်သည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ ရွှေရောင်ဆံပင်များကြောင့် ဂုစ်တနီဟု ခေါ်သည်။ အဖေက သူ့အချစ်ဆုံးသူငယ်ချင်း ဂျိန်းဘေကာ ကို ဘတ်ဟု ခေါ်လေသည်။ အမေ့ကိုပင် ချန်မထားပေ။ အဖေက အမေ့ကို ငွေရောင်မြေခွေး ဆေးဗားဖောက် ဟု ခေါ်လေသည်။ အဖေ၏ အံ့သြစရာကောင်းသော ဟာသဉာဏ်မှာ သူ့ဘဝတစ်လျှောက်လုံးတွင် အမြဲရှိခဲ့ပါသည်။ သူ သမ္မတဖြစ်သောအခါ၌ တွင်လည်း စကောင်း ခရော့ဆုပါ ဖန်တီး၍ ပေးလေသည်။ စကောင်းခရော့မှာ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ဘရန့်စကောင်းခရော့ကို ရည်ရွယ်ပြီး ပေးခြင်းဖြစ်ပါသည်။ ဝန်ထမ်းများ အစည်းအဝေး ကျင်းပစဉ်ကာလ အိပ်ပျော်နေလျှင် ထိုလူကို စကောင်းခရော့ ဆု ပေးတော့သည်။ ယခု သူ အသက် ၈၀ ရောက်သည့်တိုင် အပေါင်းအသင်း မိတ်ဆွေများ၏ အင်တာနက်မှနေ ဟာသများကို ပို့လေ့ရှိသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က အဖေ့ကို မေးရိုးဆေးရုံသို့ပို့ပြီး တင်ပါးဆုံ ခွဲစိတ်ကုသရပါသည်။ ခွဲစိတ်ပြီးသည့်အခါ သူနာပြုဆရာမ တစ်ယောက်ကိုခေါ်၍ စစ်ဆေးခိုင်းသည်။ သူက ဆရာမလေးကို “ငါ..တွေက မည်းနေပြီလားကွ.” ဟု မေးရာ ဆရာမလေးမှာ ရှက်ကိုးရှက်ကန်းဖြင့် နောက်ဆုတ်ပြီး “ခွင့်လွှတ်ပါ သမ္မတကြီးရှင့်..” ဟု ပြောလေသည်။ သူက “ငါမေးတာ ဖြေပါဦး ကလေးမရဲ့” ဟု ထပ်မံနောက်ပြောင်သည်။ ဆရာမလေးက သူ၏ ဆေးစာကို ယူလာသောအခါ၌ သူက အရွှန်းဖောက်ပြီး “ငါ့ရောဂါ စမ်းသပ်ချက်ကို ပြန်လာပေးတာလား” ဟု နောက်ပြန်သည်။ ထိုအခါ ဆရာဝန်များနှင့် ဆေးအဖွဲ့ဝင်များအားလုံးက တဝါးဝါးနှင့် ရယ်မောကြပါသည်။

နှစ်ပေါင်း အတန်ကြာပြီးနောက် ကျွန်တော်သည် အဖေနှင့်

ကျွန်တော့်ဆက်ဆံရေးများ အကြောင်းကို တွေးတောနေမိသည်။ ကျွန်တော်တို့ သားအဖ နှစ်ယောက်မှာ ထူးခြားသူများ ဖြစ်သည်ဟု ဆိုရပါမည်။ အမေရိကန် သမ္မတများ၏ ၁၇၂ နှစ် သမိုင်းတွင် အဖေရော၊ သားရော သမ္မတ ဖြစ်သူမှာ ကျွန်တော်တို့သာ ဖြစ်ပါသည်။ အမှန်ပြောရလျှင် ကျွန်တော်သည် အဖေ့ကို ကိုးကွယ်သူဖြစ်သည်။ ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက်တွင် အဖေ့ကို လေးစားကြည်ညိုခဲ့သည်။ ချစ်လည်းချစ်သည်၊ ကျေးဇူးလည်း တင်ပါသည်။ အဖေသည် ကျွန်တော်တို့ မောင်နှမများကို ဂရုတစိုက် ချစ်ပေးခဲ့သည်။ အဖေနှင့် ကျွန်တော်တို့နှင့် ပတ်သက်၍ ပြောစရာ ဇာတ်လမ်းတစ်ပုဒ် ရှိပါသည်။ တစ်ည ကျွန်တော်တို့ သားအဖ ညဉ့်နက်မှ အိမ်ပြန်လာစဉ် ဘေးအိမ်မှ အမှိုက်ပုံးကို ကားနှင့်ဝင်တိုက်မိ၏ ။ အဖေနှင့် ကျွန်တော်တို့ မသိချင်ယောင် ဆောင်နေသည်။ အမှိုက်ပုံကို ကားနှင့်တိုက်ပုံကို ဓာတ်ပုံရိုက်သူက ရိုက်ထားခဲ့၏ ။ နောက် ကျွန်တော်တို့ သားအဖ သမ္မတ ဖြစ်ခဲ့ကြသည်။ နောက် အနှစ် ၂၀ အကြာတွင် ထိုပုံကို ဓာတ်ပုံသတင်းစာတစ်ခုတွင် ရေးသားခဲ့ကြောင်း သိရသည်။

ကျွန်တော်သည် အဖေနှင့် မတူသည်များ၊ အဖေ့ကို လိုက်မမီသည်များ ရှိသည်။ ကျွန်တော်က တက်တက်ကြွကြွ နေတတ်သလို၊ တစ်ခါတစ်ရံ ဘာဘရာဘုရ်ကို မလေးမခန့် လုပ်တတ်သည်များ ရှိ၏ ။ ကျွန်တော်က လွတ်လွတ်လပ်လပ် နေတတ်ပေမယ့် မိသားစုကိုတော့ ချစ်ခင်ပါသည်။ ကျွန်တော့် မိသားစုနှင့် ပတ်သက်၍ ၊ ကလေးများနှင့် ပတ်သက်၍ ကျွန်တော့် မိဘများက နားလည်ပါသည်။ ကျွန်တော့်သမီး ဂျင်နာဆိုလျှင် ထူးချွန်ထက်မြက်သူလေးဖြစ်ပြီး ကျွန်တော်နှင့် တူသည်ဟု ဆိုရမည်။ ၁၉၉၄ ခုနှစ်က ကျွန်တော် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ယှဉ်ပြိုင်ရန် စည်းရုံးနေစဉ် ဒီလုံးငှက် တစ်ကောင်ကို မတော်မဆ သေနတ်ဖြင့် ပစ်လိုက်မိ၏ ။ ဒီလုံးငှက်က တခြား တစ်ကောင်ကို ထိုးဆိတ်ရန် ကြိုးစားနေစဉ် ပစ်လိုက်ခြင်း ဖြစ်သည်။ ထိုအချိန်က အမဲလိုက်ရာသီ ဖြစ်သည်။ ငှက်ပစ်သည်နှင့် ပတ်သက်၍ အမှားတစ်ခု ဖြစ်သည်ဟု

ရေးသားကြသည်။ သို့သော် ထိုသတင်းမှာ မြုပ်သွားပါသည်။ အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်အလို၌ လော်ရာနှင့် ကျွန်တော်သည် သမီးများနှင့်အတူ တက္ကဆက်ပြည်နယ်၊ ဒါရက်တွင် မဲဆွယ်စည်းရုံးရေး လုပ်ရ၏ ။ အသက် ၁၂ နှစ်အရွယ် ဂျင်နာကစားပွဲတွင် ငှက်ရုပ်တစ်ရုပ် ရလေသည်။ ထိုအချိန်တွင် တီဗီကင်မရာများကလည်း ဂျင်နာကို ရိုက်ကူးကြသည်။ ထိုအခါ ဂျင်နာက ငှက်ရုပ်ကလေးကို ကျွန်တော့်ဘက် လှမ်းပြရင်း ရယ်ရယ်မောမောဖြင့် “ဖေဖေ…ဟောဒါက ဒီလုံးငှက်ကလေးပေါ့..” ဟု ဟာသနှောကာ ပြောလိုက်ပါသည်။

*

၁၉၇၂ ခုနှစ်၌ ကျွန်တော်သည် ဖလော်ရီဒါရှိ အဘွားထံသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ဖလော်ရီဒါတွင် ကောလိပ်မှ သူငယ်ချင်းဖြစ်သူ မိုက်ဘရွတ်ရှိပါသည်။ သူနှင့် ကျွန်တော် ဂေါက်သီး ကစားကြသည်။ မိုက်သည် ဟားဗတ် စီးပွားရေးလုပ်ငန်းကျောင်းမှ ဘွဲ့ရပြီးခါစ ဖြစ်သည်။ ကျွန်တော့်ကိုလည်း ထိုကျောင်းသို့ ဆက်တက်ရန် သူက ပြောပါသည်။ ဟားဗတ်သို့တက်ရန် သူက စာရေးအကြောင်းကြားပြီး လျှောက်လွှာတင်ခိုင်း၏ ။ ကျွန်တော်ကလည်း လျှောက်လွှာတွင် အပြည့်အစုံရေးပြီး တင်လိုက်ပါသည်။ နောက်လ အနည်းငယ်ကြာသောအခါ ဟားဗတ် စီးပွားရေးသင်တန်းက ကျွန်တော့်ကို လက်ခံကြောင်း စာရရှိလေသည်။

ကျွန်တော့်အနေဖြင့် ကျောင်းပြန်တက်မလား၊ အိစ်ကို့(စ်)ကိုပဲ ပြန်မလားဟု ရွေးရခက်နေသည်။ ထိုဒွိဟစိတ်ကို ကျွန်တော့်ညီ ဂျက်နှင့် တိုင်ပင်ပါသည်။ ကျွန်တော် ကျောင်းအိပ်ကျောင်းစားဘဝက သူသည် ရှစ်နှစ်သားသာ ရှိသေး၏ ။ ယခု သူလည်း လူကြီးဖြစ်လာ၍ တရင်းတနှီး နေထိုင်ပါသည်။ ဂျက်က အရာရာကို အလေးအနက်ထားသော စိတ်ရှိသောကြောင့် တချို့ကို သူနှင့်တိုင်ပင်ရသည်။ ဂျက်က ဉာဏ်ကောင်းပြီး သုံးသပ်နိုင်စွမ်း ရှိသည်။ စပိန်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ပြီး လက်တင်အမေရိက

အရေးကိစ္စများနှင့် ပတ်သက်သော ဘာသာရပ်ကို အဓိက ယူထားသည်။ သူသည်တက္ကဆက်တက္ကသိုလ်မှ ဖီးလ် ဘီတာကက်ပါဖြင့် ဘွဲ့ရခဲ့လေသည်။ တက္ကသိုလ်နောက်ဆုံး နှစ်များ၌ မက္ကဆီကိုတွင် သူ အနေများ၏ ။ မက္ကဆီကို တက္ကသိုလ်တွင် သွားရောက် ပညာသင်ကြားသည်။ မက္ကဆီကိုတွင် လုပသော မက္ကဆီကန်သူလေး ကိုလံဘာဂါနီကာနှင့် မေတ္တာမျှခဲ့သည်။ သူတို့ နှစ်ယောက်စလုံး ငယ်ကြပါသေးသည်။ သို့သော် ဂျက်သည် မက္ကဆီကန်သူလေးကို မေတ္တာမျှပြီး ခွဲမရအောင်ဖြစ်ခဲ့၏ ။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် အက်စတိုဒုံးသို့ သွားရောက်ရာတွင် ကျွန်တော်က ဘောလုံးပွဲ ကြည့်နေတတ်သော်လည်း ဂျက်က သူ့ချစ်သူထံ စာရေးနေသည်။ သူ အသက် ၂၁ နှစ်မွေးနေ့ပွဲ ကျင်းပပြီးနောက် သူတို့ချစ်သူနှစ်ဦး လက်ထပ်ခဲ့လေသည်။

တစ်ည ဟူစတန်တွင် ကျွန်တော်နှင့် ဂျက်သည် အဖေနှင့်အတူ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာ စားခဲ့ကြသည်။ ထိုအချိန်က ကျွန်တော်သည် ဟူစတန်ရှိ ဆင်းရဲမှုလျော့ပါးရေးဌာနတွင် အစီအစဉ် ရေးဆွဲသူအဖြစ် လုပ်ကိုင်နေပါသည်။ အဖေနှင့် ကျွန်တော်က ရှေ့ဘာဆက်လုပ်မလဲ ဆိုသည်ကို တိုင်ပင်နေကြပါသည်။ ထိုအခါ ဂျက် ဝင်လာပြီး "ဂျော့ရှ်၊ ဂျော့ရှ်က ဟားဗတ်ကို တက်ပေ့ါ" ဟု ပြောသည်။ တစ်အောင့်လောက်စဉ်းစားပြီး အဖေက "သား မင်း ကျောင်းတက်ဖို့ကို အလေးအနက် စဉ်းစားပါ။ မင်းအတွက် မိုးကုပ်စက်ဝိုင်း ပိုပြီးကျယ်လာဖို့ လိုတယ်။ ကျောင်းဆက်တက်တာဟာ မင်းအတွက် လမ်းကောင်းပဲ"ဟု ပြောလိုက်၏ ။ အဖေက ဤမျှလောက်သာ ပြောပါသည်။။ ကျွန်တော့်ကို စဉ်းစားချိန်လည်း ပေးလိုက်ပါသည်။ မိုးကုပ်စက်ဝိုင်းကို ကျယ်လာအောင် လုပ်ပါဆိုသည်မှာ ကမန်တော်သည် ဒီနှစ်တွေအတွင်း ယောင်ဝါးဝါး လုပ်မနေဘဲ မိမိအနာဂတ်အတွက် ပြတ်သားစွာ ဆုံးဖြတ်ပါဟု ပြောလိုခြင်း ဖြစ်သည်။ "ဘုရားသခင် ပေးထားသော အသိဉာဏ်ကို မိမိဘာသာ သိအောင် စဉ်းစား" ဟူသော သဘောကို ပြောခြင်းလည်း ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် ဒုတိယအကြိမ် အဆုံးအဖြတ် ပေးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် ဟူစတန်မှနေ မက်ဆာချူးဆက်သို့ ထွက်လာခဲ့သည်။ တက္ကစီဒရိုင်ဘာက ဟားဗတ်တက္ကသိုလ် ပရဝဏ်ထဲသို့ မောင်းလာခဲ့၏ ။ ထိုနေရာကို "အရင်းရှင် ဝက်စ်ပွိုင့်" ဟု ခေါ်ပြီး ဟားဗတ်က ကျွန်တော့်ကို ကြိုဆိုလိုက်ပါသည်။ အင်ဒိုဘာသို့ ကျွန်တော်က မျှော်လင့်ချက်ဖြင့် သွားခဲ့ပြီး ယေးလ်သို့ ထုံးစံအတိုင်း သွားခဲ့သည်။ ဟားဗတ်ကိုမူ ကျွန်တော့်ဘာသာ အဆုံးအဖြတ် ပေးပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဟားဗတ် ဘဏ္ဍာရေး နည်းပညာများ၊ စာရင်းကိုင်နှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားခဲ့သည်။ အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ပို၍ နားလည်သဘောပေါက်အောင်လည်း ကျောင်းသို့ ရောက်လာခဲ့သည်။ ဟားဗတ်တွင် အရေးကြီးသော စီးပွားရေး ဘာသာရပ်များကို သင်ကြားခဲ့ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှုလည်း ရှိလာပြီး စီးပွားရေးလုပ်ငန်း ထူထောင်ရေးအတွက်လည်း အထောက်အကူ ဖြစ်လာခဲ့သည်။ ဟားဗတ် စီးပွားရေးလုပ်ငန်း သင်တန်းကျောင်း၏ သင်ခန်းစာများမှာ ကျွန်တော့်ကို ယခင်ကနှင့် မတူသော သင်ခန်းစာများကို သင်ကြားပေးပါသည်။ ဘွဲ့ရပြီးသည့်အခါ တရုတ်ပြည်ရှိ အဖေနှင့်အမေထံ ကျွန်တော် သွားရောက်လည်ပတ်ခဲ့သည်။ ထိုသို့သွားရောက်ခဲ့သည်မှာ ကျွန်တော့်စိတ်ထဲမှနေ အရင်းရှင်စနစ်၏ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်မှနေ၍ ကွန်မြူနစ်ဝါဒ၏ အရှေ့ဘက် ခံကတုတ်ဆီသို့ သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိက ရွေးချယ်ပိုင်ခွင့်ရှိသော သမ္မတနိုင်ငံတစ်ခုမှ နေ၍ နီညိုရောင် ယူနီဖောင်းများ ဝတ်ဆင်ထားသည့် ပြည်သူများရှိသော နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ပေကျင်းမြို့တော်ရှိ လမ်းများတွင် လူများမှာ စက်ဘီးများစီး၍ သွားလာနေကြသည်။ ထိုမော်တော်ကားကြီးများ၏ ပြတင်းပေါက်များကို အရောင်ခြယ်ထားပြီး ပါတီထိပ်တန်း ခေါင်းဆောင်များ စီးနင်းလိုက်ပါသွားလေသည်။ တခြား ကားအနည်းငယ်ကိုလည်း တွေ့ရသည်။ သို့သော် လွတ်လပ်သော ဈေးကွက်စီးပွားရေးကိုမူ မတွေ့ရပေ။ ထိုအချိန်က တရုတ်နိုင်ငံကို ကြည့်ပြီး ကြွယ်ဝသော သမိုင်းကြောင်းရှိသည့် နိုင်ငံကြီးတစ်နိုင်ငံမှာ

ပြောင်တလင်း ဖြစ်နေသည်ကို ကျွန်တော် အံ့ဩမိပါသည်။

၁၉၇၅ ခုနှစ်တွင် တရုတ်ပြည်သည် ယဉ်ကျေးမှု တော်လှန်ရေးကို အပြင်းအထန် ဆင်နွှဲလျက် ရှိသည်။ အစိုးရက လူ့အဖွဲ့အစည်းကို သန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်၏ ။ ကွန်မြူနစ်အရာရှိများအား အစီအစဉ်အတိုင်း စနစ်ကျကျ နေထိုင်ရန် ပြုလုပ်ခြင်း ဖြစ်သည်။ အသံလွှင့်ဌာန ဝါဒဖြန့်ချီရေးများကို အဆက်မပြတ် အသံလွှင့်နေသလို၊ အသံချဲ့စက်များနှင့်လည်း အမြဲ တရားဟောလေ့ ရှိ၏ ။ တရုတ် ရှေးသမိုင်းကိုလည်း နင်းချေပစ်ကြသည်။ လူငယ်အုပ်စုများသည် လူကြီးများကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ပညာတတ်များကိုလည်း ဝေဖန်တိုက်ခိုက်ကြသည်။ ထိုအချိန်က လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးမှာ ဖရိုဖရဲ ဖြစ်နေပြီး မင်းမဲ့စရိုက်က လွှမ်းမိုးထားပါသည်။

တရုတ်ပြည်၏ အတွေ့အကြုံသည် ကျွန်တော့်ကို ပြင်သစ်နှင့် ရုရှားတော်လှန်ရေးအား အမှတ်ရစေသည်။ ပုံသဏ္ဍာန်မှာ အတူတူပင်ဖြစ်သည်။ လူထုက အရာရာအားလုံးကို ချုပ်ကိုင်ထားပြီး မိမိတို့ စံပြုထားသည့်အတိုင်း ပြုလုပ်ကြသည်။ အုပ်ချုပ်ရေးအာဏာကို ဖျက်သိမ်းလိုက်သည်။ ဆဲရေးတိုင်းထွာကြသည်။ မိမိတို့ ယုံကြည်သည့်အတိုင်း မိမိတို့ အမျိုးသားအချင်းချင်းကိုပင် ရက်ရက်စက်စက် ပြုလုပ်ကြလေသည်။ လူသားမျိုးနွယ်မှာ ထိုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့နေရလေသည်။ လွတ်လပ်မှု၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့မှာ အချုပ်အခြယ် ခံနေရသည်။ ကျွန်တော် ယုံကြည်ခဲ့သော အမြင်များနှင့် ဆန့်ကျင်နေပါသည်။ လူ့အဖွဲ့အစည်းတစ်ခုကို ထိန်းသိမ်းရေးအတွက် သင့်လျော်သော လမ်းတစ်ခုကို ရွေးချယ်ရန် လိုအပ်နေပါသည်။

ကျွန်တော်၏ အချိန်အများစုမှာ ဟားဗတ်၌ သာ ကုန်လွန်ခဲ့ပါသည်။ စီးပွားရေးနှင့် ဘွဲ့ရလျှင်လည်း ဘယ်နေရာမှာ အသုံးချရမည်ကို ကျွန်တော် စဉ်းစား၍ မရသေးပါ။ ဝေါစထရီတွင် သိမ်မွေ့ပြီး ထက်သန်ပြင်းပြသူများ

အလုပ်လုပ်နေသည်ကို ကျွန်တော် သိပါသည်။ ထိုသို့ လူတော်များထဲတွင် ကျွန်တော့်အဘိုး ပရက်စကော့ဘုရှ်လည်း ပါဝင်သည်။ ဝေါစထရီသည် ဘဏ္ဍာရေး စက်ရုံကြီးတစ်ခုဖြစ်သည် ဆိုသည်ကိုကား ကျွန်တော့်အဖို့ မရှင်းသေးပါ။ သံသယ ရှိနေဆဲ ဖြစ်၏ ။ ကျွန်တော့်အမြင်တွင် ဝေါစထရီသည် ဝယ်သူကဝယ်၊ ရောင်းသူက ရောင်းနှင့် ပင်မအဆောက်အအုံကြီး ဖြစ်သည်ဟု ကျွန်တော့်သူငယ်ချင်းများအား ကျွန်တော်က ပြောပြလေ့ ရှိသည်။ သို့သော် သူတို့က ကျွန်တော် ပြောသမျှကို မရယ်ကြပါ။ သူတို့၏ သဘောထားကိုလည်း မပေးကြပါ။ ထိုနေရာသည် ငွေရှာသည့် နေရာဟုသာ သူတို့က နားလည်ကြလေသည်။

ဟားဗတ်ရှိ ကျွန်တော်၏ အတန်းဖော် ဒဲလ်မာတင်နှင့် လိုက်သွားပြီးသည့်နောက် ကျွန်တော် ရွေးချယ်မည့် အချက်များကို ရှာဖွေရပါတော့သည်။ ၁၉၇၅ ခုနှစ်၊ ကျောင်းပိတ်ရက်တွင် ဒဲလ်မာတင်က သူတို့မိသားစု ခြံကြီးရှိသော အရီဇိုးနားမှ တက်ဆန်သို့ လိုက်ခဲ့ရန် ခေါ်ပါသည်။ အနောက်ဘက်တွင် ရှိ၏ ။ အနောက်ဘက်ခရီးကိုလည်း ထွက်ခဲ့ပါသည်။ မစ်ဒလင်းတွင် ခဏနားရန်လည်း ကျွန်တော်က ဆုံးဖြတ်ခဲ့ပါ၏ ။ ကျွန်တော့် သူငယ်ချင်း ဂျင်မီအယ်လီဆန်က မစ်ဒလင်းရှိ Midland Reporter – Telegram ကို ထုတ်ဝေသူ ဖြစ်နေကြောင်းလည်း ကျွန်တော် ကြားရလေသည်။ ထိုနေရာမှာ ဖွံ့ဖြိုးနေသည့် နေရာလည်းဖြစ်ပါသည်။ စွမ်းအင်ထုတ်လုပ်မှု အားကောင်းသော နေရာလည်း ဖြစ်၍ သူ့အလုပ်မှာ မှန်သည်ဟု ကျွန်တော် ထင်သည်။ ၁၉၇၃ နောက်ပိုင်း၌ အာရပ် ရေနံတင်ပို့မှုမှာ မြင့်တက်လာ၏ ။ ထို့ကြောင့် ဒေသတွင်း စွမ်းအင်ထုတ်လုပ်မှုမှာ ကျဆင်းသွားရသည်။ ထိုအခြေအနေကို တွေ့သည့်အခါ ကျွန်တော့်အနေဖြင့် ကိုယ်ပိုင်အလုပ်တစ်ခု စလုပ်ရင် ကောင်းမလားဟု တွေးမိသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုချပြီး ကျွန်တော် တက္ကဆက်သို့ ဦးတည်ခဲ့ပါသည်။

၁၉၇၅ ခုနှစ်တွင် မြို့ထဲသို့ ကျွန်တော် ဝင်လာသည်။ ကျွန်တော်

ပိုင်ဆိုင်သမျှကို ၁၉၇၀ ပြည့်နှစ်ထုတ် Lass Cut ကားဟောင်းကြီးဖြင့် အပြည့်တင်လာခဲ့၏။ သီအိုရီနှင့် ပတ်သက်၍ ကျွန်တော် အများကြီး သင်ခဲ့ရပါသည်။ စာတွေ့အများကြီးလည်း ခေါင်းထဲရှိသည်။ ထို့ကြောင့် လက်တွေ့ဆရာကို ရှာရမည်ဖြစ်သည်။ ပထမဆုံး ထိုမြို့မှ ရှေ့နေတစ်ယောက်ထံသို့ သွားလည်ပါသည်။ သူ့နာမည်မှာ ဘွိုက်လပ် ဖလင် ဖြစ်သည်။ ချစ်ခင်ရင်းနှီးသူများက သူ့ကို တရင်းတနှီး လု(ပ်) ဟိုးလ် Loophole ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ 'လွတ်ပေါက်' ဖြစ်သည်။ သူက ဘပ်ဖ်မီးလ်နှင့်လည်း ဆုံပေးခဲ့လေသည်။ ဘပ်ဖ်သည် လူကောင်ထွားထွား၊ ဆံပင်တိုတိုဖြစ်ပြီး ရေနံလုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံရင့်သူ ဖြစ်ပါသည်။ ကျွန်တော်က ဘပ်ဖ်ကိုရော၊ သူ့အဖော်ကိုပါ တွေ့ခဲ့ရသည်။ သူ့အဖေမှာ ဆေးလိပ် သောက်ပြီး ပိုကာဖဲ အလွန်ကြိုက်သော ရပ်ဝေးလ် ဖြစ်ပါသည်။ သူတို့လုပ်ငန်းထဲ ကျွန်တော် ငွေဘယ်လောက် ထည့်မည်ကို မပြောနိုင်ပါ။ ငွေအများကြီး ထည့်ရမည်ဆိုလျှင် ဒုက္ခရောက်နိုင်စရာ မရှိသဖြင့် ရှိတာထက်ပိုပြီး ကစားပွဲထဲ မထည့်ဝင်နိုင်ပါ။ သူတို့ဒေသ၏ ဓလေ့ထုံးစံအတိုင်း ပြောဆိုကြပြီးနောက် ကျွန်တော်တို့သည် ရင်းရင်းနှီးနှီး ဖြစ်သွားကြသည်။ သူတို့က ရေနံလုပ်ငန်းနှင့် ပတ်သက်၍ သဘောပေါက်ကျွမ်းကျင်သူများ ဖြစ်၏။ ကျွန်တော်က ဘပ်ဖ်နှင့်ရပ်ကို ကျွန်တော်လည်း ရေနံ ရှာချင်သူဖြစ်ကြောင်း ပြောပြခဲ့သည်။ ရေနံမြေရှာသည့် အလုပ်သည် ဒေသန္တရရုံးများနှင့် သွားလာဆက်ဆံရမည့် အလုပ်ဖြစ်သည်။ ရေနံရှိသည့်မြေကို သုတေသနလုပ်ပြီး ရှာဖွေရမည် ဖြစ်သည်။ ထိုအလုပ်သည် စာအများကြီး ဖတ်ရမည်။ စာရွက်စာတမ်း အများကြီးကိုလည်း ရှာဖွေစုဆောင်းရမည်။ အသေးစိတ် ကြည့်နိုင်ရမည့်အလုပ် ဖြစ်သည်ဟု သူတို့က ပြောပါသည်။ ကျွန်တော်က အတွေ့အကြုံအရ ပြသသော နေရာများကိုလည်း ကြည့်ပါသည်။ နောက် ကျွန်တော် ခရီးဆန့်တော့၏။ အစဉ်အလာကြီးပြီး အခြေကျနေသည့် လုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင်မူ ကျွန်တော်တို့မှာ အသေးအဖွဲသာ ရှိသေးသည်။ သို့သော် ကျွန်တော်တို့ အများကြီးလုပ်နိုင်ပြီး လေ့လာနိုင်ခဲ့ပါသည်။

လုပ်ငန်းလုပ်သည့်အခါ နေထိုင်မှုစရိတ်ကို အတတ်နိုင်ဆုံး လျှော့ချရ၏ ။ စတုရန်းပေ ၅၀၀ ရှိသော လမ်းကြိုလမ်းကြားမှ အိမ်တစ်လုံးကို ငှားလိုက်သည်။ မိတ်ဆွေများက ထိုနေရာသည် အဆိပ်များရှိသော စွန့်ပစ်မြေဖြစ်သည်ဟု ပြောကြသည်။ အခန်းထဲတွင် ကျွန်တော့်အတွက် ခုတင်တစ်လုံးထားပြီး ခုတင်နှင့် အခန်းထောင့်ကို ကျွန်တော့် လည်စည်းကြိုးဖြင့် ချည်ထားလိုက်သည်။ အခန်းထဲတွင် အဝတ်လျှော်စက် မရှိပါ။ ဒွန်နှင့် ဆူဇီအီဇန်တို့၏ အိမ်ကို ပင်မင်းဆိုင်လို သဘောထားရလေသည်။ ဆူဇီနှင့် ကျွန်တော်မှာ အလလယ်တန်းကတည်းက ခင်ကြသူများ ဖြစ်၏ ။ ဆူဇီမှာ ဒွန်နှင့် လက်ထပ်ခဲ့သည်။ ဒွန်မှာ တက္ကဆက်ကောလိပ်မှ ဘွဲ့ နှစ်ခု ရခဲ့သူ ဖြစ်သည်။ ဒွန်သည် အလွန် ရိုကျိုးပြီး နှိမ့်ချသူတစ်ယောက် ဖြစ်၏ ။ ဟာသဉာဏ်လည်း ရှိပါသည်။ ကျွန်တော်တို့ အပေါင်းအသင်းများ ဖြစ်သွားပြီး ဂေါက်သီးရိုက် ခဲ့ကြသည်။ နောက်တော့ တစ်သက်တာလုံး မိတ်ဆွေများအဖြစ် ဆက်ဆံသွားကြပါတော့သည်။

၁၉၇၆ ခုနှစ်၊ နွေဦးတွင် ဒွန်နှင့် တခြားအရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်သည့် ချာလီ ရမ်းဂါးက ကျွန်တော့်ကို ဖိတ်ခေါ်ပါသည်။ ချာလီရမ်းဂါးသည် မစ်ဒလင်းဆေးရုံမှ အရိုးရောဂါကု ဆရာဝန်တစ်ယောက် ဖြစ်ပါသည်။ သူတို့က အိုဒက်ဆာတွင် ဂီလီနယ်လ်ဆင်၏ ဂီတပွဲကို သူတို့နှင့်လိုက်ခဲ့ရန် ဖိတ်ခေါ်ပါသည်။ ထိုပွဲသည် ကျွန်တော်တို့ အဖို့ အရက်လည်း သောက်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပွဲအတွက် အရက်ဝယ်ရန် ပြင်ကြသည်။ ဘူဘွန်းအရက်များကို ပွဲအတွက် ဝယ်ခဲ့ကြသည်။ ဂီတပွဲကျင်းပမည့် အက်တာ ကောင်တီ ရုံထဲသို့ အရက်သေစာ ယူဆောင်လာခြင်း ခွင့်မပြုပါ။ ထို့ကြောင့် ကျွန်တော်တို့မှာ အဝင်ဂတွင်ပင် အရက်များ မော့ချလိုက်သည်။ ပုလင်းခွံ့များကို ရုံပေါက်ဂတွင် လွှင့်ပစ်လိုက်ပြီး ကျွန်တော်တို့ ခုံများဆီ သွားကြ၏ ။ ရုံပေါက်ဂတွင် သောက်ရသည်ကို အားမရပါ။ ထပ်သောက်ချင်လာသည်။ သောက်ပြီး ပျော်ပျော်ပါးပါး ကြည့်ချင်ပါသည်။ ချာလီက အပေါင်းအသင်း ဆန့်သူ ဖြစ်၏ ။

ဇာတ်ရုံအလုပ်သမားနှင့် ရင်းနှီးသည်။ ထိုသူမှာ ဂီလီနယ်လ်ဆင်အတွက် အရက်ဝယ်ပေးရသူ ဖြစ်သည်။ ဂီလီမှာ အရက်လေးသောက်မှ အာရှင်သည်ဟု ဆိုသည်။ ချာလီက ဇာတ်ရုံအလုပ်သမားကို ပိုက်ဆံပေးပြီး အရက်ဝယ်ခိုင်းလေသည်။ ဂီလီမှာ ကျွန်တော်တို့အကြောင်း သိသည်နှင့် ခိုးကြောင်ခိုးပှက်နှင့် ကျွန်တော်တို့ဆီ လာသောက်သည်။ ကျွန်တော်တို့မှာ ခုံအောက်တွင် အရက်ပုလင်းများ ထားကာ အေးအေး မသောက်နိုင်ဘဲ မြန်မြန်ပင် အငမ်းအရ သောက်ကြရသည်။ အရက်ပုလင်း ဘယ်လောက်ကုန်သွားမှန်းပင် မသိတော့ပေ။ ချာလီက သူ့မိတ်ဆွေသစ်ကို ကျေးဇူးတင်ကြောင်းပြောကာ ကျွန်တော်တို့အရင် ထွက်ခဲ့ကြသည်။ ဒွန်က နောက်တွင် နေခဲ့ပါသည်။

သို့သော် တီးဝိုင်းမှ အသံများကို လွှမ်းပြီး ကျွန်တော့်နာမည်ကို အော်ခေါ်သံ ကြားရသည်။ မစ်ဒလင်းသားများသည် ချာလီနှင့် ကျွန်တော့်ကို မှတ်မိ၍ ကျွန်တော်တို့ နာမည်ကို သံပြိုင်အော်ခေါ်ကြသည်။ သူတို့က ဘီယာသောက်ချင်သည်ဟုလည်း အော်ကြသည်။ ထို့ကြောင့် ဂီတပွဲပြီးသောအခါ သူတို့အလိုကို လိုက်လျော၍ ကျွန်တော်တို့ ဘီယာ တိုက်ရလေသည်။ ချာလီက သူ့အကျႌအောက်တွင် အရက်ပုလင်းများကို ထည့်လာလေသည်။ ကျွန်တော်တို့ သုံးယောက်သား က ပွဲရုံ မင်းလမ်းအတိုင်း လမ်းလျှောက်လာရာ ချာလီ့အကျႌ အောက်မှ အရက်ပုလင်းများမှာ ထွက်ကျကုန်တော့သည်။ တစ်လုံးပြီးတစ်လုံး အောက်သို့ ကျကွဲကုန်သည်။ ထိုပုလင်းကွဲသံများကြောင့် အစောင့်များက သတိထားမိပြီး ကျွန်တော်တို့ဆီ ပြေးလာခဲ့ကြသည်။ ထိုအခါ သုံးယောက်သား ကပွဲရုံ အဝင်ပေါက်ဆီသို့ တစ်ဟုန်ထိုး ပြေးကြရသည်။ အရက်မူးနေသော လူသုံးယောက်မှာ ထိုအချိန်တွင် အပြေးသန်ဆုံးလူများ ဖြစ်လာပါတော့သည်။

နောက်တစ်နေ့၌ မစ်ဒလင်းမှ လူကြီးများက ဂီလီနှင့် ကျွန်တော် သောင်းကျန်းနေသည်ကို မြင်သည်ဟု ပြောကြသည်။ ထိုစဉ်က ကျွန်တော်သည် အရူးတစ်ယောက်လို ပြုမူခဲ့သည်ဟု တစ်ယောက်က ပြောရာ မည်သူကမျှ

ဘာမှတ်ချက်မျှ မပြောနိုင်ခဲ့ကြပါ။ သူပြောသည်မှာ မှန်ပါသည်။

၁၉၇၆ ခုနှစ်၊ အလုပ်သမားနေ့ ပိတ်ရက်က မိန်းပြည်နယ်ရှိ ကန်နယ်ဘန့်ပို့မှ ကျွန်တော်တို့ မိသားစုအိမ်မှာပင် အချိန်ကုန်ခဲ့သည်။ စနေနေ့ညဥ့် ကျွန်တော့်ညီမ ဒိုရိုနှင့်အတူ ကျွန်တော် ရှိသည်။ အဖေ၏ နိုင်ငံရေး လက်ထောက် ပီတာရူဆယ်လည်း ရှိ၏။ ကျွန်တော်တို့ မိသားစု၏ မိတ်ဆွေများဖြစ်သော ဩစတေးလျ တင်းနစ်ချန်ပီယံ ဂျွန်နယူးကွန်းနှင့် သူ့ဇနီး အန်ဂျီလည်း ရှိသည်။ ဂျွန်က သူတို့ ဩစတြေးလျ လူမျိုးတို့၏ ဓလေ့ထုံးစံ ဘီယာသောက်ပုံကို သင်ပေးပါသည်။ ဘီယာခွက်ကို လက်ဖြင့်မကိုင်ဘဲ သောက်သည့်နည်း ဖြစ်သည်။ ဘီယာခွက်ကို သွားဖြင့် ကိုက်လိုက်ရသည်။ နောက် ခေါင်းမော့ပြီး ဘီယာကို သောက်ခြင်း ဖြစ်ပါသည်။ ကိုက်ထားသော ဘီယာခွက်သည် ခေါင်းမော့လိုက်သည့်အခါ ခွက်ထဲမှ ဘီယာများ ပါးစပ်ထဲ ဝင်သွားတော့သည်။ ထိုညက ကျွန်တော်သည် ဘီး နှစ်ဘီးကို ပခုံးပေါ်တင်ပြီး တစ်နာရီ ၁၀ မိုင်နှုန်းဖြင့် လမ်းလျှောက်ပြန်ခဲ့ပါသည်။ တော်တော် ကိုးရိုးကားရား နိုင်လှပါသည်။ ရဲသားကြီး ကယ်ဗင်ဘရစ်က လမ်းပေါ် ဒယီးဒယိုင်ဖြင့် သွားနေသော ကျွန်တော့်ကို ရဲစခန်းခေါ်သွားခဲ့ပြီး ရဲအရာရှိက အပြစ်ရှိသည်ဟု ဆုံးဖြတ်သည်။ ကျွန်တော်ကလည်း တကယ့်အမှားကို ကျူးလွန်ခဲ့ပါသည်။ ကံကောင်းသည်မှာ ခရီးသည်များကို ဒုက္ခမပေးခဲ့ခြင်းပင် ဖြစ်သည်။ ကားမောင်းသမားများကိုလည်း ဒုက္ခမပေးခဲ့ပါ။ ကျွန်တော်လည်း ဘာမှမဖြစ်ပါ။ ဒဏ်ငွေ ဒေါ်လာ ၁၅၀ အရိုက်ခံရပြီး မိန်းပြည်နယ်တွင် ကျွန်တော် ကားမောင်းခွင့် မရှိတော့ဟု တားမြစ်လိုက်သည်။ နောက် ထိုအမှုကို ပိတ်ပေးခဲ့ပါသည်။

*

၁၉၇၇ ခု၊ ဇူလိုင်လတွင် မစ်ဒလင်းရှိ ကျွန်တော့်အိမ်သို့ ပြန်လာခဲ့ပါသည်။ ကျွန်တော့် သူငယ်ချင်း ဂျိုးလ်အိုနေးက ဘာဂါစားရန် သူ့အိမ်သို့ ဖိတ်၏။ ကျွန်တော် အိမ်လုပ်မုန့် မစားခဲ့ရသည်မှာ အတော်ကြာပါပြီ။ လုပ်ပြီးသား

မုန့်များကိုသာ စားရသဖြင့် သူ၏ ဖိတ်ကြားချက်ကို ဝမ်းပန်းတသာ လက်ခံခဲ့သည်။ ဂျိုးလ်နှင့် သူ့ဇနီးဂျုန်တို့က ကျွန်တော့်အပြင် ဂျုန်၏ အချစ်ဆုံးသူငယ်ချင်း လော်ရာဂဲလ်ချ် ကိုလည်း ဖိတ်ထားသည်။ ကျွန်တော်က အနည်းငယ် နောက်ကျပြီးမှ ရောက်လာသည်။ အိမ်နောက်ဘက်တွင် ဂျုန်နှင့်လော်ရာ ထိုင်နေကြသည်။ လော်ရာက အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားပါသည်။ သူမသည် အလွန်လှပ၏ ။ မျက်လုံးပြာကြီးများမှာ ကျက်သရေအလွန်ရှိသည်။ ရယ်ရယ်မောမောနှင့် ဉာဏ်လည်း အလွန်ရှင်သူ ဖြစ်၏ ။ ဆက်ဆံရသည်မှာလည်း နွေးနွေးထွေးထွေး ရှိသူ ဖြစ်သည်။ ရယ်ရယ်မောမောနှင့် ရင်းရင်းနှီးနှီး ရှိပါသည်။ “မြင်မြင်ချင်း ချစ်မိသည်” ဟူသော စကားမှာ ကျွန်တော်တို့အဖြစ်ကို ပြောခြင်းပင် ဖြစ်ပါလိမ့်မည်။

လော်ရာနှင့် ကျွန်တော် ရင်းနှီးလာသောအခါ ကျွန်တော်တို့သည် မစ်ဒလင်းတွင် အတူနေခဲ့ကြသည်။ ဆန်ဂျာဆင်ကို အလယ်တန်းကျောင်း၌ ခုနှစ်တန်းအထိ ကျွန်တော်တို့ အတူတက်ခဲ့သည်ကို ယခုမှ သိခဲ့ရသည်။ ဟူစတန်တွင်လည်း တစ်တိုက်တည်းတွင် နေခဲ့ရပါသည်။ သူမက အဆောက်အအုံတစ်ဖက်တွင် နေ၏ ။ ထိုနေရာတွင် ရေကန်ရှိသည်။ စာလည်း ကောင်းကောင်းဖတ်၍ ရပါသည်။ ကျွန်တော်က တခြားတစ်ဖက်တွင် ရှိပါသည်။ ထိုနေရာတွင် ရေကန်ထဲ၌ ဘော်လီဘော ကစားကြ၏ ။ ညဥ့်နက်သည်အထိ ကစားခြင်း ဖြစ်သည်။ ယခုမှ ကျွန်တော်တို့ ဆုံတွေ့ရပါသည်။

နောက်တစ်နေ့တွင် လော်ရာကို ကျွန်တော်က ဖုန်းဆက်လိုက်ပါသည်။ ထိုနေ့ညဥ့်၌ ထွက်လည်ကြရန် သဘောတူလိုက်ကြ၏ ။ ကျွန်တော်တို့ နှစ်ယောက်သည် ဂေါက်သီးကစားကြသည်။ ဂေါက်သီးကစားရာတွင်လည်း တွင်းစိမ်ခြင်း ဖြစ်သည်။ ကျွန်တော်နှင့် မိတ်ဆွေများ ဖြစ်ရန်လည်း သူမက သဘောတူပါသည်။ ရင်းနှီးလာသောအခါ သူမက စကားအများကြီးပြောပြီး ဟာသလည်း ရှိသူ ဖြစ်သည်။ မနေ့ကထက်ပိုပြီး ရယ်ရလေသည်။ ယခု တွေ့လိုက်ရသည်မှာ ယမန်နေ့က တွေ့ခဲ့ရသည်ထက် ပို၍ ရင်းနှီးလာပါသည်။

ကျွန်တော်တို့ နှစ်ယောက် ထိုသို့ တွေ့ဆုံရင်းနှီးခဲ့သည့် အခြေအနေ အဆိုးဆုံးတစ်ခုမှာ လော်ရာသည် အော်စတင်သို့ ပြန်သွားခြင်း ဖြစ်သည်။ သူမသည် အော်စတင်ရှိ ဒေါ်ဆန်ကျောင်းတွင် စာကြည့်တိုက်မှူး လုပ်နေသောကြောင့် ဖြစ်၏ ။ လော်ရာပြန်သွားသည့်အတွက် ကျွန်တော့်အဖို့ နေမထိ ထိုင်မသာ ဖြစ်လာခဲ့တော့သည်။ တခြားသူများနှင့်မတူဘဲ သတိအလွန်ရသဖြင့် ကျွန်တော် အားလပ်လျှင် အားလပ်သလို အော်စတင်သို့ သွားခဲ့ပါတော့သည်။

ကျွန်တော်တို့နှစ်ယောက်မှာ အတွဲညီပါသည်။ ကျွန်တော်က စကားအလွန်ပြောသလောက် သူမက အလွန် နားထောင်တတ်သူ ဖြစ်ပါသည်။ ကျွန်တော်က ဂနာမငြိမ်သလောက် သူမက အေးဆေးတည်ငြိမ်သူ ဖြစ်လေသည်။ ကျွန်တော်က စိတ်ကို မထိန်းနိုင်မသိမ်းနိုင် ဖြစ်တတ်သလောက် လော်ရာက လက်တွေ့ကျကျ လုပ်ကိုင်တတ်သည်။ ခြေခြေမြစ်မြစ် သုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချလေသည်။ ခြုံပြောရလျှင် သူမသည် သဘာဝကျကျနှင့် အမှန်ကို လက်ခံကျင့်သုံးတတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် လော်ရာ့အပေါ် ကျွန်တော်၏ သံယောဇဉ်မှာ ပိုနက်ရှိုင်းလာခဲ့သည်။ ဩဂုတ်လ၌ ကျွန်တော့်မိသားစုရှိရာ ကင်နယ်ဘန့်ပို့သို့ တစ်ပတ်လောက် အတူနေရန် သွားရောက်ခဲ့၏ ။ သို့သော် တစ်ညအိပ်ခဲ့ရပြီး လော်ရာ့ကို သတိရလာ၍ တက္ကဆက်သို့ ချက်ချင်း ပြန်လာခဲ့ပါသည်။

ကျွန်တော်တို့နှစ်ယောက် ရင်းနှီးပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် လော်ရာက သူ့မိဘများဖြစ်သော ဟားရိုးနှင့် ဂျင်နာဝပ်ချ်တို့နှင့် မိတ်ဆက်ပေးသည်။ လော်ရာ့အမေမှာ စိတ်သဘောထားကောင်းသလို ကြင်နာတတ်သည်။ သည်းခံစိတ်ရှည်သူ ဖြစ်၏ ။ ကျွန်တော် ရောက်တိုင်း နွေးနွေးထွေးထွေး ကြိုဆိုတတ်သူ ဖြစ်ပါသည်။ လော်ရာ့ အဖေမှာမူ အားကစား ဝါသနာပါသည်။ ဘောလုံးပွဲ ဝါသနာပါသလို၊ ဘောလုံးပွဲကိုလည်း လောင်းတတ်လေသည်။ သူက ဂျွန်နီဘာဘီကျူးကို

ကြိုက်သည်။ သူတို့ဒေသက ဆစ်ပစ်ဟု ခေါ်၏ ။ စားသောက်ဆိုင်ထိပ်များတွင် ဆစ်ပစ် အသားကင်အတွက် သစ်သားဝက်ရုပ်များကို တင်ထားလေ့ ရှိပါသည်။ တစ်နေ့ လော်ရာ၏ အဖေသည် သူ့မိတ်ဆွေများနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးလေသည်။ ဆစ်ပစ် Sickpig အသားကင်ဆိုင်တွင် ကျွန်တော်တို့ ဆုံခြင်းဖြစ်၏ ။ ထိုကဲ့သို့ တရင်းတနှီး ဆုံတွေ့ရသည့်အတွက် ကျွန်တော့်အဖို့ လော်ရာ့အဖေကို အထွေအထူး စည်းရုံးရန် မလိုတော့ကြောင်း သဘောပေါက်လိုက်ပါသည်။ ကျွန်တော်တို့ တွေ့ဆုံသည့်အချိန်မှာ နံနက် ၉ နာရီ ဖြစ်ပါသည်။

ကျွန်တော်သည် လော်ရာကို အထွေအထူး လူပျိုလှည့်စရာ မလိုတော့ပါဘ။ နောက်တစ်ပတ်အကြာတွင် ကျွန်တော်သည် လော်ရာကို အန်းနှင့် တိုဘင်အမ်းစထရောင်းတို့၏ တက္ကဆက်တောင်ပိုင်းမှ ခြံဝန်းကြီးထဲ သွားလည်ရန် ခေါ်လာခဲ့ပါသည်။ အမ်းသည် ယခင်က ဂရိတ်ဗြိတိန်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဖြစ်ပါသည်။ သူမနှင့် သူမယောကျ်ား တိုဘင်ကို ချားလ်(စ်) မင်းသားက ဖိတ်ခေါ်ပြီး ပိုလိုကစားခဲ့ဖူးပါသည်။ နောက်တစ်ပတ် ရုံးပိတ်ရက်တွင် ကျွန်တော်တို့သည် ဂျွန်နှင့် အန်ဂျီနယးကွန်းတို့ထံ သွားလည်ပြန်သည်။ နယူးဘရောင်းဖဲလ်တွင်ရှိသော ဂျွန်၏ တင်းနစ်သင်တန်းကျောင်းသို့ သွားလည်ခြင်း ဖြစ်၏ ။ ထိုနေရာမှာ လှပသော တက္ကဆက်၏ တောင်ကုန်းဒေသ ဖြစ်ပါသည်။ ထိုအချိန်တွင် လော်ရာအပေါ် ကျွန်တော့် သံယောဇဉ်မှာ ပိုမိုနက်ရှိုင်းလာခဲ့တော့၏ ။ ကျွန်တော်တို့မှာ ပိုမိုရင်းနှီးလာပြီး မခွဲနိုင်မခွာရက် အခြေအနေမျိုးကို ရောက်လာပါတော့သည်။

ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခု ချမည်ဆိုလျှင် ဘယ်တော့မှ ကြောက်ရွံ့လေ့ရှိသူ မဟုတ်ပါ။ အမြန်ဆုံး ဆုံးဖြတ်လေ့ ရှိ၏ ။ စက်တင်ဘာလတွင် ကျွန်တော့် ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချလိုက်သည်။ တစ်ည အော်စတင်ရှိ လော်ရာငှားနေသော အိမ်တွင် လော်ရာကို “ကိုယ်တို့ လက်ထပ်ရအောင်” ဟု

ပြောလိုက်သည်။ သူမကလည်း ခေါင်းညိတ်ပါသည်။ ကျွန်တော်တို့၏ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းမှသည် အတူနေရန်အထိ ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။ စေ့စပ်ပြီးနောက် ကျွန်တော်တို့ ဟူစတန်သို့ ထွက်လာခဲ့သည်။ ဟူစတန်တွင် ကူလန်ဘာတို့က သူတို့၏ သမီးလေး နာမည်ပေးကင်ပွန်းတပ်ပွဲ ကျင်းပနေပါသည်။ သမီးလေးကို နိုလီဟု နာမည်ပေးခဲ့ကြ၏ ။ လော်ရာကို သူတို့မိသားစုနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော် ပြောထားသဖြင့် လော်ရာ့နာမည်ကို သူတို့က ကြားဖူးနေပါသည်။ လော်ရာမှာလည်း သူတို့မိသားစုနှင့် ရင်းနှီးသွားခဲ့သည်။ ကြီးမားလှသော ဘုရှ်မျိုးနွယ်များနှင့် ရင်းနှီးသွားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့် မိဘများက သူတို့၏ အစီအစဉ်များကို တွက်ချက်ပြီး မင်္ဂလာရက်ကို ညှိနှိုင်းသတ်မှတ်ကြသည်။ ပထမစနေနေ့တွင် ကျင်းပရန် စီစဉ်သည်။ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာ (၅) ရက်နေ့ ဖြစ်ပါသည်။ မင်္ဂလာပွဲကို အကျဉ်းချုံး ပြုလုပ်ရန် စီစဉ်သည်။ မစ်ဒလင်းမှာပင် မိတ်ဆွေရင်းများ၊ နှစ်ဖက်မိဘများနှင့် ကျင်းပရန် စီစဉ်လေသည်။ မင်္ဂလာပွဲ ဖိတ်စာများကို လော်ရာ့အမေက သူမ လက်ရေးဖြင့် ရေးသားပြီး ဖိတ်ကြားခဲ့ပါသည်။ မင်္ဂလာ အခမ်းအနားအတွက် ဧည့်ကြိုလည်းမထား၊ သတို့သမီးအရံ၊ သတို့သားအရံလည်း မထားပေ။ ဘုရားကျောင်းတွင် ကျွန်တော်၊ လော်ရာ၊ သူမ၏ အဖေတို့သာ အလယ်လမ်းမှ လျှောက်ပြီး မင်္ဂလာပွဲ ကျင်းပကြရပါမည်။ ကျွန်တော်နှင့် လော်ရာသည် ယခင်က တစ်ကြိမ်မျှ မတွေ့ခဲ့ဘူးပါ။ ယခုမှသာ တွေ့ဆုံရန် ဘုရားသခင်က ဖန်ဆင်းပေးလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်ဘဝအတွက် အဖော်ကောင်း တစ်ယောက်ကို ကျွန်တော် ရရှိလိုက်ခြင်းလည်း ဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ရပါမည်။ လော်ရာ့ကို လက်ထပ်ရန် ဆုံးဖြတ်လိုက်ခြင်းသည် ကျွန်တော့်ဘဝတွင် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်သည်ဟုလည်း ထင်ပါသည်။

လက်ထပ်ပြီး၍ မကြာခင်ပင် လော်ရာနှင့် ကျွန်တော် သားသမီးယူရန်

ဆုံးဖြတ်ခဲ့ကြသည်။ နှစ်နှစ်ကြာသည့်တိုင်အောင် သားသမီး မရခဲ့ပေ။ ကျွန်တော်တို့ ထင်သလို လွယ်လွယ်ကူကူ သားသမီး မရခဲ့ပါ။ ဘုရားသခင်ဆီလည်း ဆုတောင်းခဲ့ကြသည်။ နောက်ဆုံး ကျွန်တော်တို့ ကလေးမွေးစားရန် ဆုံးဖြတ်လိုက်ကြသည်။ ပထမတွင် တခြားသူတစ်ယောက်၏ ကလေးကို မိမိသားသမီးအဖြစ် လုပ်ရန်ကို ကျွန်တော့်စိတ်ထဲ စနိုးစနောင့် ဖြစ်နေခဲ့ပါသည်။ သားသမီး လိုချင်စိတ်ကလည်း ရှိနေသဖြင့် မွေးစားရန်ကို ပို၍ အလေးပေး စဉ်းစားခဲ့ရပါသည်။ မွေးစားသားသမီးရှိလျှင် ပိုပြီး အဆင်ပြေမည်ဟုလည်း တွေးထားသည်။ ကျွန်တော့် မိတ်ဆွေများတွင် မွေးစားကလေးများ ရှိပြီး တကယ့် သားသမီး အရင်းလို ချစ်ကြသည်။ တန်ဖိုးလည်းထားကြပါသည်။ ထို့ကြောင့် ကလေးမွေးစားရန်အတွက် ဆက်သွယ်ပေးသော ဌာနများနှင့် တွေ့ကြည့်သည်။ ကံကောင်းသည်မှာ ဖို့ဝပ်သ်ရှိ အက်ဒနာ ဂလက်ဒနေ မိဘမဲ့ကျောင်းမှ ကလေးမွေးစားမည့် သူများကို လက်ခံကြောင်း သတင်းရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုကျောင်းကို ၁၈၈၇ ခုနှစ်တွင် မက်သဒစ်သာသနာပြု ဌာနက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဂလက်ဒနေသည် ကမ္ဘာပေါ်တွင် မွေးစားမည့် ကလေးများကို လက်ခံသော ဌာနအဖြစ် နာမည်ကြီးပါသည်။ လော်ရာနှင့် ကျွန်တော်က ထိုကျောင်းညွှန်ကြားရေးမှူးနှင့် တယ်လီဖုန်းဆက်ကာ ပြောထားပြီး ဖြစ်၏ ။ ထိုကျောင်း၏ ညွှန်ကြားရေးမှူးမှာ ရူဘီလီပီ ယက်စတာ ဖြစ်ပါသည်။ ကလေးထိန်းဌာနနှင့် ဆေးရုံကို တွဲဖွင့်ထားခြင်း ဖြစ်ပါသည်။ ရူဘီက သူတို့ဆေးရုံသို့ လာရောက်ကြည့်ရှုပါရန် ကျွန်တော်တို့ကို ဖိတ်ကြားထားသည်။ ဆေးရုံတွင် ကိုယ်ဝန်ဆောင်များ ရောက်လာပြီး သူတို့က မွေးမည့်ကလေးကို မွေးစားရန် ခွင့်ပြုပါသည်။ ကျွန်တော်တို့ ရောက်သောအခါ ကိုယ်ဝန်ဆောင်များကို တွေ့ရသည်။ သူတို့သည် မွေးဖွားရက် နီးသူများလည်း ဖြစ်၏ ။ သူတို့ မွေးလိုက်သော ကလေးများ ကမ္ဘာလောကကြီးထဲ ရောက်လာသောအခါ ကျွန်တော်တို့လို သားသမီး မရှိသူများက မွေးစားကြမည်ဖြစ်ပါသည်။

လအတော်ကြာကတည်းက ကျွန်တော်တို့ လျှောက်လွှာတင်လိုက်သည်။ ပထမဆုံး ကျွန်တော်တို့ကို တွေ့ဆုံမေးမြန်း၏ ။ မေးခွန်း အရှည်ကြီးများကို အကြာကြီးမေးမြန်းပြီး သူတို့ သိလိုသမျှကို အသေးစိတ် မေးမြန်းပါသည်။ ပထမဆုံးအဆင့် မေးမြန်းချက်ကို အောင်မြင်ခဲ့ပါသည်။ ဒုတိယအဆင့်အနေဖြင့် ဂလက်ဒနေဆေးရုံမှ ကိုယ်စားလှယ်များကို ကျွန်တော်တို့အိမ် သွားရောက်စေသည်။ ကျွန်တော်တို့က အိမ်ကို သေချာပြင်ဆင်ထားပါသည်။ သူတို့ မလာမီ ပြင်ဆင်ပြီး ကလေးမွေးစားခွင့်ရအောင် လုပ်ရမည်ဟု ဆုံးဖြတ်ထားပါသည်။ သို့သော် ၁၉၈၁ ခုနှစ် အစပိုင်း၌ ကျွန်တော်သည် ကြားလိုက်ရသော သတင်းကြောင့် ကြက်သေသေသွား ခဲ့ရပါတော့သည်။ ထိုသတင်းမှာ ကျွန်တော့်ဇနီးတွင် ကိုယ်ဝန်ရှိနေပြီဆိုသော သတင်းပင် ဖြစ်ပါသည်။

နောက်ရက်အနည်းငယ် အကြာတွင် ကျွန်တော်တို့သည် ဟူစတန်ရှိ အာထရာဆောင်း ကျွမ်းကျင်သူ တစ်ယောက်ထံ သွားပြီး စစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဆရီနီ မာလီနီ ဆိုသူဖြစ်ပြီး အိန္ဒိယအမေရိကန်ကပြား ဖြစ်၏ ။ သူမက လော်ရာက၏ ဝမ်းဗိုက်ပေါ် ကိရိယာကိုတင်၍ ရှင်းပြရာတွင် ကျွန်တော် အံ့သြသွားသည်။ ဗီဒီယို မျက်နှာပြင်ပေါ်တွင်လည်း လော်ရာ့ဝမ်းဗိုက်ထဲမှ အရာများကို တွေ့ရသည်။ “ဟောဒါက ခေါင်း၊ ဟောဒါက ဝမ်းဗိုက်၊ မိန်းကလေးပဲ” ဟု သူမက ရှင်းပြသည်။ ပိုမြင်ရအောင် ဝမ်းဗိုက်ပေါ်မှ ကိရိယာကိုရွှေ့ပေးရင်း သူမက တအံ့တသြဖြင့် ပြောသည်။ “ဟယ်…ကျွန်မမြင်ရတာ တော့ ကလေး နှစ်ယောက်ပဲ၊ နောက်တစ်ယောက်ကလည်း မိန်းကလေးပဲ။ သိပ်ချစ်စရာကောင်းတဲ့ ကလေးတွေ၊ ရှင်တို့တော့ အမွှာကလေးတွေရဲ့ မိဘဖြစ်ပြီ” ဟု ပြောသည်။ ကျွန်တော် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျမိသည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုဓာတ်ပုံများတွင် ပထမဆုံး အာထရာဆောင်း ကျွမ်းကျင်ပညာရှင်၏ ဓာတ်ပုံကိုပါ ထည့်သွားထားလိုက်လေသည်။

အဖြစ်အပျက်ကို သိပြီးသည့်နောက် ကျွန်တော်က ဂလက်ဒနေး ဆေးရုံမှ

သားဖွားဆေးမှူးထံ ကျွန်တော်တို့ သတင်းကို ပြောလိုက်ပါသည်။ လျှောက်လွှာတင်ပြီးမှ ထိုသို့ဖြစ်သွားသဖြင့် ကျွန်တော်တို့ အပြစ်ကျူးလွန်မိသလို ခံစားမိကြသည်။ သူမကလည်း လော်ရာ့ကို ချိုချိုသာသာပင် ပြောပါသည်။ "ဒီလိုအဖြစ်မျိုးတွေက တစ်ခါတစ်ရံမှာ ကြုံရပါတယ်။ ဂလက်ဒနေက ကလေးတစ်ယောက် ဖြစ်ဖြစ်၊ နှစ်ယောက်ဖြစ်ဖြစ် တတ်နိုင်သလောက် ပေးနိုင်ပါတယ်။ လိုအပ်တဲ့ အခါလည်း အကူအညီတောင်းပါ" ဟု ရူဘီလီက ပြောခဲ့ပါသည်။ ယခုလည်း အမွှာကလေးနှစ်ယောက်ကို မွေးရသည်မှာ စွန့်စားခန်းဖြစ်သည်။ ခက်ခဲနိုင်ပါသည်ဟုလည်း သတိပေး၏ ။ လော်ရာကလည်း နှစ်ယောက်စလုံးကို မွေးချင်ကြောင်း၊ အောင်မြင်အောင် ဆောင်ရွက်ပေးပါရန်လည်း ဆေးရုံကို ပြောသည်။ ခုနှစ်လပြည့်သောအခါ လော်ရာကို ထပ်မံစစ်ဆေး ကြည့်ပါသည်။ သူမ၏ ကျောက်ကပ်မှာ အခြေအနေ မကောင်းလှပါ။ ထိုအတိုင်းဆိုလျှင် ကလေးများ၏ ကျန်းမာရေးကိုပင် ထိခိုက်နိုင်သည်ဟု ဆေးရုံက ပြောပါသည်။ ထိုသို့ သိရှိသောအခါ ဒါးလက်ရှိ ဘေလာဆေးရုံသို့ လော်ရာက သွားစစ်ဆေးသည်။ ထိုဆေးရုံတွင် သူမ၏ ဦးလေးမှာ ဆရာဝန် ဖြစ်ပါသည်။ ဒါးလက်ဆေးရုံမှ သူမကို အိပ်ရာပေါ်တွင်သာနေပြီး နားရန် တိုက်တွန်းကြလေသည်။

ကျွန်တော် သိရသလောက်ဆိုလျှင် လော်ရာသည် အကောင်းဆုံးပြုစုမှုကို ခံခဲ့ရသည်။ ကျွန်တော့်အဖို့ စိုးရိမ်စရာ မရှိပါ။ ကျွန်တော့်အမေ ကိုယ်ဝန်ပျက်ကျစဉ်က အဖြစ်ကို ပြန်မြင်မိသည်။ ထို့ပြင် ရိုဘင် သေဆုံးစဉ်က ကျွန်တော့်မိဘများ အဖြစ်ကိုလည်း ပြန်မြင်မိပါသည်။ ထို့ကြောင့် ကလေးတစ်ယောက် ဆုံးရှုံးသွားလျှင်လည်း ဘာမျှမတတ်နိုင်။ ထို့ထက်ဆိုးသော အဖြစ်များကို ကြုံခဲ့ရပြီး ဖြစ်သည်။ သို့သော် လော်ရာ့အတွက်ကား စိုးရိမ်မိသည်။ လော်ရာက ကျွန်တော့်ကို သူမ၏ မျက်လုံးပြာကြီးများဖြင့် ကြည့်ပြီး "ဂျော့ရှ်ရယ်....ရှင့်အတွက် သမီးလေး နှစ်ယောက်ကို ကျွန်မ လူ့လောကကြီးထဲ

ခေါ်လာပေးပါ့မယ်။ ကလေးနှစ်ယောက်ကို ကျန်းကျန်းမာမာနဲ့ မွေးပေးပါ့မယ်” ဟု ပြောသည်။ တည်တည်ငြိမ်ငြိမ်ဖြင့် နေတတ်သော ဤအမျိုးသမီးသည် စိတ်ဓာတ်ခိုင်မာကြောင်း ကျွန်တော် သိပါသည်။

နောက်နှစ်ပတ်အကြာတွင် ကျွန်တော့် ရုံးခန်းထဲသို့ ပြန်လာခဲ့သည်။ ဒါးလက်နှင့် မစ်ဒလင်းကို လွန်းပြန်သွားလာနေရ၏ ။ တစ်ညတွင် ဒါးလက်ရှိ ဂျိန်း(စ်)ဝိုက် က ကျွန်တော့်ထံ ဖုန်းဆက်၏ ။ သူသည် လော်ရာကို ကြည့်ရှုရသော ဆရာဝန်ဖြစ်သည်။ သူက “ဂျော့ရ်ှ မနက်ဖြန်ဆိုရင် မင်းရဲ့ကလေးတွေ မွေးလာတော့မယ်။ မနက် ၆ နာရီမှာ မင်းကလေးတွေ မင်းကို ပေးပါ့မယ်” ဟု ပြောသည်။ လော်ရာ့ ကျန်းမာရေးကို မေးကြည့်သောအခါ သူက အဆင်ပြေပါသည်ဟု ပြောသည်။ နောက် “ကလေးတွေ အခြေအနေရော” ဟု မေးလိုက်ရာ ဆရာဝန်က “သူတို့ကို ငါးပတ်စောပြီး မွေးရမှာ၊ ဒါပေမဲ့ အခြေအနေ ကောင်းပါတယ်။ အခုဆိုသူတို့က လှုပ်လှုပ်ရှားရှား ဖြစ်နေကြပြီ” ဟု ပြောသည်။ နောက် မစ်ဒလင်းရှိ လော်ရာ့မိဘများထံသို့လည်း အကျိုးအကြောင်း ပြောပြလိုက်၏ ။ ဝါရှင်တန်ရှိ ကျွန်တော့် မိဘများကိုလည်း ပြောပြပြီး မိတ်ဆွေသူငယ်ချင်းများကိုလည်း ကျွန်တော် အသိပေးလိုက်လေသည်။ လေယာဉ်လိုင်းများကိုလည်း ဆက်သွယ်ပြီး မိဘဆွေမျိုးများလာလျှင် အဆင်ပြေအောင် လုပ်ပေးရန် အကြောင်းကြားထားလေသည်။

ကျွန်တော့်ဘဝတွင် စိတ်လှုပ်ရှားစရာအဖြစ်များ ကြုံခဲ့ရပါသည်။ သမ္မတအဖြစ် အရွေးခံရစဉ်က များပြားသော လူအုပ်ကြီးရှေ့ စကားပြောရသည့်အချိန်နှင့် ယန်းကီး အားကစားကွင်းကြီးထဲတွင် လူအုပ်ကြီးကို ကျွန်တော် စကားပြောခဲ့ရချိန်များတွင် စိတ်လှုပ်ရှားခဲ့ပါသည်။ သို့သော် ကျွန်တော့် သမီးများ မွေးဖွားတော့မည့် အချိန်လောက် စိတ်မလှုပ်ရှားမိခဲ့ပါ။ လော်ရာကို စိတ်ငြိမ်ဆေး တိုက်ထားပါသည်။ ကျွန်တော်က သူမ နဖူးကို သပ်ပေးလိုက်၏ ။ ဆရာဝန်က ကလေးနီနီ သေးသေးလေးကို ယူလာပြ၏ ။ ကျန်းမာကြောင်းလည်း

ပြော၏။ သူနာပြုက ကလေးကို သန့်စင်ပြီးနောက် ကျွန်တော့်လက်ထဲ ထည့်၏။ ထိုကလေးမှာ ဘာဘရာ ဖြစ်ပါသည်။ နောက်တစ်ယောက်မှာလည်း ကျန်းမာစွာ မွေးလာသည်။ သူနာပြုက ကျွန်တော့်လက်ထဲ ထည့်၏။ ထိုကလေးမှာ ဂျင်နာ ဖြစ်ပါသည်။ ကျွန်တော်နှင့် လော်ရာက ကလေးနှစ်ယောက်ကို အမျိုးသမီးနှစ်ယောက် နာမည်ပေးရန် ဆုံးဖြတ်ထားပါသည်။ ထိုအမျိုးသမီး နှစ်ယောက်မှာ သူ့အမေနှင့် ကျွန်တော့်အမေ ဖြစ်ပါသည်။

ကလေးများ မမွေးမီကတည်းက ကျွန်တော့် ခေါင်းထဲ စဉ်းစားနေသည်မှာ ကလေးများ မွေးလာလျှင် ကျွန်တော့်လက်ထဲ ဘယ်လိုချီမလဲဆိုသည် ဖြစ်၏။ ၁၉၈၁ ခုနှစ်တွင် သူတို့ကို မွေးလာခဲ့သည်။ ကျွန်တော့်စိတ်ထဲ လှုပ်ရှားမိသည်။ သူတို့ အသက်များအတွက် ဘုရားသခင်ကို ကျွန်တော် ကျေးဇူးတင်ပါသည်။ ဆရာဝန်နှင့် သူနာပြုများကိုလည်း ကျေးဇူးတင်သည်။ နောက် ကလေးများ မွေးရန် ဆုံးဖြတ်ချက် ချခဲ့သည့် လော်ရာ့ကိုလည်း ကျေးဇူးတင်သည်။ ကလေးများ ကိုယ်လက်အင်္ဂါ အစုံအလင်ဖြင့် ကျန်းကျန်းမာမာ မွေးလာသည့်အတွက် ကျွန်တော်တို့ ဝမ်းသာမိပါသည်။

ပထမဆုံး ဘာဘရာနှင့် ဂျင်နာကို ပွေ့ချီထားရသည်မှာ ကျွန်တော့်အဖို့ ထူးထူးဆန်းဆန်း ဖြစ်နေ၏။ တာဝန်တစ်ခုလို ခံစားရသလို၊ ဘုရားသခင်ကလည်း ကျွန်တော့်ကို ချီးကျူးထောပနာ ပြုလိုက်သလို ခံစားရသည်။ အကောင်းဆုံး ဖခင်တစ်ယောက်ဖြစ်အောင် ကြိုးစားမည်ဟုလည်း ဘုရားသခင်ထံ ကတိသစ္စာပြုလိုက်သည်။ ကလေးများမွေးပြီး အစောပိုင်း လများက ကျွန်တော် အိပ်ရာမှ စောစောထ၏။ ညလယ်လောက်တွင် ကလေးများက ထအော်ကြ၏။ ကျွန်တော်က ကောက်ချီသည်။ အငိုတိတ်အောင် အခန်းထဲ၊ အခန်းပြင်ထွက်ပြီး ချော့သည်။ သူတို့ကို ကလေးချော့တေး ဆိုပေးချင်ပါသည်။ သို့သော် ကျွန်တော်က သားချော့တေးကို မရပါ။ သားချော့တေးအစား ယေးလ်တက္ကသိုလ် အားကစားပွဲများတွင် ကျွန်တော်တို့ အော်ဆိုခဲ့ရသည့် သီချင်းကိုသာ ဆို၍

သိပ်ခဲ့ရပါသည်။ "ခွေး ဘီလူး၊ ခွေး ဘီလူး၊ ဘောင်း....ဝေါင်း...ဝေါင်း" ထိုသို့ ဆိုလိုက်သည့်အခါ သူတို့သည် ငြိမ်ကျသွား၏ ။။ ကျွန်တော့်သီချင်း ကောင်း၍ အငိုတိတ်သွားသည်ကား မဖြစ်နိုင်။ ကျွန်တော့် သီချင်းသံကို မကြားချင်၍ တိတ်သွားသည် ဖြစ်နိုင်ပါသည်။ ကလေးများ ငိုတိုင်း ကျွန်တော် ထိုသီချင်း ဆိုပါသည်။ ကလေးများ တိတ်သောအခါ ပုခက်ထဲထည့်ပြီး လော်ရာ့ထံ ထွက်လာခဲ့သည်။ ကလေးများထိန်းသော အဖေအဖြစ် ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်ယူနေမိပါသည်။

*

ကျွန်တော်နှင့်လော်ရာသည် သမီးလေးများနှင့်အတူ ကျွန်တော်တို့၏ ဘဝအသစ်ကို တည်ဆောက်ရန် စီစဉ်ခဲ့ကြသည်။ ကျွန်တော်ကလည်း အလုပ်တစ်ခု ပြောင်းလုပ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် မစ်ဒလင်း၌ ရေနံတူးဖော်ရေး ကုမ္ပဏီလေးတစ်ခုကို ကျွန်တော် စတင် တည်ထောင်ခဲ့သည်။ ငွေအရင်းအနှီး အများစုမှာ အိစ်ကို့(စ်)မှ ရယူပါသည်။ ဈေးနှုန်းအသက်သာဆုံးနှင့် ရေနံတူးနိုင်အောင် လုပ်သည်။ ရေနံနှင့် ဓာတ်ငွေ့မှာ အနည်းငယ်သာ ရ၏ ။ တခြားမှလည်း ရနိုင်အောင် ကြိုးစားပါသည်။ ရေနံထုတ်လုပ်မှုကို အခြေခံ၍ လုပ်ကိုင်နေခဲ့သည်။ ထိုသို့ လုပ်ကိုင်ရင်း ကျွန်တော့်အဖို့ အတွေ့အကြုံ အများကြီး ရခဲ့၏ ။ အထူးသဖြင့် ဈေးကွက် အခြေအနေကို ပိုသိသည်။ ဈေးကွက်မှာ အပြောင်းအလဲ မြန်သည်။ ထို့အတွက် ပြင်ဆင်ထားရမည်ကိုလည်း ကျွန်တော် အတွေ့အကြုံ အများကြီး ရရှိခဲ့ပါသည်။

၁၉၈၃ ခုနှစ်က ရေနံဈေးနှုန်း သိပ်မတက်လှပါ။ ကျွန်တော့်လုပ်ငန်းကို ဆင်ဆင်နတီမှ ကုမ္ပဏီကြီး နှစ်ခုဖြစ်သော ဘီလ်ဒီဝပ်၊ မာဆာရေးနိုးလ်တို့နှင့် ဆက်သွယ်ရန် ဆုံးဖြတ်ခဲ့သည်။ တက္ကဆက်မြေကြီးထဲမှ စွမ်းအင်ကို မျက်စိနှင့် နားအားအသုံးပြု၍ ထုတ်ယူရန် ဖြစ်သည်။ ကျွန်တော့် လုပ်ငန်းမှာ နှစ်နှစ်လောက်အတွင်း ကောင်းမွန်စွာ လုပ်ကိုင်နိုင်၏ ။ ကုမ္ပဏီတစ်ခုနှင့်

ကျွန်တော်တို့သည်လည်း ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာကြသည်။ သို့သော် ၁၉၈၆ ခုနှစ် အစောပိုင်း၌ ရေနံဈေးနှုန်းမှာ ထိုးကျသွားလေသည်။ ရုတ်တရက် ပြန်ကျသွားသလို ဈေးကျသွားသည်။ ရေနံတစ်စည်လျှင် ၂၆ ဒေါ်လာဈေးမှ ၁၀ ဒေါ်လာအထိ ကျသွားသည်။ ရေနံတူးသူများမှာ ဒုက္ခရောက်သွားသည်။ ရေနံလုပ်ငန်းမှာ သေရေးရှင်ရေးတမျှ ဘဏ္ဍာရေး အကျပ်အတည်းနှင့် ကြုံလာရသည်။ ကျွန်တော်တို့ကမူ ကံကောင်းထောက်မစွာဖြင့် အကြွေးများကို အများကြီး အတင်မခံဘဲ လျှော့ချနိုင်သည်။ လုပ်ငန်းကိုလည်း ဆက်လက် လုပ်ကိုင်နိုင်ခဲ့သည်။ ထို့ပြင် ရေနံကုမ္ပဏီကြီး တစ်ခုဖြစ်သော ဟာကင် စွမ်းအင် ကုမ္ပဏီထံသို့လည်း အဆက်အသွယ် လုပ်ခဲ့ပါသည်။

၁၉၈၀ ပြည့်လွန် နှစ်များ၏ အလယ်ပိုင်းမှာ မစ်ဒလင်းအဖို့ အမှောင်သမ်းသော ကာလဟု ဆိုရပေမည်။ လုပ်ငန်း လုပ်ကိုင်သော သူများမှာ စိတ်သောက ရောက်နေရသည်။ လုပ်နင်းရှင်များမှာ ဘာလုပ်ရမလဲဟု စူးစမ်းရှာဖွေနေကြ၏ ။ ကျွန်တော့်ဘဝတွင် ဘာသာရေးသည် ကိုးကွယ်မှုတစ်ခုအဖြစ် ရှိပါသည်။ သို့သော် ကျွန်တော်သည် ဘာသာရေးကိုချည်း လိုက်စားနေသည့် အစွဲအလမ်းကြီးသူ တစ်ယောက်ကား မဟုတ်ပါ။ ယေးလ်တွင် ကျွန်တော် ဘုရားကျောင်းတက်ပါသည်။ ငယ်စဉ်ကတည်းက မစ်ဒလင်းတွင် မိဘများက ကျွန်တော့်ကို ခရစ်ယာန် ဘာသာဝင်အဖြစ် နှစ်ခြင်းမင်္ဂလာပြုလုပ်ခဲ့သလို၊ ဟူစတန်တွင်လည်း ကျွန်တော်သည် စိန့်မာတင် အီပီ စကိုပဲလ် ဘုရားကျောင်းသို့ တက်ရောက်ခဲ့ပါသည်။ ယေးလ်တက္ကသိုလ် ရောက်သောအခါ ဘုရားကျောင်း မှန်မှန်မတက်ခဲ့ပါ။ မိဘများဆီ သွားလည်သည့်အခါတွင် ဘုရားကျောင်းသို့ သွားပါသည်။ လော်ရာနှင့် ကျွန်တော် မစ်ဒလင်းတွင် လက်ထပ်စဉ်က ကက်သလစ် ဘုရာကျောင်း မှန်မှန်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သမီးများအား ဘာသာတရား ရှိသောသူများ ဖြစ်ကြောင်း ပြသလိုသည့် တာဝန်ရှိသောကြောင့် ဖြစ်၏ ။ မိတ်ဆွေများနှင့်

ဘုရားဝတ်ပြုရသည်ကို သဘောကျပါသည်။ အခါအားလျော်စွာ ကျွန်တော် သမ္မာကျမ်းစာကို ဖတ်လေ့ရှိပါသည်။

၁၉၈၅ ခုနှစ် နွေရာသီတွင် ကျွန်တော်တို့ မိသားစုသည် မိန်းသို့ ခရီးထွက်ခဲ့သည်။ အဖေနှင့် အမေက ဇမာနွေလမှ တရားဟောဆရာ ဘီလီဂရေဟမ်ကို ဖိတ်ကြားသွားခဲ့သည်။ ညစာစားပြီးသောအခါ ကျွန်တော်တို့မိသားစု မေးသည့် မေးခွန်းများကို ဖြေကြားပေးရန်လည်း မေတ္တာရပ်ခံထားပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အဖေ၏ ပုံစံ ဖြစ်သည်။ သူက သူ့ဆန္ဒကိုလည်း တခြားသူများကို ဝေမျှသိစေလိုသည်။ သူ၏ အစီအစဉ်၊ သူ လုပ်ချင်သည်များကိုလည်း သူက ဘီလီကို ပြောပြထားပြီး ဖြစ်သည်။ ညစာစားပြီးသောအခါ ကျွန်တော်တို့ အသိုက်အဝန်း လူ ၃၀ လောက်သည် ဧည့်ခန်းထဲ ထိုင်နေကြပါသည်။ လော်ရာ၊ ကျွန်တော့်အဘွား၊ ကျွန်တော့်ညီများ၊ တစ်ဂမ်းကွဲ၊ နှစ်ဂမ်းကွဲ ညီအစ်ကို မောင်နှမများသည် ကျွန်တတ်တို့ အိမ်ကြီး၏ အစွန် ဝေါကာပွိုင့် ခန်းမကြီးထဲတွင် စုဝေးနေကြခြင်း ဖြစ်၏ ။

ခန်းမထဲတွင် လူစုံသောအခါ ပထမဆုံးမေးခွန်းကို အဖေက မေးပါသည်။ သူက "ဘီလီ... တချို့လူတွေက ပြောတယ်၊ နောက်တစ်ကြိမ် ပြန်မွေးဖွားလာဖို့အတွက် ကောင်းကင်ဘုံကို သွားကြတယ်လို့ ဆိုပါတယ်။ ဒီမှာထိုင်နေတဲ့ ကျွန်တော့်အမေ (ကျွန်တော့်အဘွားကို ဆိုလိုပါသည်။) က ဘာသာတရားကို အလွန်ယုံကြည်ပါတယ်။ လူတွေကိုလည်း သနားကြင်နာတတ်ပါတယ်။ ဒါပေမယ့် သူ့မှာ နောက်တစ်ကြိမ် ပြန်မွေးဖွားလာတဲ့ အတွေ့အကြုံ မရှိပါဘူး။ ဒီလိုဆိုရင် အမေ့အနေနဲ့ ကောင်းကင်ဘုံကို သွားနိုင်ပါသလား..."။ အလွန်လှပသော မေးခွန်း ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ဘီလီ့ကို ကြည့်လိုက်ကြသည်။ ဘီလီက အလွန်အေးဆေးတည်ငြိမ်စွာဖြင့် အခိုင်အမာ ပြောလိုက်လေသည်။ "ဂျော့ရှ်၊ ကျွန်တော်တို့ထဲက တချို့လူတွေကတော့ ဘုရားသခင်ကို နားလည်ဖို့အတွက် နောက်တစ်ကြိမ် ပြန်မွေးဖွားဖို့၊

အတွေ့အကြုံရှိဖို့ လိုပါတယ်။ ကျွန်တော်တို့ထဲက တချို့လူတွေကတော့ ခရစ်ယာန်ဘာသာအဖြစ် မွေးဖွားလာသူတွေ ရှိတယ်။ ခင်ဗျားမိခင် လိုမျိုးပေါ့။ သူကတော့ ခရစ်ယာန်ဘာသာ အဖြစ်နဲ့ မွေးဖွားလာတာပါ" ဟု ဖြေလိုက်လေသည်။

ကျွန်တော့်ကို ဘီလီ၏ ပြောကြားချက်က ဖမ်းစားသွားပါသည်။ သူ၏ အဖြေမှာ အလွန်ပင် စွမ်းအားရှိလှသည်။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်။ သူ၏ ပြောဆိုချက်မှာ လွှမ်းမိုးထား၏ ။ နောက်တစ်နေ့ နံနက်တွင် ဘီလီက ကျွန်တော်နှင့် လမ်းလျှောက်ရန် ဖိတ်ခေါ်ပါသည်။ ဘီလီက ကျွန်တော် တက္ကဆက်တွင် နေရသည့်အကြောင်း၊ သမီးလေးများအကြောင်း မေးသည်။ ကျွန်တော်က သမ္မာကျမ်းစာဖတ်ရသည့်အတွက် စိတ်ချမ်းသာမှုရပြီး ကြည်နူးမှုရသည်ဟု ပြောသည်။ ဘီလီက ကျွန်တော်၏ ယုံကြည်ကိုးကွယ်မှုကို ပြောပြသည်။ သမ္မာကျမ်းစာကို လမ်းညွှန်တစ်ခုအဖြစ် သဘောထားပြီး မိမိကိုယ်ကို အတွေးအခေါ်အရ တိုးတက်အောင်၊ စိတ်သောက ရောက်နေသည့် အခြေအနေမှ လွတ်မြောက်အောင် ဖတ်ရှုခြင်းသည် အမှားမဟုတ်ပါဟု သူက ပြောသည်။ သူက ပြောသည်မှာ ယေရှုခရစ်သည် "ဘဝသည် ကျွန်တော်တို့အတွက် အင်အားကောင်းသော နမူနာကို ပေးသည်။ မိမိဘာသာ တိုးတက်အောင် ပြုလုပ်ခြင်းသည် သမ္မာကျမ်းစာ တစ်ခုတည်းကြောင့် မဟုတ်။ မိမိ၏ ကြိုးပမ်းမှုကြောင့် ဖြစ်သည်။ ခရစ်ယာန်ဘာသာ၏ အဓိကအချက်မှာ မိမိ၏ ကိုယ်ကျိုးအတ္တမဟုတ်၊ ခရစ်တော်သာ ဖြစ်သည်" ဟု ပြောခဲ့သည်ဟု ဆိုသည်။

ဘီလီက ရှင်းပြသည်မှာ ကျွန်တော်တို့ အားလုံး အပြစ်ရှိသူများ ဖြစ်သည်။ ကောင်းမြတ်သော အပြုအမူများကို မပြုလုပ်ဘဲ ဘုရားသခင်၏ မေတ္တာတရားကို မရနိုင်ဟု သူက ဆိုသည်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကယ်တင်သော လမ်းမှာ ဘုရားသခင်၏ ဂုဏ်ကျက်သရေကို သိရှိနားလည်ဖို့၊ ဘုရားသခင်ကို ကိုးကွယ်ဖို့သာ ဖြစ်သည်။ ဂုဏ်ကျက်သရေကို ရှာဖွေဖို့မှာ ဘုရားသခင်ကို ကိုးကွယ်ဆည်းကပ်ရန်သာ ဖြစ်သည်။ ဘုရားသခင်၏

သားတော်သည် အလွန်တန်ခိုး အရှိန်အဝါ ကြီးမားပြီး သေခြင်းတရားနှင့် အပြစ်ကို အောင်မြင်ကျော်လွှားနိုင်ဖို့အတွက် ဘုရားသခင်က သူ၏ သားတော်ကိုသာ ပေးသနားခဲ့သည်ဟု ဆိုပါသည်။

ဤပြောကြားချက်များမှာ လေးနက်သော အမြင်သဘောထားများ ဖြစ်သည်။ ထိုနေ့က သူပြောသမျှကို အလေးအနက် ဆုပ်ကိုင်ထားနိုင်ခြင်း မရှိပါ။ ဘီလီက မျိုးစေ့တစ်ခုကို ချ၍ စိုက်ခဲ့ပါသည်။ သူ၏ အတွေးအခေါ်ပါသော ရှင်းလင်းချက်သည် ဆူးချုံပင်များပင် မရှိသော၊ မြေကြီးလည်း မရှိသော ထူပိတ်နေသည့် နေရာတွင် စိုက်ပျိုးလိုက်သလို ဖြစ်နေ၏ ။ မကြာမီ ကျွန်တော်တို့ တက္ကဆက်သို့ ပြန်လာခဲ့ကြသည်။ ဘီလီပေးလိုက်သော စက္ကူဘူးတစ်ခုလည်း ပါလာပါသည်။ သူက သမ္မာကျမ်းစာ The Living Bible မိတ္တူတစ်အုပ်ကိုလည်း ထည့်ပေးလိုက်သည်။ စာအုပ်တွင် “မိတ်ဆွေ၊ ဂျော့ဒဗလျူဘုရှ်၊ ဘုရားသခင်က သင်နှင့်လော်ရာကို အမြဲတမ်း စောင့်ရှောက်ပါစေ” ဟု ရေးထားပြီး သမ္မာကျမ်းစာထဲမှ “ဖိလိပ္ပိဩဝါဒ စာ ၁ : ၆” ထဲမှ အပိုဒ်ကို ရေးထားပါသည်။ ထိုအပိုဒ်မှာ “သင်တို့တွင် ကောင်းသောအမှုကို ပြုစ ပြုတော်မူသောသူသည် ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက် ပြုတော်မူမည်ဟု ငါ သဘောကျ၏ ” ဟု ရေးထားလေသည်။

ကျွန်တော်က ဘီလီမှနေ ဒွန်အီဗန် အထိ စကားပြောခဲ့ပုံများကို သတိရနေပါသည်။ တခြား မစ်ဒလင်းမှ မိတ်ဆွေများ ဖြစ်သော ဒွန်ဂျုန်းကလည်း သမ္မာကျမ်းစာ ရွတ်ဖတ်မှုတွင် ပါဝင်လာသည်။ ဗုဒ္ဓဟူးနေ့ ညတိုင်းတွင် ကျွန်တော်တို့ ဘုရားကျောင်း တက်ခဲ့ကြသည်။ အပတ်စဉ် ဓမ္မသစ်ကျမ်းမှ အခန်းတစ်ခန်းကို ရွတ်ဖတ်ဆွေးနွေးလေ့ ရှိပါသည်။ အစောပိုင်းက ကျွန်တော် အလေးအနက် သိပ်မရှိလှပါ။ တစ်ည ကျွန်တော်တို့ သမ္မာကျမ်းစာဖတ်သော အဖွဲ့ခေါင်းဆောင်က “တမန်တော်က ဘာလဲ” ဟု ကျွန်တော့်ကို မေးရာ ကျွန်တော်က “ဝင်ငွေများလာတဲ့အခါ အသုံးများလာသလိုပေ့ါ။ အဲဒီ လိုအဖြစ်ကို

အိလီဂျာ ရှိစဉ်ကတည်းက ဘယ်သူမှ မသိခဲ့ကြဘူး” ဟု ပြန်ဖြေလိုက်ပါသည်။

မကြာမီ ကျွန်တော်သည် ဆွေးနွေးပွဲများသို့ လေးလေးနက်နက် တက်ရောက်ခဲ့သည်။ သမ္မာကျမ်းစာကိုလည်း ကျွန်တော် ဖတ်သည်။ ယေရှုခရစ်တော်၏ လူစိမ်းများ၏ ဒုက္ခအပေါ် ကြင်နာသနားသော အဖြစ်အပျက်များကိုလည်း ဖတ်ရှုခဲ့သည်။ မျက်မမြင်များ၊ ဒုက္ခိတများကို သူ ဖြေသိမ့်ပေးခဲ့ပုံ၊ ကုစားပေးခဲ့ပုံများ၊ မေတ္တာတရားအတွက် လက်ဝါးကပ်တိုင်တွင် သံမှိုနှက်ပြီး အသက်စွန့်ခဲ့ပုံများကို ကျွန်တော် သိရှိနားလည်ခဲ့သည်။ ထိုနှစ် ခရစ်စမတ်တွင် ဒွန်အီဗန်က ကျွန်တော့်ကို သမ္မာကျမ်းစာ “Daily Bible” တစ်အုပ် ပေးပါသည်။ လူပုဂ္ဂိုလ် ၃၆၅ ယောက် ဖတ်ရှုမှုအပေါ် မတူသည့် အမြင်များကို ရေးထားသော စာအုပ်ကိုလည်း ပေးပါသည်။ ကျွန်တော်က နံနက်တိုင်းဖတ်ပြီး ဘုရားသခင်ထံ ဆုတောင်းသည်။ အချိန်ကြာမြင့်လာသလို၊ ကျွန်တော်၏ ခရစ်ယာန်ဘာသာအပေါ် ယုံကြည်မှုကလည်း ပိုမိုလေးနက်လာပါသည်။

အစပိုင်းက ကျွန်တော်သည် သံသယဖြင့် ဒုက္ခရောက်နေခဲ့သည်။ ရှင်သန်နေသော ဘုရားသခင်နှင့် ပတ်သက်သည့် အယူအဆကို လက်ခံရန် အကြီးအကျယ် ရုန်းကန်ခဲ့ရ၏ ။ အထူးသဖြင့် ကျွန်တော့်လို တက္ကဗေဒစိတ်ဓာတ် ရှိသူများအဖို့ ခက်ခဲပါသည်။ သို့သော် ကျွန်တော် သိလိုက်ရသည်မှာ သံသယနှင့် ရုန်းကန်ခြင်းသည် ယုံကြည်မှု၏ သဘာဝအတိုင်း ဖြစ်နေသော အစိတ်အပိုင်း ဖြစ်သည်ဟူပင်။ သင့်တွင် သံသယမရှိလျှင် တွေးခေါ်နိုင်လိမ့်မည် မဟုတ်။ သင်၏ ယုံကြည်မှုကို ခက်ခက်ခဲခဲ ရှာဖွေရမည် ဖြစ်သည်။ ယုံကြည်မှုသည် ကြီးမားသော နားလည်သဘောပေါက်မှုဆီ လျှောက်လှမ်းရသော ခရီးရှည်ကြီး ဖြစ်၏ ။ ဘုရားသခင် တည်ရှိခြင်းကို သက်သေပြရန် မဖြစ်နိုင်ပါ။ သက်သေပြဖို့ ဆိုသည်မှာ မလွယ်ကူပါ။ သက်သေပြဖို့လည်း မလုပ်နိုင်ပါ။ နောက်ဆုံး သင်ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ သင်၏ အနေအထားမှာ ယုံကြည်မှုအပေါ်တွင် ရှိနေသည် ဆိုသည်ကို သဘောပေါက်ရပေမည်။

လွတ်မြောက်သွားသော ကျွန်တော်၏ စိတ်ဓာတ်သည် ဘုရားသခင် တည်ရှိနေသည် ဆိုသည်ကို သိရှိခဲ့သည်။ ကျွန်တော့် သမီးငယ်များ၏ အံ့ဩစရာကောင်းပုံကို သိရှိခဲ့ရသည်။ လော်ရာနှင့် ကျွန်တော့်မိဘများ၏ နှောင်ကြိုးကိုလည်း ကျွန်တော် ရရှိခဲ့သည်။ ထိုသည်ကို တရားဟောဆရာ တင်မိုသီ ကဲလားက "ဘုရားသခင်၏ သဲလွန်စများ" ဟု ခေါ်ပါသည်။ ဘုရားသခင်ထံ ဆုတောင်းခြင်းသည် အာဟာရ ပြီးမြောက်နေသလို ခံစားရသည်။ ယေရှုခရစ်ကို နားလည်သဘောပေါက်ခြင်းမှာ ကျွန်တော့်ခေါင်းထဲ နက်ရှိုင်းသထက် နက်ရှိုင်းလာပါသည်။ ကျွန်တော်သည် ဘုရားသခင်၏ မေတ္တာတရားကို ကောင်းမွန်စွာ သဘောပေါက်ခဲ့လေသည်။

မိန်းတွင်ရှိစဉ်က မေးခွန်းများကို ဘီလီ စဖြေသည်ကို ကျွန်တော် သတိရနေသည်။ ညစာမစားမီက ကျွန်တော်သည် သုံးခွက်မြောက် ဝိုင်ကို သောက်ခဲ့လေသည်။ ညစာစားပြီးနောက် ဘီယာနှစ်ခွက်ကို သောက်ခဲ့ပါသည်။ ဘီလီက မူးယစ်သေစာ သောက်စားသူများ အကြောင်းကို ပြောခဲ့၏ ။ သို့သော် ထိုသို့ သောက်ခြင်းမှာ အမြဲတမ်း မဟုတ်ဟုလည်း ဆိုသည်။ ကျွန်တော်က လူမှုဆက်ဆံရေးအရ အရက်သောက်ရသည်။ ကျွန်တော်က မိတ်ဆွေများနှင့် အစာစားရင်း အရက်သောက်သည်။ ပါတီများတွင်လည်း အရက်သောက်သည်။ ကျွန်တော် အသက် ၃၀ လောက်ကတည်းက သောက်ခဲ့သည်။ မနက်မိုးမလင်းမီက တစ်ခွက်ပြီးတစ်ခွက် သောက်ခဲ့ပါသည်။ တက္ကဆက် အနောက်ပိုင်းမှ လူများ၏ ပြောစရာစကားတစ်ခု ရှိ၏ ။ ထိုစကားမှာ "လွန်ခဲ့သည့်ညက သူ့ကိုယ်သူ ၁၀ နှစ်သားဟု ထင်ခဲ့သည်။ အမှန်မှာမူ သူသည် မြည်းတစ်ကောင် ဖြစ်နေပါသည်" ဟူ၍ ဖြစ်ပါသည်။ အရက်သမားသည် ထိုကဲ့သို့သော သူမျိုး ဖြစ်ပါသည်။ ကျွန်တော်က ပျော်ပျော်ပါးပါး နေချင်သည်။ သို့သော် အရက်ဝင်လာသောအခါ အပျော်အပါးက နည်းသွားပြီး အစော်အကားသို့ ရောက်ရှိသွားတတ်သည်။ အရက်မူးလာသူများမှာ မိုက်ရိုင်းရမ်းကားတတ်သည်။ နွေရာသီ ညတစ်ညဲ့ ကျွန်တော်တို့ မိန်းတွင်

ညစာစားကြ၏ ။ ထိုညက ကျွန်တော်တို့ ငါးလည်းမျှားသည်။ ဂေါက်သီးလည်း ရိုက်ကြသည်။ ရေဆာသည့်အတွက် ကျွန်တော် ဘူဘွန်းနှင့် ဆဲဗင်း အတော်များများ သောက်လိုက်သည်။ ထမင်းစားသောအခါ ကျွန်တော်က အဖေနှင့်အမေ၏ မိတ်ဆွေ…လှပသော အမျိုးသမီးကြီးအနားသို့ သွားရောက်ထိုင်လိုက်ပါသည်။ သူမက ကျွန်တော့်ကို “မင်း ဒီပုံနဲ့ အသက် ၅၀ ကျော်ရင် ဘာလုပ်နိုင်တော့မှာလဲ” ဟု ပြောလိုက်သည်။

ထမင်းဝိုင်းတွင်ရှိသော လူတိုင်းက တိတ်တိတ်ဆိတ်ဆိတ် စားနေကြသည်။ ကျွန်တော့် မိဘများနှင့် လော်ရာက ကျွန်တော့်ကို မယုံနိုင်သော အကြည့်ဖြင့် စိုက်ကြည့်နေကြ၏ ။ ချစ်စရာကောင်းသော ထိုအမျိုးသမီးကြီးလည်း ရယ်ရယ်မောမောဖြင့် ထမင်းဝိုင်းမှ ပြန်သွားခဲ့သည်။ နောက် စကားဝိုင်းမှာ ပြန်ဆက်၏ ။ နောက်တစ်နေ့ နံနက် ကျွန်တော် နိုးလာသောအခါ ကျွန်တော် ပြောသမျှကို သတိမရတော့။ နေ့ခင်းပိုင်းလောက်ရောက်မှ ကျွန်တော် ပြောခဲ့သည်ကို နောင်တရခဲ့လေသည်။ ထို့ကြောင့် ထိုအမျိုးသမီးကို သွားရောက်တောင်းပန်ခဲ့လေသည်။ အရက် အလွန်မူးသည့်အတွက် ထိုအဖြစ်မျိုး ကျွန်တော့်ဘဝတွင် တွေ့ခဲ့ပါသည်။ နောင် နှစ်ပေါင်းအတော်ကြာသောအခါ အသက် ၅၀ သို့ ကျွန်တော် ရောက်ခဲ့ပါသည်။ သဘောကောင်းသော အမျိုးသမီးကြီးက ကျွန်တော်ရှိသော တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးခန်းသို့ စာလေးတစ်စောင် ရေးပို့လိုက်သည်။ စာထဲတွင် “ဂျော့ရှ်…ဘယ်လို အခြေအနေ ရှိသလဲ” ဟူ၍ ဖြစ်သည်။

ကျွန်တော့်ဘဝသည် ဤကဲ့သို့ ဖြတ်သန်းခဲ့ရပါသည်။ လော်ရာက ကျွန်တော်တို့၏ တိုးတက်ပြောင်းလဲလာသော အခြေအနေကို သိသည်။ ပျော်စရာကောင်းအောင်လည်း နေထိုင်ခဲ့ကြသည်။ မိတ်ဆွေများနှင့်လည်း အဆင်ပြေပြေ ပေါင်းသင်းခဲ့ပါသည်။ လော်ရာက သူမအမြင်များကို ကျွန်တော့်အား ပြောရမည်ကို မကြောက်ပါ။ ထို့ပြင် ကျွန်တော့်ကိုလည်း မပြောဘဲနှင့်

နှုတ်ဆိတ်နေခြင်းမျိုးကိုလည်း မပြုပါ။ ကျွန်တော်က ကျွန်တော် လုပ်စရာရှိသည်များကို လုပ်ပါသည်။ အသက် ၄၀ အရွယ်တွင် ကျွန်တော့်အလုပ်နှင့် ကျွန်တော့်အင်အားကို သိခဲ့သည်။ မေတ္တာတရားမှရရှိသော ခွန်အားကိုလည်း သဘောပေါက်လာသည်။ ယုံကြည်ကိုးကွယ်မှုကိုလည်း နှစ်ပေါင်းများစွာ ကြာသောအခါ သဘောပေါက်လာသည်။

၁၉၈၆ ခုနှစ် ဘုရတ်မူးရ်၌ ရှိခဲ့သော ညမှစ၍ နောက်ထပ် အရက်တစ်စက်မှ ကျွန်တော် မသောက်တော့ပါ။ အရက်ကို ဖြတ်မှသာလျှင် ကျွန်တော့်အလုပ်ကို မှန်မှန်ကန်ကန် လုပ်နိုင်တော့မည်။ ထို့ကြောင့် အရက်ဖြတ်ဖို့ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ကျွန်တော်သည် ဤအတွေးများကို ယခင် တက္ကဆက် အုပ်ချုပ်ရေးမှူး အဖြစ်နှင့်သော် လည်းကောင်း၊ အမေရိကန် သမ္မတ အဖြစ်နှင့်သော် လည်းကောင်း ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ပါ။ ကျွန်တော့် အသိနှင့် ကျွန်တော် အရက်ဖြတ်မှ ဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော့်ကိုယ် ကျွန်တော် ငါဟာ အရက်သမားတစ်ယောက် ဖြစ်နေပြီလားဟု မေးခဲ့မိသည်။ ထိုအမေးကို ဟုတ်၊ မဟုတ် အသေအချာ ကျွန်တော် မဖြေနိုင်ခဲ့ပါ။ အရက်စွဲနေသူ တစ်ယောက် မဟုတ်မှန်းကိုကား ကျွန်တော် သိပါသည်။ အရက်ကို အများကြီး သောက်သည်။ ပြဿနာများ ရှာခဲ့သည်။ သို့သော် ကျွန်တော် အရက်စွဲနေသူကား မဟုတ်ပါ။ တချို့ အရက်သမားများမှာ ကျွန်တော့်လောက် ကံမကောင်းကြပါ။ တချို့က အရက်ဖြတ်နည်းယူပြီး ဖြတ်သည်ကို ကျွန်တော် သဘောကျသည်။

အမှန်တကယ်မူ ကျွန်တော်သည် ယုံကြည်မှုမရှိလျှင် အရက်ဖြတ်၍ မရကြောင်း သိရှိခဲ့ရသည်။ ကျွန်တော် အရက်ဖြတ်နိုင်ခြင်းမှာ ယုံကြည်မှု အခိုင်အမာ ရှိခြင်းကြောင့် ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်က ဘုရားသခင်ကို ယုံကြည်၏ ။ ကျွန်တော့် မျက်လုံးများကို ဖွင့်ပေးသည်။ အရက်သမားအဖြစ်

ရှိနေသည်ကို ဘုရားသခင်က ပိတ်ပစ်လိုက်သည်။ ကျွန်တော့်အဖို့ "အံ့ဩဖွယ်ရာ ကျက်သရေ" ဟူသော စကားလုံးများနှင့် အထူးဆက်သွယ်နေသည်ဟု ခံစားရသည်။ ကျွန်တော် အလွန် သဘောကျနှစ်ခြိုက်သော ဓမ္မတေးထဲမှ အပိုဒ်တစ်ပိုဒ် ရှိပါသည်။ ထိုသည်မှာ "တစ်ခါက ကျွန်ုပ် ဆုံးရှုံးခဲ့သည်။ သို့သော် ယခု ကျွန်ုပ် မြင်တွေ့ပြီ။ တစ်ခါက ကျွန်ုပ် အကန်း ဖြစ်ခဲ့သည်။ သို့သော် ယခု ကျွန်ုပ် မြင်နေရပြီ" ဟူ၏ ။

*